ခင်စောတင့်

သားမြေးတို့အတွက် မျှော်လင့်ချက်

ခင်စောတင့်

သားမြေးတို့အတွက် မျှော်လင့်ချက်

MOST THONE

2013

Friends စာအုပ်အမှတ် (၁)

သားမြေးတို့အတွက် မျှော်လင့်ချက်

ခင်စောတင့်

Friends Publishing House
အမှတ် -၅၂၊ တတိယလွှာ၊ ကျွန်းတောလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

အိပ်မက်ရိပ်စာပေမှ ဖြန့်ချိသည်။ ဖုန်း-၀၉-၄၂၀၀၇၃၈၃၉

Friends Publishing House

ပထမအကြိမ်

ဇန်နဝါရီလ၊ ၂၀၁၄ ခုနှစ်။

တန်ဖိုး

၁၅၀၀ ကျပ်

အုပ်ရေ

၁၀၀၀

ထုတ်ဝေသူ

ဦးသန်းဆွေ (Unity စာပေ)

အမှတ်-၅၊ ရတနာသီဃံလမ်း၊

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်

ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်

အမှတ်-၈၊ အိမ်ကြီးလမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - မုတ်သုန်

ခင်စောတင့် ၈၉၅-၈၄

သားမြေးတို့အတွက် မျှော်လင့်ချက်/ ခင်စောတင့်။

- ရန်ကုန်။

Unity စာပေ၊ ၂၀၁၄။

၁၁၉-စာ၊ ၁၂.၅ × ၁၈.၅ စင်တီ

(၁) သားမြေးတို့အတွက် မျှော်လင့်ချက်

မာတိကာ

စီစဉ်ထုတ်ဝေသူ၏ အမှာစကား

Friends ဖြစ်လာဖို့ ကနဦး စိတ်ကူးစိတ်သန်းနှင့် စာပေနယ်ကို ထုတ်ဝေသူအဖြစ် ဝင်ရောက်လာနိုင်ဖို့ အစစအရာရာ လက်တွဲခေါ်ယူ ကူညီပံ့ပိုးပေးပါသော ကဗျာဆရာ ကိုရွှေးကို အထူး ကျေးဇူးတင်ရှိပါသည်။

Friends စာအုပ်တိုက်၏ ပထမဆုံး စာအုပ်အဖြစ် မှတ်မှတ်ရရ ထုတ်ဝေခွင့်ပေးပါသော ဆရာမကြီး (ဒေါ်)ခင်စောတင့်အားလည်း အထူး ကျေးဇူးတင်ရှိပါသည်။

ထို့အတူ စာပေအရိပ် အသိုက်အမြုံတစ်ခုအဖြစ် မျက်လုံးရည်ဝ၊ နားရည်ဝစေသော ကြာသပတေး စာပေဝိုင်းအားလည်း ကျေးဇူးတင်ရှိပါကြောင်း။

ကိုရွှေကို၊ ကိုလှမင်းချစ်
Friends စာပေတိုက်

မျှော်လင့်ချက်များ

မျှော်လင့်ချက်များ ထားရှိခြင်း

မျှော်လင့်ချက်များ ထားရှိခြင်း ဥပဒေသဆိုတာ မိမိတို့က ယုံကြည်ချက်နဲ့ မျှော်လင့်ချက်တွေ ပြီးပြည့်မီလာတဲ့ အခြေအနေမှာ ရရှိလာတဲ့ စွမ်းအားကြီးတဲ့ သဘောထားအမြင်ပဲ ဖြစ်ပါတယ်။ အဆင့်မြင့်မြင့် အောင်မြင်မှုကို ရရှိထားတဲ့သူတွေက သူတို့အောင်မြင်တာက လုပ်ဆောင်ချက်တွေဟာ အောင်မြင်မယ်လို့ မျှော်လင့်ခဲ့လို့ပါလို့ ပြောလေ့ရှိကြပါတယ်။ မျှော်လင့်ချက်တွေက တခြားသူတွေနဲ့ ဆက်ဆံရေးတွေမှာ သက်ရောက်မှုရှိသလို မိမိတို့အပေါ်မှာလည်း သက်ရောက်မှု ရှိပါတယ်။ အရေးကြီးတာက မိမိကိုယ်ကိုမိမိ ယုံကြည်မှုရှိဖို့ပဲ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ဘဝမှာ ဘယ်လိုမျှော်လင့်ချက်တွေ ထားရှိပြီး ဘယ်လို အကျိုးသက်ရောက်မှုတွေ ရရှိခဲ့ပါသလဲ။ ပထမဦးဆုံးတော့ မိဘတွေက ကျွန်မတို့အပေါ်မှာ ထားရှိခဲ့ကြတဲ့ မျှော်လင့်ချက်တွေကို ပြောရမှာ ဖြစ်ပါတယ်။ ပညာတတ်တွေ ဖြစ်စေချင်တယ်။ ယဉ်ကျေးလိမ္မာသူတွေ ဖြစ်စေချင်တယ်။ တင့်တင့်တယ်တယ် နေနိုင်သူတွေ ဖြစ်စေချင်တယ်။ မိဘကို လုပ်ကျွေးပြုစုမယ့် သားသမီးတွေ ဖြစ်စေချင်တာလည်း ပါဝင်ပါတယ်။ အဲဒီ မျှော်လင့်ချက်တွေက အခုအခါ ကျွန်မတို့ ဘယ်လို ပြုမူနေထိုင်ကြသလဲဆိုတဲ့အပေါ်မှာ သိသာထင်ရှားစွာ သက်ရောက်မှုတွေ ရှိလာပါတယ်။ နောက်တစ်ခါ ကျွန်မတို့ရဲ့ သားသမီးတွေ ဘဝဖော်မွမ်နဲ့ လက်အောက်

ငယ်သားတွေအပေါ်မှာ ထားရှိတဲ့ ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေပါပဲ။ ကျွန်မတို့ကို ချစ်ခင်လေးစားတဲ့သူတွေက ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားကြပါတယ်။ ဘဝ အခြေအနေတွေအရ အကောင်းဘက်ကို ရောက်နိုင်သလို အဆိုးဘက်ကိုလည်း ရောက်သွားနိုင်ပါတယ်။

အရေးအကြီးဆုံးကတော့ ကျွန်မတို့အပေါ်မှာ ကျွန်မတို့ ထားရှိတဲ့ မျှော်လင့်ခြင်းတွေပါပဲ။ ဆရာဝန်ကြီးဖြစ်ဖို့ မျှော်လင့်ပေမယ့် ဖြစ်ချင်မှ ဖြစ်လာမှာပါ။ ကျွန်မတို့ရဲ့ မျှော်လင့်ထားရှိခြင်းတွေက မြင့်ချင်မြင့်မယ်၊ နိမ့်ချင်နိမ့်မယ်၊ ကောင်းတာ ဖြစ်ချင်ဖြစ်ပြီး ဆိုးတာလည်း ဖြစ်ချင်ဖြစ်မှာပါပဲ။ ကျွန်မတို့ရဲ့ ဘဝ အရည်အသွေးတွေကို တိုးတက်ဖွံ့ဖြိုးလာစေဖို့ကတော့ ကျွန်မတို့ရဲ့ စိတ်နေသဘောထားတွေကို ထိန်းချုပ်ပဲ့ကိုင်ပြီး အနာဂတ်မှာ မျှော်လင့်ထားတာတွေကို တစ်သမတ်တည်းသော ယုံကြည်မှုတွေနဲ့ တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ လမ်းခွဲတွေမှာ ယိမ်းယိုင်သွားမယ်ဆိုရင်တော့ မျှော်လင့်ချက်တွေအတိုင်း ဖြစ်မလာနိုင်တော့ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို 'သမ္မတ ဖြစ်ချင်သလား' လို့ မေးတော့ 'ဖြစ်ချင်တယ်၊ ဒါမှ လုပ်ပိုင်ခွင့်တွေ ရလာမှာ' လို့ ဖြေပါတယ်။ မေးတဲ့ သူက တခြား နိုင်ငံခေါင်းဆောင်တွေကို သမ္မတ ဖြစ်ချင်သလား၊ ဝန်ကြီးချုပ် ဖြစ်ချင်သလားလို့ မေးတဲ့အခါ မဖြစ်ချင်ပါဘူးလို့သာ ဖြေကြတယ်လို့ ပြောတော့ ဒေါ်အောင်ဆန်းစုကြည်က 'ဒါကို ယုံသလား' လို့ ပြန်မေးပါတယ်။ 'မယုံပါဘူး' လို့ ဆိုတော့ 'အင်းလေ ကျွန်မက ညာမပြောဘူးလေ၊ ကျွန်မ မျှော်လင့်ထားတာ၊ ဖြစ်ချင်တာကို အမှန်အတိုင်း ဖြေတာပဲ' လို့ ပြောပါတယ်။ သူ့သဘောထားက တစ်သမတ်တည်းဆိုတာ ပေါ်လွင်ပါတယ်။ အောင်မြင်ခြင်းကို ရရှိဖို့ ယုံကြည်မှုအပြည့်ရှိတဲ့ စိတ်သဘောထားက လုံးဝကို မရှိမဖြစ် လိုအပ်ပါတယ်။ စိတ်သဘောထားဆိုတာ ရလဒ်ကောင်းကို မျှော်လင့်ခြင်းတွေကနေ ပေါ်ထွက်လာတာပါ။ ကျွန်မတို့က အရာရာဟာ မျှော်လင့်ထားသလို ဖြစ်လာမယ်လို့ မှန်းထားရင်

ဒါဟာ အကောင်းမြင်သဘောထား ရှိတာပါပဲ။ အကောင်းဆုံး ဖြစ်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေကို အလေ့အကျင့် လုပ်ထားမယ်ဆိုရင် အောင်မြင်တဲ့ဘဝကို ရဖို့ သော့ချက်ပါပဲ။ ဖြစ်လာမှာ မဟုတ်ပါဘူးလို့ မျှော်လင့်ထားနေမယ်ဆိုရင် ဒါဟာ အဆိုးမြင်သဘောထားပဲ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ မျှော်လင့်ချက်တွေက ဘယ်ကနေ ပေါက်ဖွားလာကြပါသလဲ၊ ကျွန်မတို့ကိုယ် ကျွန်မတို့နဲ့ ပတ်ဝန်းကျင် ကမ္ဘာကြီးကြောင့် ရရှိလာတဲ့ အခြေခံကျတဲ့ ယုံကြည်မှုတွေက ပေါက်ဖွားလာပါတယ်။ အဲဒီ ယုံကြည်မှုတွေက ကျွန်မတို့ရဲ့ အမြင် သဘောထားအပေါ်မှာ အခြေခံပါတယ်။ အမြင်တွေ၊ အတွေးအခေါ်တွေ၊ အတွေ့အကြုံတွေက ဘဝတစ်လျှောက်လုံးမှာ စုပေါင်းပြီး ပေါ်ထွက်လာတာပါ။ ကျွန်မတို့ရဲ့ အမြင်သဘောထားနဲ့ ကိုက်ညီတဲ့ အပြုအမူ အနေအထိုင်နဲ့ ရှင်သန်လှုပ်ရှားလာခဲ့ကြတာ ဖြစ်ပါတယ်။

ကျွန်မတို့ကိုယ်တိုင် တည်ဆောက်လို့ရလာတဲ့ သဘောထား အယူအဆထဲမှာ အခြေခံကျတဲ့ အကြောင်းအချက်တွေ ပါရှိပါတယ်။ စံပြထားစရာ ပုဂ္ဂိုလ်တွေပါပဲ။ လူတိုင်းမှာ စံပြထားရတဲ့သူတွေရဲ့ ပုံရိပ်တွေ၊ ခံစားမှုတွေ၊ အတွေးအခေါ်တွေ ထင်ဟပ်နေတတ်ပါတယ်။ အများအားဖြင့်တော့ ကျွန်မတို့ လေးစားအားကျရတဲ့ သူတွေရဲ့ ကောင်းတဲ့ လက္ခဏာတွေကို ပေါင်းစပ် စုစည်းထားလေ့ ရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းလို ရိုးသားဖြောင့်မတ်ချင်တယ်၊ ဒေါက်တာထင်အောင်လို ဉာဏ်ပညာကြီးချင်တယ်၊ ယောဆရာတော်ဘုရားကြီးလို ကြည်ညိုစရာ စိတ်ထားမျိုး ထားရှိလိုတယ်၊ ဂျာနယ်ကျော်မမလေးလို စာရေးကောင်းချင်တယ်။ ကျွန်မတို့က စံပြပုဂ္ဂိုလ်တွေလို နေထိုင်နိုင်အောင် အပြုအမူ အနေအထိုင်တွေ၊ စကားလုံးတွေကို ထိန်းညှိပြီး နေကြပါတယ်။

နောက်တစ်ချက်က ကျွန်မတို့ရဲ့ ကိုယ်ပိုင်ပုံရိပ်တွေ ဖြစ်ပါတယ်။ ကျွန်မတို့ကိုယ် ကျွန်မတို့ မြင်နည်း၊ တွေးနည်းတွေပါပဲ။ အတွင်းပုံရိပ်လို့ ခေါ်မယ်ထင်ပါတယ်။ ဒီလို ပုံရိပ်နဲ့အညီ လမ်းလျှောက်မယ်၊ စကားပြော

မယ်၊ နေထိုင်မယ်၊ တွေးမယ်၊ တခြားသူတွေနဲ့ လိုက်လျောညီထွေရှိအောင် နေမယ် စသည်ဖြင့်ပါပဲ။ ပြင်ပ လူပ်ရှားမှုတွေကို ပြောင်းလဲပစ်ချင်ရင်တော့ အတွင်းပုံရိပ်ကို ပြောင်းပစ်ရမှာ ဖြစ်ပါတယ်။ စိတ်တည်ငြိမ်မှုရအောင် အလေ့အကျင့်တွေ လုပ်နိုင်မယ်ဆိုရင်တော့ ကိုယ်ပိုင်ပုံရိပ်အစစ်ဖြစ်တဲ့ အေးငြိမ်းမှုကို ရလာမှာ အမှန်ပါပဲ။

နောက်တစ်ချက်ကတော့ ကျွန်မတို့ကိုယ် ကျွန်မတို့ လေးစားသမှု ရှိခြင်းပါပဲ။ ဒါဟာ လူသားတို့ဘဝမှာ အရေးအကြီးဆုံးအချက်ပဲ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လေးစားတဲ့သူဟာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နှစ်သိမ့် နိုင်ပါတယ်။ ဒီအရည်အသွေးက ကျွန်မတို့ရဲ့ သဘောထား အမြင်ရဲ့ အရင်းအမြစ်ဖြစ်ပြီး လူသားပင်ကိုစရိုက်ရဲ့ အချက်အချာလည်း ဖြစ်ပါတယ်။ မိမိတို့ကိုယ်ကို မိမိ အကျိုးသက်ရောက်မှုရှိတဲ့အဆင့်ကို ရောက်ရှိအောင် စွမ်းဆောင်နိုင်တဲ့ တန်ဖိုးကြီးလူသားတွေလို ရိုးရိုးသားသား လက်ခံနိုင်ပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပြီး ချစ်ခင်လာတော့မှာ ဖြစ်ပါတယ်။ တကယ်တော့ ကိုယ့်ကိုယ်ကိုယ် မချစ်တဲ့လူဆိုတာ မရှိပါဘူး။ ကိုယ့်ကိုယ်ကိုယ် ချစ်နိုင်မှသာ တခြားသူတွေကိုလည်း တန်ဖိုးထားပြီး ချစ်နိုင်ကြမှာ မဟုတ်ပါလားရှင်။

"မိမိကိုယ်ကို မိမိ ယုံကြည်မှုရှိလာရန် ပျိုးထောင်သည့်နည်းလမ်းမှာ မိမိကြောက်ရွံ့သောအရာများကို လုပ်ဆောင်ပြီး အောင်မြင်သော အတွေ့အကြုံများ၏ မှတ်တမ်းကို ထားရှိခဲ့ဖို့ ဖြစ်သည်"

(William Jenmings Bryan)

အတွေးအမြင်၊ ဩဂုတ်လ၊ ၂၀၁၃။

❑

မိဘတို့ စိတ်မအေးရသော သားသမီး ပညာရေး

ကျောင်းဖွင့်ချိန် ရောက်လာတဲ့အခါ သားသမီးများ ပညာရေး အတွက် မိဘတွေ ရတက်မအေးကြရဘဲ ပြည့်ပြည့်စုံစုံ ကျောင်းတက်နိုင်ရေးကို ကြိုးပမ်းကြရပါတော့တယ်။ လစာနည်း ဝန်ထမ်းများ၊ လက်လုပ်လက်စားများနဲ့ သားသမီးများသူများအနေနဲ့ အခက်အခဲများစွာနဲ့ ကြုံကြရပါတယ်။ ကျောင်းမထားနိုင်တဲ့ မိဘများက သားသမီးများကို အလုပ်လုပ်စေရပါတယ်။ ဒါကြောင့် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာ ကျောင်းနေရမယ့် အရွယ်လေးတွေ အများအပြား တွေ့နေရတာ ဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင် ကူညီနေကြတဲ့ ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းတွေ၊ ပညာဒါနကျောင်းတွေနဲ့ ကျောင်းစရိတ်တွေ ထောက်ပံ့နေကြတဲ့ ပညာရေး ဖောင်ဒေးရှင်းတွေ ရှိနေပေမယ့် ဝန်နဲ့အား မမျှတတဲ့အတွက် ကျောင်းမနေနိုင်တဲ့ ကလေးတွေ များနေဆဲပါ။ ကျောင်းထားနိုင်ပေမယ့် မယူဘဲ နေလို့မရတဲ့ ကျူရှင်စရိတ်တွေက မိဘတွေအပေါ်မှာ ဝိုနေကြပြန်ပါတယ်။ အတန်းကြီးလာတဲ့အခါမှာ ဘာသာစုံ ဝိုင်းကျူရှင်၊ အရင်ကမကြားဖူးတဲ့ ဂိုက်-Guide စတာတွေနဲ့ ကူကြရပြန်ပါတယ်။

ကျွန်မတို့ခေတ် ပညာရေး၊ သားသမီးတွေရဲ့ခေတ် ပညာရေး၊ မြေးတွေခေတ်ရဲ့ ပညာရေးတွေကို စဉ်းစားမိသွားပါတယ်။ ခေတ်တွေလည်း ပြောင်းခဲ့ပြီ၊ စနစ်တွေလည်း မတူညီကြတော့ပြီ။ ငွေရေးကြေးရေးနဲ့ ကုန်ဈေးနှုန်းတွေလည်း အဆ ၁၀၀၊ အဆ ၁၀၀၀ မြင့်မားခဲ့ပေပြီပဲ။

ကျွန်မတို့ခေတ်မှာ သာသနာပြုကျောင်းတွေ၊ Private ကျောင်းတွေနဲ့ အစိုးရကျောင်း၊ အမျိုးသားကျောင်းတွေမှာ ကြိုက်ရာ တက်ရောက်ပညာသင်နိုင်ခဲ့ကြတယ်။ ကုန်ကျစရိတ်တွေကိုလည်း မိဘများက တတ်နိုင်ကြပါတယ်။ ကျွန်မတို့ မောင်နှမက St. John's နဲ့ St. Paul's ကျောင်းမှာ နေခဲ့ကြသလို ညီမတွေက English, Methadist (ယခု ဒဂုံ-၁) မှာ နေခဲ့ကြပါတယ်။ ဒေါ်သာထက်လှကျောင်း၊ ဆရာဒေါ်ဆင်ကျောင်း၊ မြင့်မေတ္တာ၊ နန်ယန် စတဲ့ Private ကျောင်းတွေလည်း နာမည်ကြီးပါတယ်။ ကျူရှင်ဆိုတာလည်း မရှိပါဘူး။ ကျောင်းမှန်မှန်တက် စာမှန်မှန်ကျက်ရင် အောင်တာပါပဲ။ တက္ကသိုလ်မှာ အမှတ်နဲ့ မခွဲပါဘူး။ ဝါသနာပါတဲ့ ဘာသာကို သင်ယူကြပါတယ်။ မလိုက်နိုင်ရင် ပြန်ပြောင်းဖို့ အချိန်ပေးထားပါတယ်။ သုံးခါကျရင်တော့ ကျောင်းထွက်ရပါတယ်။

သားသမီးတွေခေတ်မှာတော့ သမီးများကို ခေတ်ကောင်းမီလိုက်တဲ့အတွက် စိန့်ဖီလိုမိနာ (ယခု အထက-၂၊ စမ်းချောင်း) မှာ ပညာသင်စေခဲ့တယ်။ သားတွေ လက်ထက်မှာ ကျောင်းတွေ ပြည်သူပိုင်သိမ်းလိုက်တဲ့အတွက် အထက-၆ ဗိုလ်တထောင် (ယခင် စိန်ပေါလ်) မှာ နေခဲ့ကြပါတယ်။ ကျူရှင်တွေ ရှိလာပါပြီ။ အင်္ဂလိပ်စာ ဦးနေအုပ် (စိန်ပေါလ်)၊ မြန်မာစာ ဦးသိန်းနိုင်၊ သချိုာ ဦးသာ၊ ရူပဗေဒ ဦးအောင်ဖေညွန့်တို့ နာမည်ကြီးပါတယ်။ မလိုက်နိုင်တဲ့ ဘာသာကိုပဲ ကျူရှင် ယူကြပါတယ်။

မြေးတွေခေတ်မှာတော့ ဝိုင်းကျူရှင်တွေ ရှိလာပါပြီ။ အမှတ်များများရပြီး ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်တွေ ဝင်နိုင်ဖို့ ကြိုးစားကြရပါတယ်။ ကျွန်မရဲ့ မြေးတွေအကြောင်းကို ပြောရရင် မြေး အကြီးသုံးယောက်က အထက ကျောင်းတွေက တက္ကသိုလ်ဝင်တန်းအောင်ကြပြီး အကြီးဆုံးက US မှာ Computer Science နဲ့ ဘွဲ့ရတယ်။ အလတ်မြေးမက ရန်ကုန်ဆေးတက္ကသိုလ်က ဆရာဝန်ဘွဲ့ရပြီး အခုအခါမှာ Australia က ဆေးရုံတစ်ခုမှာ အလုပ် ရသွားပါပြီ။ အငယ်ဆုံးသားက တက္ကသိုလ်ဝင်တန်းအောင်ပြီး စင်ကာပူမှာ ကျောင်းသွားနေပြီး အခုအခါ

မှာ ဘွဲ့ရပြီး အလုပ်ရှာနေပါတယ်။ သူတို့ဖခင်လည်း သဘော်အင်ဂျင်နီယာ အလုပ်နဲ့ သားသမီးတွေကို ငွေတွေ အများကြီး အကုန်ခံပြီး ပညာသင်ပေးခဲ့ရရှာပါတယ်။

နောက်ပိုင်း (၈၈ နောက်ပိုင်း) မှာ နိုင်ငံခြားက လာဖွင့်တဲ့ကျောင်းတွေ ရှိလာပါတယ်။ မြေး အငယ်တွေက ဒီလိုကျောင်းတွေမှာ တက်ခွင့်ရသွားပါတယ်။ အဆင့်အတန်းမြင့်မြင့် တတ်မြောက်ကြပေမယ့် မြန်မာစာတော့ အားနည်းသွားကြပါတယ်။ သမီးအလတ်ရဲ့ သားနှစ်ယောက်မှာ အကြီးက International School က ၁၂ တန်း အောင်ပြီး US Boston က North Eastern တက္ကသိုလ်မှာ ပညာသွားသင်နေပါတယ်။ အငယ်ကတော့ YIS ကျောင်းမှာ Ten Grade ရောက်ပါပြီ။ သူတို့ရဲ့ဖခင်က ကိုယ်ပိုင်ကုမ္ပဏီ တည်ထောင်ထားလို့ သားတွေ ပညာရေးအတွက် တတ်နိုင်ပါတယ်။ ကျွန်မရဲ့ သားနှစ်ယောက်က သားသမီးတစ်ယောက်စီပဲ ရှိကြပြီး လစာကောင်းတဲ့ သဘော်ဘော် Captain တွေဖြစ်လို့ သူတို့သားသမီးတွေ ပညာရေးအတွက် မပူပင်ကြရပါဘူး။ မြေးမလေးက Australia မှာ Ten Grade ကစပြီး ပညာသွားသင်နေပါတယ်။ မြေး အငယ်ဆုံး ၁၁ နှစ်သားကတော့ YA (Yangon Academy) မှာ Grade 5 ရောက်နေပါပြီ။ သူတို့အားလုံး ပညာထူးချွန်ကြတဲ့အတွက် မိဘများ ငွေကုန်ရကျိုးနပ်ပါတယ်။ သူတို့ခေတ်နဲ့သူတို့ ဖြစ်လာကြပါတယ်။ ကျွန်မတို့ခေတ်နဲ့တော့ အများကြီး ကွာခြားသွားပါပြီ။

ကျွန်မတို့ တိုင်းပြည် ပညာရေးက ကမ္ဘာ့အဆင့်မီအောင် အတော်ကိုကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။ ပညာရေး အဆင့်အတန်းမြင့်မှ အတွေးအခေါ်တွေ ယဉ်ကျေးမှု အခြေခံတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။

ကျွန်မရဲ့ သားမက်က သူ့ရဲ့သား တက္ကသိုလ်တက်ဖို့ Boston အထိ လိုက်ပို့ပြီး စီစဉ်ပေးခဲ့ပါတယ်။ ကျွန်မမြေးရဲ့ ဝါသနာက ဂီတဖြစ်လို့ တက္ကသိုလ်မှာ Music Production ဘာသာကို ယူပါတယ်။ အားလုံးထဲမှာ ထိုးထွက်သွားတဲ့သူပါပဲ။ ဝါသနာပါတာကို သင်ယူရတော့ ထူးချွန်

မယ်လို့ မျှော်လင့်ရပါတယ်။ ဒီကလေးမျိုးကိုတော့ အားပေးရမှာပါပဲ။ NU တက္ကသိုလ်က ကျောင်းသားရဲ့ ဖခင်ကို T-Shirt လက်ဆောင်ပေးပါတယ်။ ရှေ့ခြမ်းနဲ့ နောက်ခြမ်းမှာပါတဲ့ စာတွေက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ရှေ့ခြမ်းမှာ "ကျွန်တော့်သားနဲ့ ကျွန်တော့်ဌေးတွေကတော့ North Eastern တက္ကသိုလ်ထဲကို ဝင်သွားပြီ" နောက်ခြမ်းမှာတော့ "ကျွန်တော့်သား NU ကို တက်ရောက်ရတဲ့ အကြောင်းရင်းများ-သူ တစ်ခုခု တတ်မြောက်လာမယ်ထင်လို့၊ အိမ်မှာ အဝတ်လျှော်ရတာ သက်သာသွားလို့၊ ကျွန်တော့်ကားကို ပြန်လိုချင်လို့၊ Harvard ကို မီဖို့ သူ အမှတ်မရလို့၊ အိမ်နီးချင်းတွေကို ကြွားချင်လို့၊ ကျွန်တော့်ဌေးတွေကို ဒီထက်ကောင်းတဲ့ နေရာမှာ သုံးဖို့ မစဉ်းစားတတ်လို့၊ သူ ဘာလုပ်နေတယ်ဆိုတာကို လိုက်ကြည့်စရာ မလိုလို့"

ဒီ T-Shirt ဝတ်ထားတဲ့ သူဟာ တက္ကသိုလ်ကျောင်းသားရဲ့ ဖခင်ဆိုတာကို သိပြီး အမှန်တွေဖြစ်တဲ့အပြင် ဟာသဆန်တဲ့ စာတန်းတွေကို ဖတ်ပြီး ပြုံးရင်း ကျောင်းသားရဲ့ ဖခင်ကို ကိုယ်ချင်းစာကြည့်သွားကြမယ်ထင်ပါတယ်။ သားသမီးတွေကို အထက်တန်းကျောင်းကနေ တက္ကသိုလ်ကို ပို့ပြီး ဘွဲ့ရတဲ့အထိ ပညာသင်ပေးဖို့ အားတင်းထားကြပါလို့ ဒီလို တာဝန်တွေ မရှိတော့တဲ့ အဘွားအရွယ်ရောက်နေတဲ့ စာရေးသူက အားပေးလိုက်ပါတယ်။ Carry On မိဘများ။

ဈေးကွက်ကျာနယ်၊ (၁) ရက်၊ သြဂုတ်လ၊ ၂၀၁၃။

❑

မိမိကိုယ်ကို အကဲဖြတ်ခြင်း

ကျွန်မက သမီးတို့ခေတ်ကျာနယ်မှာ လူငယ်တွေအတွက် ဗဟုသုတ ရဖွယ်၊ မှတ်သားဖွယ်တွေကို ကိုယ်တွေ့အဖြစ်လေးတွေထည့်ပြီး ဆောင်းပါး တွေ ရေးခဲ့ပါတယ်။ နယ်မြို့က တူမလေးတစ်ယောက်က 'ရည်မှန်းချက် မှန်ကန်ပါစေ' ဆိုတဲ့ ဆောင်းပါးကို ဖတ်ပြီး သူ စဉ်းစားထားတဲ့ မေးခွန်း လေးတွေ စာရေးပြီး မေးလာပါတယ်။ သူက မူလတန်းကြိုကျောင်းလေး ဖွင့်ထားပါတယ်။ ဒါပေမဲ့ အောင်မြင်သင့်သလောက် မအောင်မြင်လို့လား၊ တခြား အကြောင်းအရာတွေ ရှိနေလို့လား မသိပါ။ မပျော်ရွှင်နိုင်ဘဲ စိတ်ဓာတ်တွေကျပြီး Depression ရနေပါတယ်။ ကျွန်မရဲ့ စာတွေ ဖတ်ရတော့ သက်သာရာရပါတယ်တဲ့။ သူ မေးထားတာတွေက တွေးစရာ တွေပါပဲ။

တချို့လူတွေက ဘာကြောင့် တခြားလူတွေထက် ဘဝမှာ အောင်မြင် ကြသလဲ၊ တချို့က ဘာကြောင့် ပိုက်ဆံပိုရှိပြီး မိတ်ဆွေတွေလည်း ပိုပြီး များကြသလဲ၊ သူတို့က ကျွန်းမာရေး ကောင်းကြပြီး တခြားသူတွေထက် ဘဝကို ပိုပြီး ကျေနပ်ကြတယ်။ ဘဝမှာ ကိုယ် တကယ် လိုချင်တာကို ရယူနိုင်ဖို့ ဘာတွေ လိုအပ်ပါသလဲလို့ မေးပါတယ်။

ဘဝအဆက်ဆက်က အကြောင်းဆက်တွေကြောင့် လူတွေ ကွဲပြား ခြားနားသွားတာပါ။ ကံ-ကံ၏ အကျိုးတရားကြောင့် မတူညီကြတာပါလို့

ဗုဒ္ဓဘာသာတရားအရ ပြောရပါမယ်။ ဒါပေမဲ့ ငါ့ကံက ဒီလောက်ပဲ ပါတာဖြစ်လို့ ဒီထက်ပိုကောင်းလာမှာ မဟုတ်တော့ပါဘူးလို့ စိတ်လျှော့ပြီး ဘဝကို အရှုံးပေးလိုက်ဖို့ မဟုတ်ပါဘူး။

ပြည့်စုံအောင်မြင်ခြင်းဆိုတာကို စိတ်ဖြာပြီး လေ့လာကြည့်မယ်ဆိုရင် အခြေခံလိုအပ်ချက်ကတော့ စိတ်ရဲ့ အေးချမ်းခြင်း ပါပဲ။ အကြောက်တရား၊ ဒေါသနဲ့ အပြစ်တို့ ကင်းစင်ရင် အေးချမ်းပါလိမ့်မယ်။ နောက်ပြီး ကျွန်းမာရေး ကောင်းဖို့နဲ့ စိတ်အင်အားလည်း ပြည့်စုံရမှာပါပဲ။ ဒီအချက်နှစ်ချက်နဲ့ မပြည့်စုံရင် ဘဝက ကျေနပ်ဖွယ် ဖြစ်နိုင်ခြေ နည်းပါလိမ့်မယ်။ တချို့က စိတ်ဓာတ်အင်အားကိုက အားပျော့ကြပါတယ်။ အခက်အခဲ တစ်ခုခုနဲ့ ကြုံလာရင် ဖြစ်လာတော့မှာ မဟုတ်ပါဘူးလို့ စိတ်လျှော့ပစ်လိုက်ပြီး ပုံကျ သွားတတ်ပါတယ်။ တချို့ကလည်း မရှိတဲ့ ရောဂါရော၊ နည်းနည်း ဖြစ်စ ပြုနေတဲ့ ရောဂါကိုပါ ပုံကြီးချဲ့ပြီး စိတ်ဓာတ်အင်အား လျော့နေတတ်ကြ တယ်။ ရောဂါထဲမှာ စိတ်ရောက်နေရင် ဘယ်လိုမှ စိတ်အေးချမ်းတော့မှာ မဟုတ်ပါဘူး။ ကျွန်မကို ခရီးတွေ သွားနိုင်လိုက်တာ၊ စာတွေ ရေးနိုင် လိုက်တာလို့ ပြောကြပါတယ်။ ခန္ဓာကိုယ်ကတော့ မနာတဲ့နေရာ မရှိပါဘူး။ လူအိုပေမယ့် စိတ်အိုအောင် မနေလို့ပါပဲလို့ လွယ်လွယ်ပဲ ပြောပါရစေ။ မမြြတဲ့တရားသဘောကိုတော့ အစဉ်နှလုံးသွင်း ထားပါတယ်။ တရားနဲ့နေမှ စိတ်အေးချမ်းသာ ရှိပါတယ်။

အောင်မြင်ဖို့ နောက်တစ်ကြောင်းက ပေါင်းသင်းဆက်ဆံရေးပါပဲ။ တခြားသူတွေနဲ့ ကာလရှည်ကြာသော၊ ရင်းနှီးချစ်ခင် ပွင့်လင်းသော၊ ရင့်ကျက်သော ဆက်ဆံရေးတွေ လိုအပ်ပါတယ်။ ပြီးတော့ မျှမျှတတ သုံးခွင့်ရှိတဲ့ ငွေကြေး လွတ်လပ်မှုလေးလည်း ရှိရပါမယ်။ လှူချင်တာ လှူနိုင်ဖို့၊ စားချင်တာ စားနိုင်ဖို့၊ ဆေးဝါးလိုအပ်ချက် ဖြည့်ဆည်းနိုင်ဖို့ ငွေ လုံလုံလောက်လောက် ရှိမယ်ဆိုရင် ဘဝမှာ နေပျော်မှာပါ။ နောက် တစ်ချက်က တန်ဖိုးရှိတဲ့ ရည်မှန်းချက်နဲ့ စံပြုစရာ ပုဂ္ဂိုလ်များလည်း ရှိရ ပါမယ်။ ဒါဟာ လူသားတစ်ယောက်ရဲ့ အကြီးမားဆုံး လိုအပ်ချက်ပဲ

မဟုတ်ပါလား။ နောက်တစ်ခုက လူသားတစ်ယောက် ပီပီသသ ဖြစ်ပြီလို့ မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချနိုင်ဖို့ပဲ ဖြစ်ပါတယ်။

ဒီလို အခြေခံတရားတွေကို နားလည်သဘောပေါက်ပြီဆိုရင် ကျန်ရှိတဲ့ သက်တမ်းတစ်လျှောက်မှာ လက်ရှိအဆင့်ထက် မြင့်တဲ့ အဆင့်တွေကို ကြိုးပမ်းရယူဖို့ပဲ ရှိပါတော့တယ်။ စိတ်ဓာတ်ကျနေဖို့၊ တွေဝေနေဖို့၊ လက်လျှော့နေဖို့ စိတ်ကူးတွေလည်း ဝင်လာတော့မှာ မဟုတ်ပါဘူး။ တချို့သောသူတွေက အပြင်လောကအကြောင်းကို မလေ့လာဘဲ အိမ်ထဲမှာပဲ နေကြတယ်။ သတင်းစာ၊ ဂျာနယ်၊ စာအုပ်တွေ မဖတ်ကြတဲ့အပြင် သတင်းလည်း နားမထောင်တတ်ကြပါဘူး။ ဘုရားတရားနဲ့ပဲ နေကြတယ်တဲ့။ တစ်ခုခုဖြစ်ပြီဆိုတာ ကြားရင်တော့ သိပ်ပြီး စိုးရိမ်ပူပန်တတ်ကြပါတယ်။ မီးလောင်မလား၊ သူခိုးတက်မလား ပူပင်ရ၊ သားသမီးတွေအတွက် လှမ်းပြီး ပူပင်ကြတာဆိုတော့ စိတ်အေးချမ်းနိုင်ဖို့ မလွယ်ပါဘူး။ ရောဂါတွေ ဖြစ်နေပြီလို့လည်း စွဲပြီး ပူပင်နေတတ်ကြပါတယ်။

စက်တွေကို လည်ပတ်နိုင်ဖို့ နည်းစနစ်တွေရှိသလို လူတွေလည်း ကိုယ့်ဘဝကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ပြီး ပတ်ဝန်းကျင်နဲ့ သဟဇာတရှိရှိ နေသွားနိုင်မယ်။ တခြားသူတွေနဲ့ ပေါင်းသင်းဆက်ဆံရေး မှန်ကန်တယ်ဆိုရင် ကိုယ့်ဘဝက ကျေနပ်စရာ ဖြစ်လာပါလိမ့်မယ်။

စိတ်ကို အရင်ထိန်းချုပ်နိုင်ရင် အကောင်းမြင်တတ်လာပါတယ်။ အရာရာဟာ သူ့ဘာသာသူ အလိုအလျောက် ဖြစ်နေတာပါပဲ။ ဖြစ်နေတာတွေကို မဖြစ်နဲ့လို့ ထိန်းချုပ်လို့မှ မရတာဘဲ ဆိုတဲ့သူတွေလည်း ရှိတာပါပဲ။ ဒါဟာ သူတို့မှာ ရေတိုရေရှည် ရည်မှန်းချက်တွေ ချမှတ်မထားကြလို့ ပါပဲ။ တစ်နည်းနည်းနဲ့ အဆင်ပြေသွားလိမ့်မယ်လို့ ထင်ထားပြီး ပေါ့ပေါ့ပါးပါး နေသွားကြမယ်ဆိုရင်တော့ အောင်မြင်မှုနဲ့ ဝေးကြရမှာပါပဲ။

ဒီလို သဘောထားထင်မြင်ချက်ရဲ့ ဆန့်ကျင်ဘက်ကတော့ အကြောင်းကြောင့် အကျိုးဖြစ်ခြင်း နိယာမပါပဲ။ မိမိတို့ဘဝရဲ့ အကျိုးဆက်တိုင်းမှာ အကြောင်းတစ်ခု ရှိပါတယ်။ ဒီအကြောင်းတရားတွေကို အကောင်းအဆိုး

ရွေးပြီး ထိန်းချုပ်လုပ်ဆောင်ဖို့ အရည်အချင်းဆိုတာ လူတိုင်းမှာ ရှိကြပါတယ်။ လိုသလို ပြုပြင်လုပ်ဆောင်လို့ ရပါတယ်။ အတွေ့တွေက ဘဝတွေရဲ့ အခြေအနေနဲ့ အကျိုးဆက်တွေအတွက် အဓိကကျတဲ့ အကြောင်းတွေကို ပုံဖော်ပါတယ်။ အနာဂတ်ဘဝအတွက် ကောင်းစေချင်ရင် ပစ္စုပ္ပန်ရဲ့ အတွေးတွေကို ပြောင်းလဲပစ်ရမှာ ဖြစ်ပါတယ်။ အကြောင်းကောင်းမှ အကျိုးကောင်းပါမယ်။

မိမိကိုယ်မိမိ အကဲဖြတ်နိုင်ဖို့ မေးခွန်းလေးများ မေးကြည့်လိုက်စေလိုပါတယ်။

၁။ ငါ့မှာ အေးချမ်းတဲ့စိတ် ရှိသလား။
၂။ ဌေအတွက် ပူပင်ပြီး အချိန်နဲ့ အင်အားကို ကုန်ဆုံးစေသလား။
၃။ ငါ့ဘဝကို ငါ ထိန်းချုပ်နိုင်သလား၊ လွတ်ထွက်နေသလား။
၄။ ငါ့မှာ စိတ်ဓာတ်အင်အားအပြည့်နဲ့ ကျန်းမာရေး ပြည့်စုံရဲ့လား။
၅။ ဘဝအတွက် ရည်မှန်းချက် ချမှတ်ထားသလား။
၆။ စွမ်းအင် အပြည့်ရဖို့ ဘယ်လို ကြိုးပမ်းရမယ်ဆိုတာ နားလည်ပြီလား။

အကောင်းမြင်သဘောထားတွေ တည်ဆောက်နိုင်ကြပါစေ။

တခြားသူများကို အနိုင် ယူနိုင်သူသည် အားကောင်းသူ ဖြစ်သည်။ မိမိကိုယ်ကို မိမိ အောင်နိုင်သူသည် ခွန်အားကြီးမားသူ ဖြစ်သည်။

(Lao-tzu)

ဧရားကွက်ဂျာနယ်၊ (၂၇) ရက်၊ ဇွန်လ၊ ၂၀၁၃။

ကိုယ်ပိုင်တဲ့ ကိုယ့်အချိန်

ဒီတစ်ပတ် ဒီလိုင်းထဲက ဒေါ်အောင်ဆန်းစုကြည်ရဲ့ 'ဒီစကား' ဆောင်းပါးထဲမှာ အလုပ်နားချိန်၊ အလုပ်အားချိန်တွေ မရတဲ့အတွက် ကိုယ့် အချိန်ကို ကိုယ်လုံးဝပိုင်တဲ့ နားချိန်၊ နားရက်များကို တောင့်တတဲ့အကြောင်း လေးကို ဖတ်ရပါတယ်။ ကိုယ်ပိုင်တဲ့အချိန်ဆိုတာ ကိုယ်လုပ်ချင်တာ လုပ်နိုင် မယ်။ ဘာမှမလုပ်ချင်ရင် မလုပ်ဘူးဆိုတဲ့ အချိန်မျိုးကို ဆိုလိုပါတယ်။

ဘယ်လိုနေရာမှာ တကယ် အလုပ်နားပိုင်ခွင့်ရမလဲလို့ ဒေါက်တာ တင်မာအောင်နဲ့ ဆွေးနွေးကြတော့ ဒေါ်အောင်ဆန်းစုကြည်က ကွန်ပျူတာ မရှိ၊ တယ်လီဖုန်းမရှိတဲ့ ကျွန်းလေးတစ်ကျွန်း၊ အဲဒီကျွန်းပေါ်မှာ အိမ်ကလေး တစ်လုံး ရှိမယ်၊ အိမ်ထဲမှာ စားရေးသောက်ရေး လွယ်ကူစေတဲ့ ပစ္စည်းတွေ ရှိမယ်၊ အိပ်ကောင်းမယ့် အိပ်ရာလေးတွေနဲ့ ထိုင်ကောင်းမယ့် ကုလားထိုင် လေးတွေ ရှိမယ်၊ ဖတ်ချင်တဲ့ စာအုပ်တွေ ပါလာမယ်၊ နားထောင်ချင်တဲ့ စီဒီခွေတွေ ပါလာမယ်၊ ရေဒီယိုတော့ လုံးဝ ယူမလာပါ။ နားအေးပါးအေး လမ်းလျှောက်လိုက်၊ စာဖတ်လိုက်၊ တရားထိုင်လိုက်၊ ပင်လယ်ပြင် ဟိုးဘက်က မိုးကုပ်စက်ပိုင်းကို ငေးလိုက်နဲ့ ဘယ်လောက် သာယာလိုက် မလဲလို့ စိတ်ကူးကြည့်ကြောင်း ရေးထားပါတယ်။

သူ့စိတ်ကူးလေး ကောင်းလိုက်တာလို့ တွေးမိပြီး နားခွင့်ရစေချင်တဲ့ စိတ်လည်း ဖြစ်သွားပါတယ်။ သူနေချင်တဲ့ နေရာလေးက ရိုးရိုးရှင်းရှင်း

ဖြစ်ပြီး သူ့ရဲ့ သဘာဝကို ချစ်တတ်ပြီး နှုးညံ့တဲ့ စိတ်ကလေးကလည်း ပေါ်လွင်ပါတယ်။

လူသဘာဝက တစ်နေရာတည်းမှာ အလုပ်တွေနဲ့ ပိနေပြီး စိတ်ဖိစီးမှု များလာမယ်။ နေ့စဉ် နေနေရတဲ့ နေရာမှာ ငြီးငွေ့လာမယ်။ ခရေစရိုက်ချင်း မတူညီတဲ့သူတွေနဲ့ အကြာကြီး စုနေမယ်ဆိုရင် အပြောင်းအလဲဖြစ်အောင် တစ်နေရာကို ထွက်သွားပြီး နားနေလိုက်မယ်ဆိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာ တတ်ကြပါတယ်။ ကိုယ်မလုပ်ချင်တာကို မလုပ်ဘူး၊ လုပ်ချင်တာလေးတွေ လုပ်နိုင်မယ့် ကိုယ်ပိုင်အချိန်လေးတွေ ရယူနိုင်မယ်ဆိုရင် စိတ်တွေ လန်းဆန်း သွားပါလိမ့်မယ်။ လူတိုင်းအတွက် လိုအပ်တဲ့ အချိန်လေးတွေပါပဲ။

လွန်ခဲ့တဲ့ သုံးနှစ်က ရန်ကုန်မှာ သိပ်ပူတဲ့အတွက် ငယ်သူငယ်ချင်း တစ်ယောက်နဲ့အတူ ကလောမြို့က Eastern Paradise ဆိုတဲ့ ဟိုတယ် လေးမှာ သွားပြီး အနားယူခဲ့ပါတယ်။ စာအုပ်တချို့ ယူသွားတယ်၊ စာရေး ဖို့ စက္ကူနဲ့ တရားခွေတွေလည်း ယူသွားပါတယ်။ ရေဒီယိုတော့ မယူပါ။ ရန်ကုန်နဲ့ အဆက်ဖြတ်လိုက်ပါတယ်။ တကယ့်ကို ကိုယ့်အချိန်လေးတွေ ကိုယ်ပိုင်ခဲ့ပါတယ်။ မနက်အစောကြီး တရားထိုင်ကြတယ်။ မနက်ခင်းစာ စားပြီး လမ်းလျှောက်ထွက်ကြတယ်။ နွေရာသီဆိုတော့ ဘယ်ကိုပဲ ကြည့်လိုက် ကြည့်လိုက် ပန်းတွေကို တွေ့ရတယ်။ အိမ်တိုင်း ပန်းမျိုးစုံ စိုက်ကြတယ်။ လမ်းဘေးတစ်လျှောက် တောပန်းတွေကလည်း လှနေကြပါတယ်။ မိုးနည်းနည်းရွာလိုက်လို့ Rain Lily လို့ ခေါ်တဲ့ နှင်းပန်း ပန်းရောင်တွေက လမ်းဘေးမှာရော တောင်စောင်းတွေမှာပါ ပွင့်လာကြတာ ကြည့်လို့ မဝနိုင်အောင်ပါပဲ။ ငါးရက်တစ်ဈေးဆိုတော့ ဈေးနေ့ဆိုရင် သစ်ခွပင်တွေ၊ ဒေစီပင်တွေ၊ လီလီပန်းပင်တွေ ရောင်းကြတယ်။ ကျွန်မက ပန်းကြိုက် ပေမယ့် သူငယ်ချင်းက ဝါသနာမပါလို့ "ဘာလို့ အများကြီး ဝယ်တာလဲ၊ လေယာဉ်နဲ့ပြန်မှာ၊ သယ်နိုင်လို့လား" တဲ့။ ကျွန်မက လမ်းဘေးက ပန်းငယ်တွေ နုတ်ယူရင်လည်း "မြက်တွေထဲ သိပ်မတိုးနဲ့လေ၊ မြေပါး ကင်းပါ" လို့ တဟဲ့ဟဲ့နဲ့ လုပ်နေတော့တယ်။

တောင်ကုန်းတွေပေါ် တက်သွားပြီး ခြေထောက်ညောင်းတော့မှ ပြန်ဆင်းလာကြတယ်။ အိမ်ကလေးတွေက ချစ်စရာကောင်းပါတယ်။ ဘုရားရှိခိုးကျောင်းလေးကလည်း လှလှလေး။ ခြံစည်းရိုးကလည်း ဘိုကတော် မျက်ခုံး အပင်လေးတွေဆိုတော့ အနောက်တိုင်းဆန်ပြီး စိတ်ကူးယဉ်စရာ ကောင်းပါတယ်။

ပြန်လာရင် သူက စာဖတ်ပြီး ကျွန်မက ဆောင်းပါး ရေးပါတယ်။ ကလောမှာ စာအုပ်ဆိုင် နှစ်ဆိုင်ရှိပြီး မဂ္ဂဇင်းတွေ ငှားဖတ်လို့ ရပါတယ်။ ဟိုတယ်က ထမင်းမကျွေးတဲ့အတွက် ရေချိုးပြီး ထမင်းစားထွက်ကြရတယ်။ ဆိုက်ကားမရှိ၊ တက္သစီ မရှိတဲ့အတွက် လမ်းပဲ လျှောက်သွားရပါတယ်။ မြို့လယ် မြေပြန့်က သိပ်မကျယ်ပါဘူး။ ဈေးအထိ ခဏပဲ လျှောက်ရပါတယ်။ လမ်းမကြီးရဲ့ တစ်ဖက်မှာ သုမောင်ဆိုတဲ့ မြန်မာ ထမင်းဆိုင် ရှိပါတယ်။ တရုတ်ဆိုင်ကောင်းကောင်းတစ်ဆိုင် ရှိပါတယ်။ ဈေးထဲမှာ ရှမ်းခေါက်ဆွဲ၊ မြီးရှည် ရနိုင်ပါတယ်။ ကုလားဆိုင် သားသားနားနား တစ်ဆိုင်လည်း ရှိပါတယ်။ ဥရောပ အစားအစာ ရောင်းတဲ့ဆိုင်လည်း ရှိပါတယ်။ ဝေးလည်းဝေး၊ ဈေးလည်းကြီးပြီး နှစ်ယောက်သား ကုန်အောင် မစားနိုင်တဲ့အတွက် တစ်ခါပဲ ရောက်ပါတယ်။ ဆိုင်တွေ တစ်လှည့်စီ စားကြပြီး နေ့လယ်မှာ ခဏ အိပ်ကြတယ်။ ညနေမှာ သူငယ်ချင်းက ပဋ္ဌာန်းရွတ်ပြီး ကျွန်မက စာဖတ်ပါတယ်။ အခန်းလေးက အပေါ်ထပ်အစွန်မှာဆိုတော့ တိတ်ဆိတ်ပါတယ်။ နေ့လယ်မှာ ကော်ဖီ ဖျော်သောက်ပြီး ပါလာတဲ့ မုန့်လေးတွေ စားကြပါတယ်။ စိတ်ချမ်းသာရတဲ့ နေ့လေးတွေ ပါပဲ။ ညဘက်မှာ တရားတော်ခွေ နာပြီးမှ အိပ်ကြတယ်။

နှစ်ပတ်လောက်ကြာတော့ ဆိုင်ဟင်း ဆိုင်ထမင်းတွေ စားရတာ ငြီးငွေ့လာကြတယ်။ ကံအားလျော်စွာ မနီးမဝေးမှာ လက်ဖက်ရည်ဆိုင် ကလေး။ ခရမ်းချဉ်သီးသုပ်၊ မြင်းခွာရွက်သုပ်၊ လက်ဖက်သုပ်တွေ ရပြီး ထမင်းဖြူနဲ့ စားလို့ရပါတယ်။ ကြက်ဥကြော် မှာစားရင်လည်း ရပါတယ်။ ဘုန်းကြီးကျောင်းနားမှာ ညနေ အကြော်ဆိုင်ထွက်ပါတယ်။ အကြော် ပူပူ နွေးနွေးနဲ့ ထမင်းဖြူ မှာစားပြီး ညစာတွေ ပြည့်စုံသွားပါတယ်။

သုံးပတ်ကြာတော့ ရန်ကုန်မှာ မိုးကျပြီဖြစ်လို့ ပန်းပင်တွေ တစ်ပွေ့တစ်ပိုက်နဲ့ ပြန်ခဲ့ကြပါတယ်။ ကိုယ်ပိုင်တဲ့ ကိုယ့်အချိန်လေးတွေနဲ့ နားနားနေနေပဲ ဖြစ်တဲ့အတွက် စိတ်တွေ လန်းဆန်းပြီး အပြောင်းအလဲ ဖြစ်ခဲ့ရပါတယ်။ ကလောမြို့လေးက ချစ်စရာကောင်းတဲ့အတွက် အခုထိ သတိရနေဆဲပါပဲ။

တစ်ခါကလည်း မိတ်ဆွေ ဒေါ်ကလျာနဲ့ ငွေဆောင်မှာ လေးရက်သွားနေခဲ့ကြတယ်။ ဧည့်ရှင်းတဲ့ အချိန်ပါပဲ။ ဒေါ်ကလျာက နှလုံးရောဂါရှိလို့ အိပ်ဆေးသောက်ရတော့ မနက်အစောကြီး မထနိုင်ပါ။ ကျွန်မ စောစော ကမ်းခြေမှာ လမ်းလျှောက်တော့ ဘယ်သူမှ မရှိပါဘူး။ ပင်လယ်ကြီးနဲ့ ကျွန်မပဲ ရှိပါတယ်။ မနက်စာ ညစာ ဟိုတယ်မှာ ဝယ်စားကြသလို ရွာထဲက ကဏန်းဟင်း၊ ပုစွန်ကင်တွေ မှာစားကြပါတယ်။ ကျွန်မတို့ စာရေးကြတယ်။ ညနေ ရေတိမ်တိမ်ထဲမှာ ရေချိုးကြတယ်။ ဆွဲမယ့် ဖေးမမယ့်သူတွေ မရှိတော့ ရေနက်ထဲကို မသွားဝံ့ကြပါဘူး။ နေလုံးနီနီကြီး ပင်လယ်ထဲကို ဝင်သွားတဲ့အထိ စောင့်ကြည့်ရတာ ကြည်နူးစရာကောင်းပါတယ်။ သတင်းစာလည်း မရှိ၊ ရေဒီယိုလည်း မရှိ၊ မြို့ပြနဲ့လည်း အဆက်အသွယ်မရှိတဲ့ ကမ္ဘာသစ်ကလေးမှာ နားခွင့်ရတဲ့ နေ့ရက်လေးတွေကို ကျွန်မတို့ ခဏခဏ သတိရမိပါတယ်။ ညတိုင်း လှိုင်းပုတ်သံတွေနဲ့ အိပ်ပျော်သွားရတဲ့ အတွေ့အကြုံကလည်း မြို့ပြမှာ မရနိုင်တဲ့အရာပါပဲ။

အလုပ်တွေ ဖိစီးလာရင် တစ်နေရာမှာနားဖို့ အချိန်လေးတွေ ရှာကြည့်သင့်ပါတယ်။ တာဝန်တွေမပါတဲ့ ခရီးလေးတွေလည်း ထွက်သင့်ပါတယ်။ ဒီလိုနဲ့ပဲ အားတွေ မွေးပြီး ဘဝလမ်းကို ဆက်ပြီးလျှောက်ကြရမှာပဲ မဟုတ်ပါလားရှင်။

ဧရေးကွက်ကျာနယ်၊ (၁၀) ရက်၊ အောက်တိုဘာလ၊ ၂၀၁၃။

❑

ရေကို ဆန်၍ ပြန်ခဲ့သည်

အကောင်းဆုံး ဆက်ဆံရေးဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခြင်းထက် တစ်ယောက်ကို တစ်ယောက်က လိုအပ်ခြင်းက ပိုပြီး အဓိက ကျတယ်လို့ ထင်ပါတယ်။

အခုတလော Salmon ဆယ်(လ်)မွန် ငါးလေးတွေအကြောင်း တွေးနေမိပါတယ်။ ဒီငါးလေးတွေက ချစ်စရာကောင်းပြီး စိတ်ဝင်စားစရာ လည်း ကောင်းပါတယ်။ ဒါကြောင့်လည်း အဆိုတော် ခင်ဝမ်းက လူဘဝ နဲ့ ဆယ်(လ်)မွန် ငါးလေးတွေကို နှိုင်းယှဉ်ပြီး စကားလုံး လှလှလေးတွေနဲ့ 'ဆယ်(လ်)မွန်ငါးတို့အပြန်' ဆိုတဲ့ တေးလေးကို ရေးဖွဲ့သီဆိုခဲ့တာပါပဲ။ လူငယ်လူရွယ်တွေကြားထဲမှာ တော်တော်ရေပန်းစားခဲ့တဲ့သီချင်း ဖြစ်ပါ တယ်။

ဆယ်(လ်)မွန် ငါးတွေက ပင်လယ်မှာ ပျော်ကြတဲ့ ငါးလေးတွေ ဖြစ်ကြပါတယ်။ မိုင်ပေါင်းများစွာ ကူးခတ်နိုင်စွမ်းရှိကြတယ်လို့ ဆိုကြ ပါတယ်။ ငါးရစ်တက်ချိန်မှာ ရေချိုရှိရာကို ဆန်တက်ပြီး ငါးဥများ ဥလေ့ ရှိပါတယ်။ ဒီလိုနဲ့ပဲ ငါးတွေ မျိုးပွားလာကြတာ ဖြစ်ပါတယ်။ သူတို့ရဲ့ အသားအရောင်က ပန်းရောင်ရင့်ရင့်လေးတွေ ဖြစ်ပါတယ်။

လူတို့ဘဝတွေလည်း သူတို့လိုပါပဲလားလို့ စဉ်းစားမိပါတယ်။ ငယ်ရွယ်စဉ် ကလေးဘဝမှာ မိဘရဲ့ ရိပ်မြုံအောက်မှာ ဆော့ကစားလိုက်၊

ပညာရှာဖို့ ကျောင်းသွားလိုက်ကြနဲ့ အပူအပင်မရှိ ပျော်ရွှင်အေးချမ်းစွာ ရေစုန်အတိုင်း သက်သက်သာသာ နေခဲ့ကြပါတယ်။ ပညာလည်းစုံ ကြင်ရာနဲ့ အိမ်ထောင်ရှင်မဖြစ်တဲ့ ကျွန်မက တစ်လနဲ့ တစ်လ အလျင်မီအောင် စိတ်ပင်ပန်းကြီးစွာနဲ့ ဖန်တီးပေးခဲ့ရပါတယ်။ လကုန်ခါနီးရင် ဈေးဖိုး နည်းနေလို့ သတင်းစာတွေ၊ ပုလင်းတွေ၊ ဘူးခွံတွေ ထုတ်ရောင်းခဲ့ရတာကို မမေ့နိုင်သေးပါဘူး။ အခုအခါမှာတော့ သားသမီးတွေက အမေကို အစစအရာရာ လိုလေသေးမရှိ ပြုစုကြလို့ ဘဝ အမောတွေ ပြေခဲ့ရပါပြီ။

ဆယ်(လ်)မွန် ငါးလေးတွေလိုပဲ ကျွန်မတို့ ပြန်ချိန်ကိုလည်း ခိုင်ခိုင်မာမာ ဆုံးဖြတ်နိုင်ပြီး၊ ရာသီကိုလည်း မှန်မှန်ကန်ကန် တွက်ဆနိုင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ ကျွန်မတို့ ငယ်သူငယ်ချင်း သုံးယောက်လည်း ကံကောင်းလှစွာ ဘဝရဲ့ နောက်ဆုံးအချိန်မှာ ချစ်ခင်စည်းလုံးစွာနဲ့ တရားဘာဝနာတွေ အတူတကွ အားထုတ်နိုင်နေကြပြီ ဖြစ်ပါတယ်။ အားမာန်အပြည့်နဲ့ မိန်းမသားတို့ ဘဝကိုလည်း တာဝန်ကျေကျေ ကျော်ဖြတ်ခဲ့ပြီး ဖြစ်ပါတော့တယ်။

အကောင်းဆုံး ဆက်ဆံရေးဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခြင်းထက် တစ်ယောက်ကို တစ်ယောက် လိုအပ်ခြင်းက ပိုပြီး အဓိကကျတယ်လို့ ထင်ပါတယ်။ ငယ်ငယ်ကတည်းက ကြိုက်နှစ်သက်ခဲ့တဲ့ အဆိုကျော်ကြီး Frank Sinatra ရဲ့ "All The Way" သီချင်းထဲကအတိုင်း ပြောရရင်-

"When somebody needs you, it's no good unless he needs you all the way" တစ်စုံတစ်ယောက်က မင်းကို လိုအပ်တယ်ဆိုရင် မင်းကို ဘဝတစ်လျှောက်လုံး လိုအပ်သွားမှသာ ကောင်းမှာပါတဲ့ ရှင်။

မိန်းမသားဆိုတာစာစု၊ နီဒါန်းသစ်စာပေ၊ ရှလိုင်လ၊ ၂၀၁၃။

❑

ရောက်လိုပါက မဝေးပါ

ကျွန်မမှာ သစ္စာရှိရှိ တာဝန်သိသိနဲ့ မဆုတ်မနစ်တဲ့ဖွဲ့နဲ့ စိတ်ကြည်နူး မှုကို အဆက်မပြတ် ပေးဝေနေတဲ့ မိတ်ဆွေလေး ရှိပါတယ်။ သူကတော့ လူသားတစ်ယောက် မဟုတ်ပါဘူး။ ပန်းခရမ်းရောင် ကြာပန်းပင်လေးပဲ ဖြစ်ပါတယ်။ ကြာပန်းရဲ့ သဘာဝက နေထွက်လာရင် ပွင့်လာပြီး မွန်းလွဲ ချိန်ကျော်ရင် ပြန်ငုံသွားပါတယ်။ သုံးရက်တိုင် မနက်ဆို ပြန်ပွင့်လာတတ် ပါတယ်။ ပြီးရင်တော့ ညှိုးကျပြီး အငုံအတိုင်းပဲ ပြီးဆုံးသွားပါတယ်။ ကျွန်မမှာ ကြာပန်း သုံးလေးမျိုး ရှိပါတယ်။ ဗေဒါရောင်၊ အဖြူ၊ မိတ်ကပ် ရောင်နဲ့ ပန်းခရမ်းရောင်တို့ ဖြစ်ပါတယ်။ အခြား အပင်တွေက အမြဲ မပွင့် ပေမယ့် ပန်းခရမ်းရောင်လေးကတော့ ဆက်တိုက်ပွင့်ပါတယ်။ ဒီကြာပန်း ပင်လေးကို နိုင်ငံခြားကို သားသမီးတွေနဲ့ လိုက်နေမယ့် သူငယ်ချင်းက အိုးလိုက် ပေးသွားတာပါ။ အချိန်အားဖြင့်တော့ နှစ်နှစ်ကျော်ပါပြီ။ အုတ်ကန် ထဲမှာ အိုးလိုက်ချထားတဲ့ အချိန်ကစပြီး မှန်မှန်ပွင့်ပါတယ်။ သုံးရက်ကြာလို့ တစ်ပွင့် ညှိုးသွားတဲ့အခါ နောက်တစ်ဖူး ထွက်လာပြီး ပွင့်ပြန်ပါတယ်။ ထူးခြားတာတစ်ခုက ဒီကြာပန်းလေးက ညနေ ၆ နာရီလောက်အထိ မငုံဘဲ ပွင့်နေပါတယ်။ သူက သူ့သခင်အသစ်ဖြစ်တဲ့ ကျွန်မကို ဆက်တိုက် ပွင့်ပြမယ်လို့ အခိုင်အမာ ဆုံးဖြတ်ထားသလားလို့ ကျွန်မ တွေးမိပါတယ်။ ရည်မှန်းချက်ချပြီးရင် အခိုင်အမာ စိတ်ထဲမှာ မြှုပ်နှံပြီး အဆုံးအထိ သွားရ မယ် ဆိုတာကို ကြာပန်းလေးက ပြသနေပါတယ်။

Friends Publishing House

အင်္ဂလိပ် စကားလုံးနှစ်လုံး ရှိပါတယ်။ Commitment အခိုင်အမာ ဆုံးဖြတ်ပြီးသော အလုပ်၊ သို့မဟုတ် ရည်မှန်းချက်။ Dedication ရည်မှန်းချက် ပန်းတိုင်အရောက် စိတ်ထဲမှာနှစ်ပြီး လုပ်ဆောင်ခြင်းတို့ ဖြစ်ပါတယ်။ တစ်စုံတစ်ခုကို လုပ်မယ်လို့ Yes ဆိုပြီး ဆုံးဖြတ်ပြီးရင် ချွေးနဲ့ရင်းမယ်၊ အကျိုးလက်နှစ်ခုလုံး မ,တင်ပြီး ဘဝထဲမှာ လက်နှစ်ဖက်ကို တံတောင်ဆစ်တွေအထိ နှစ်မြှုပ်ပြီး လုပ်ဆောင်ရပါတော့မယ်။ မလုပ်နိုင် ဘူး 'နိုး' No လို့ ပြောဖို့ကလည်း လွယ်ကူပါတယ်။ မလုပ်ဘဲ နေလိုက်ရုံ ပါပဲ။ သေခြင်းတရားကိုတော့ 'နိုး' လို့ ပြောလို့ မရနိုင်ပါဘူး။ 'စာရေးမလား'၊ 'တရားဟောမလား'၊ 'အငြိမ်းစားထိုင်နေမလား'၊ 'ပရဟိတ အများအကျိုးအတွက် အလုပ်လုပ်မလား'၊ 'မြေးတွေ ထိန်းမလား'၊ 'ရိပ်သာဝင် တရားအားထုတ်မလား'၊ 'ဝါသနာမပါတဲ့ ဘာသာရပ်ကို ခေတ်စားနေလို့ သင်ယူမလား'၊ 'ဝါသနာပါရာကိုပဲ ခိုင်ခိုင်မြဲမြဲ သင်ယူ မလား'။ မိမိက စိတ်ပိုင်းဖြတ်ပြီးရင်တော့ အဲဒီအလုပ်ကို မပျက်မကွက် လုပ်ဆောင်ရမှာပါပဲ။

ဘဝထဲမှာ အောင်မြင်တဲ့သူဆိုတာ သူ့ရဲ့ ရည်မှန်းချက်ပန်းတိုင် ဆီကို မမှိတ်မသုန် သွားဖို့နဲ့ ရည်မှန်းချက်ကို လမ်းကြောင်းမပြောင်းဘဲ ဦးတည်သွားသူ ဖြစ်ပါတယ်။ ဒါဟာ ရည်မှန်းချက်ထဲကို မြှုပ်နှံထားခြင်း ပါပဲ။ ပက်ကျိတွေ သွားနေတာ တွေ့ဖူးမယ် ထင်ပါတယ်။ လမ်းကြောင်း ပျောက်သွားရင် သူတို့က အခွံထဲကို ပြန်ဝင်သွားပြီး ရပ်သွားပါတော့တယ်။ လူသားတွေလည်း ပန်းတိုင်လမ်းကြောင်း ပျောက်သွားမယ်ဆိုရင် သူတို့ရဲ့ အသုံးဝင်မှုတွေလည်း ကွယ်ပျောက်သွားတတ်ပါတယ်။

ရည်မှန်းချက်ကို အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောင်းနေမယ် ဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု လျော့ပါးလာပါလိမ့်မယ်။ အများကို ကြေညာပြီးသားဆိုရင်တော့ အများရဲ့ အထင်သေးခြင်းကို ခံယူရမှာပါပဲ။ ဒါကြောင့် မျှော်မှန်းလို့ မရတဲ့ အနာဂတ်ကို ကြိုပြီး စကားကို အကုန် မပြောသင့်ပါဘူး။ ဆိုခဲစေ မြဲစေ ဆိုတဲ့အတိုင်း ဆုံးဖြတ်ပြီးရင်တော့ အဆုံးတိုင် အောင်မြင်အောင် ကြိုးစားရမှာပါပဲ။

ရရှိလာတဲ့ ဘဝတစ်ခုမှာ ပြည့်ပြည့်ဝဝ အောင်အောင်မြင်မြင် နေလို တယ်ဆိုရင် ရည်မှန်းချက်တစ်ခုခုကို ကတိကဝတ်ထားပြီး အပြီးတိုင် စိတ်ရောကိုယ်ပါ နှစ်ပြီး ကြိုးစားသွားကြရမှာပဲ ဖြစ်ပါတယ်။ ကျွန်မဘဝမှာ ဆိုရင် ဆရာမအဖြစ် မရည်ရွယ်ခဲ့ဘဲ စားပွဲမှာ စတိုင်(လ်)နဲ့ထိုင်ပြီး အလုပ် လုပ်ရတဲ့ အရာရှိ ဖြစ်ချင်ခဲ့ပါတယ်။ လူကြီးမိဘများက အမျိုးသားတွေနဲ့ အတူတူ အလုပ်လုပ်တာကို မနှစ်သက်ဘဲ ကျွန်ုပ်ရှိတဲ့ ဆရာမပဲလုပ်ဖို့ တိုက်တွန်းခဲ့လို့ အဲဒီခေတ်က အမြင်အတိုင်း ဆရာမပဲ ဖြစ်ခဲ့ပါတယ်။ ဆရာမ ဖြစ်လာတဲ့အခါမှာတော့ ဒီအလုပ်ထဲမှာပဲ စိတ်ကို နှစ်မြှုပ်ထားပြီး နှစ်ပေါင်း ၃၀ တခြား အလုပ်ကို မပြောင်းဘဲ အကောင်းဆုံး စေတနာ ထားပြီး လုပ်ကိုင်ခဲ့ပါတယ်။

ကျွန်မတို့ခေတ်တုန်းက နာမည်ကျော် ရုပ်ရှင်မင်းသမီး Sophia Loren ရဲ့ စကားတွေကို မှတ်သားပြီး ကျင့်ကြံအားထုတ်ခဲ့ဖူးပါတယ်။ သူက မလှပါဘူး။ တစ်ခုစီ လေ့လာရင် အရုပ်ဆိုးတဲ့ဘက်ကို နွယ်ပါ တယ်။ ဒါပေမဲ့ လှပတဲ့သူတွေကြားမှာ ကြိုးစားခြင်းကြောင့် ကမ္ဘာကျော်ခဲ့ ပါတယ်။ သူ ပြောခဲ့တာက...

"ခက်ခဲတဲ့ အသက်မွေးဝမ်းကျောင်းတစ်ခုမှာ ရှေ့ကိုရောက်နေဖို့ ကိုယ့်ကိုယ်ကိုယ် စိတ်အားထက်သန်တဲ့ ယုံကြည်မှုရှိနေဖို့ လိုတယ်။ ပြိုလဲ နိုင်တဲ့ ထိုးနှက်မှုတွေကို ခံနိုင်ရည်စွမ်း ရှိရမယ်။ တက်သစ်စတွေကို ဖေးမကူညီနိုင်မယ့် ရှေ့ဆောင်လမ်းပြ စည်းကမ်းကျင့်ဝတ် မရှိပါဘူး။ ဒါကြောင့်လည်း သာမန်အရည်အသွေးပဲ ရှိပေမယ့် စိတ်ဓာတ်ခွန်အား ကြီးမားတဲ့သူတွေက စူပါအရည်အသွေး အများကြီးရှိသူတွေထက် ရှေ့ကို ရောက်ကြတာဖြစ်တယ်"

ဘဝရဲ့ လုပ်ဖွယ်ဆောင်တာဆိုတာ ကျွန်မရဲ့ အတွေ့အကြုံအရ အလုပ်လုပ်ခြင်းနဲ့ နေထိုင်ခြင်း ပေါင်းစည်းပြီး တိုးတက်ဖွံ့ဖြိုးလာတာပါ။ အလုပ်တစ်ခုကိုလုပ်ရင် ကိုယ့်ဘဝက ဒီအလုပ်အပေါ်မှာ မူတည်နေမယ် ဆိုတဲ့စိတ်နဲ့ လုပ်မယ်ဆိုရင် နေပျော်ရုံမကဘဲ ကောင်းတဲ့ ဘဝလမ်းကြောင်း ပေါ်ကို ရောက်သွားမှာပဲ ဖြစ်ပါတယ်။ ဘယ်အရွယ်မှာပဲဖြစ်စေ သက်သက်

သာသာနဲ့ နှပ်နေဖို့ စိတ်ကူး မရှိပါဘူး။ အမြဲပဲ ရှင်သန်လှုပ်ရှားနေရမှာ ပါပဲ။ သိချင်တတ်ချင်တဲ့စိတ်က အမြဲရှင်သန် နေသင့်ပါတယ်။ ဘယ်လို အကြောင်းနဲ့ပဲဖြစ်စေ ဘဝကို ကျောခိုင်းပြီး မနေသင့်ပါဘူး။ ကျွန်မအဖို့ ကတော့ တရားနာရင် နှလုံးသားအထိရောက်အောင် နာပါတယ်။ အများ ကို ဘယ်လို ပြန်ပြီး ဝေမျှပေးမလဲ စဉ်းစားပြီး ရေးပြပါတယ်။ ခြံအလုပ် လုပ်ရင် စိတ်နှစ်ပြီး လုပ်ပါတယ်။ သစ်ပင်၊ ပန်းပင်တွေရဲ့ သဘာဝကို လေ့လာပါတယ်။ စာဖတ်ရင် အချိုးအစားစုံအောင် ဖတ်ပါတယ်။ မှတ်သား စရာကို ရေးပြီး မှတ်သားပါတယ်။ ဆောင်းပါးတွေထဲမှာ အလျှဉ်းသင့် သလို ဖြန့်ဝေပေးပါတယ်။ အသက်ကြီးလာလို့ ဘာမှ မလုပ်နိုင်တော့ဘူး၊ ဘာမှလည်း လုပ်စရာမရှိတော့ဘူးဆိုတဲ့ စိတ်မျိုး ဘယ်တော့မှ အဝင်မခံ ခဲ့ပါဘူး။ လှုပ်ဒါန်းတဲ့နေရာမှာ သဒ္ဓါတရား အပြည့်ထည့်ပြီး စေတနာ သန့်သန့်နဲ့ လှုပ်ပါတယ်။ ဆုံးဖြတ်ပြီးရင် မဖြစ်မနေ လှုပ်ပါတယ်။ နည်းသွား မလား၊ များသွားမလား ဆိုတဲ့ တွန့်ဆုတ်တဲ့စိတ် မထားပါဘူး။ အားနာ ပြီး ဘယ်လောက်လှုပ်မယ်လို့ ပြောလိုက်ပြီးမှ များသွားပြီလားလို့ စကားကို ပြန်ပြင်ပြီး မလှုပ်သင့်ပါဘူး။ ကုသိုလ်အလုပ်မှာ နည်းတယ်၊ များတယ် မတွက်ဘဲ ပြတ်ပြတ်သားသား ဖြစ်သင့်တယ်လို့ ထင်ပါတယ်။ အဓိက ကတော့ ဘာပဲလုပ်လုပ် ပြတ်သားဖို့နဲ့ စိတ်ထားမှန်ဖို့ လိုပါတယ်။ ကျွန်မ ကတော့...

"လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် ဖြစ်အောင်လုပ်ရမယ်။ သူများကို ကတိပေးထားရင် ကတိမပျက်စေနဲ့ ကတိအတိုင်း လုပ်ပေးရမယ်။ စည်းကမ်းအတိုင်း နေရမယ်၊ ပြောရမယ်"

လို့ သင်ပြပေးခဲ့တဲ့ ဖခင်ရဲ့ ကျေးဇူးကို ဦးထိပ်ထားပါတယ်။

Robert Moorehead ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ ခိုင်မာတဲ့ သန့်ရှင်းစကား တွေက အတုယူ ကျင့်သုံးထိုက်တဲ့အတွက် မျှဝေ ပေးလိုက်ပါရစေ။

"ကျွန်ုပ်၏ သဘောသဘာဝက မပြောင်းလဲ၊ ခြေလှမ်းက မြဲမြဲ ခိုင်မာစွာ။ ကျွန်ုပ်ရဲ့ ပန်းတိုင်က နိဗ္ဗာန်၊ လမ်းက ကျဉ်းမြောင်း၊ လမ်းခရီး

က ကြမ်းတမ်း၊ အဖော်က အနည်းငယ်၊ လမ်းညွှန်က ယုံကြည်စိတ်ချရ၊ ချမှတ်ထားသော တာဝန်က ပြတ်သားသည်။ ကျွန်ုပ်ကို ငွေနှင့်ဝယ်ယူ၍ မရနိုင်၊ ကွေ့ပတ်သွားအောင် မပြုလုပ်နိုင်၊ သွေးဆောင်ဖြားယောင်း ခေါ်ဆောင်သွား၍မရ၊ နောက်ပြန်လှည့်သွားအောင် မပြုလုပ်နိုင်။ အားပျော့သွားအောင် မစွမ်းဆောင်နိုင်၊ နှောင့်နှေးသွားအောင် အချိန်ဆွဲထား၍ မရနိုင်ပါ။ စွန့်လွှတ်ရမည့်အချိန်မှာ ကျွန်ုပ် နောက်မတွန့်၊ အခက်အခဲ၊ ကံဆိုးခြင်းတွေ ရှေ့မှောက်မှာ မတွန့်ဆုတ်၊ ရန်သူတွေနဲ့ ဆွေးနွေးညှိနှိုင်းဖို့ အဆင်သင့်၊ ကျော်ကြားမှု အိုင်ဗွက်အလယ်မှာ နစ်မျောမနေ၊ ထို့အပြင် ဒုတိယတန်းစား ဝက်ပါထဲမှာ ကောက်ကောက်ကွေ့ကွေ့ စမ်းတဝါးဝါး သွားမနေပါဘူး။ ကျွန်ုပ် အရှုံးမပေး၊ ကျောမခိုင်း၊ ကြိုးပမ်းမှုကို မလျှော့၊ မတုံ့နှေးပါ"

ဆန္ဒပြင်းပြရင် ဘာအခက်အခဲမှ မရှိနိုင်ပါဘူးရှင်။

အတွေးအမြင်၊ ရှုလိုင်လ၊ ၂၀၁၃။

❑

စိတ်ကူးယဉ်တတ်ပါသည်

မမ္မပိယ ဆရာတော်ရဲ့ 'စိတ်ကူးယဉ်ဖို့ ကောင်းသည်' ဆောင်းပါးကို ဖတ်လိုက်ရပါတယ်။ ဆရာတော်က မိန္ဓာသက်ပွကြောင့် စိတ်ကူးရိုင်းပြီး စိတ်ကူးယဉ်တာက သမ္ဘာသက်ပွကြောင့်ဆိုတာကို ရှင်းပြထားပါတယ်။ စိတ်ကူးဆိုတာ အရိုင်းလည်းရှိသလို အယဉ်လည်းရှိပြီး စိတ်ကူးတွေ ရိုင်းသွားတဲ့အခါ တခြားသူ ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်ပါတယ်။ စိတ်ကူးကြောင့် အကုသိုလ်တွေ ဖြစ်သွားရပါတော့တယ်။ စိတ်ကူးတွေ ယဉ်တဲ့အခါမှာတော့ အများအပေါ် မေတ္တာ ကရုဏာတွေ ပွားများသွားတယ်။ ကုသိုလ်ကိစ္စ၊ ကောင်းတဲ့အာရုံတွေကိုပဲ နှလုံးသွင်းနေမှာ ဖြစ်ပါတယ်။

တောထဲ တောင်ထဲမှာ အလေ့ကျပေါက်နေတဲ့ ပန်းအရိုင်းပင်လေးတွေကို ကျွန်မ နုတ်ယူလာပြီး သေသေချာချာ စိုက်ထားလိုက်တော့ ပန်းအယဉ်လေးတွေ ဖြစ်လာပြီး အပွင့်တွေ ထွားကျိုင်းလာပါတယ်။ ကလောမြို့မှာဆိုရင် အလေ့ကျပန်းလေးတွေက နေရာတကာမှာ ပွင့်နေတာ တွေ့ရပါတယ်။ သူတို့က လောကကြီးကို အလှဆင်ပေးနေကြပါတယ်။ အရိုင်းလို့သာ ဆိုကြပေမယ့် ပန်းချစ်တဲ့သူတွေအဖို့တော့ စိတ်ကူးအယဉ်တွေ ပေးနေကြတာပါ။ စိတ်အာရုံတွေ ကြည်လင်ပြီး ရွှင်လန်းလာစေပါတယ်။ အိမ်မွေးတိရစ္ဆာန်လေးတွေကလည်း အရိုင်းက အယဉ်ဖြစ်လာကြတော့

သခင်အပေါ်မှာ ချစ်ခင်တတ်လာတယ်။ သခင်ရဲ့ သစ္စာကို စောင့်သိကြတယ်။ ကျွန်မရဲ့ ကြောင်လေးတွေ အတော် အသိဉာဏ် ရှိကြပါတယ်။ လူတွေ ပြောစကားလည်း နားလည်ကြပါတယ်။ သခင်ကို ချစ်ခင်တတ်တာလည်း လူတွေလို မပြောင်းလဲတတ်ဘဲ သေတဲ့အထိ သစ္စာရှိရှိ ချစ်တတ်ကြပါတယ်။ ဒါဟာ ယဉ်ကျေးတဲ့စိတ် ရှိလို့ပါပဲ။

သိပ္ပံပညာရှင်တွေ၊ ဆေးပညာရှင်တွေက စိတ်ကူးယဉ်ခဲ့တာကြောင့် လူသားအကျိုးပြုပစ္စည်းတွေ၊ ဆေးဝါးတွေကို တီထွင်သူတွေ ဖြစ်ခဲ့ကြပါတယ်။ လူတွေကို အကျိုးပြုပေးခဲ့ကြပါတယ်။ နျူကလီးယားဗုံးတွေ တီထွင်သူတွေကတော့ လူတွေ သေကျေအောင် ကြံစည်မှုမြောက်တဲ့အတွက် စိတ်ကူးရိုင်းတွေသာဖြစ်ကြတာ အထင်အရှား ဖြစ်ပါတယ်။ အားလုံးဟာ စိတ်ကူးက စကြတာပါပဲ။ အယဉ်နဲ့ အရိုင်းသာ ကွာခြားသွားတာ ဖြစ်ပါတယ်။

စာပေ ပညာရှင်တွေက စိတ်ကူးယဉ်သူတွေ ဖြစ်ပါတယ်။ စိတ်ကူးကောင်းတွေကနေပြီး စာပေကောင်းတွေ ထွက်ပေါ်လာကြပါတယ်။ စာရေးသူတွေက စိတ်တွေ နူးညံ့ယဉ်ကျေးပြီး စိတ်ကူးယဉ်တတ်သူတွေပဲ ဖြစ်ပါတယ်။

ဓမ္မပိယ ဆရာတော်က "စိတ်ကူးရိုင်းလျှင် ကာယက်၊ ဝစီက်၊ မနောက်၊ ကံသုံးပါးလုံး ရိုင်းတော့သည်။ ကံသုံးပါး ရိုင်းသည့်အတွက် ရာဇဝင်ပါ ရိုင်းတော့သည်။ အရိုင်းဟူသမျှ ကျေးဇူးမပြုနိုင်။ ကျေးဇူးပြုလျှင် အယဉ်ကသာ ကျေးဇူးပြုသည်။ မိမိတို့ စိတ်ကူးက အတတ်နိုင်ဆုံး ယဉ်ဖို့ လိုပါသည်၊ ယဉ်ကျေးဖို့ လိုပါသည်" ဆိုပြီး ရေးသားထားသည်မှာ ကျင့်သုံးဖွယ်ကောင်းလှတဲ့ တန်ဖိုးကြီးစကားများ ဖြစ်ပါတယ်။

ကျွန်မကို သူငယ်ချင်းများက စိတ်ကူးယဉ်တတ်သူ၊ ရိုမင်တစ်ဆန်သူလို့ ပြောကြတယ်။ ကျွန်မက ပန်းတွေကို ချစ်တတ်တယ်။ သဘာဝပတ်ဝန်းကျင်ကို အလေးထားတယ်။ တိရစ္ဆာန်လေးတွေကိုလည်း ချစ်တတ်တယ်။ ပန်းလက်ဆောင်ပေးရင် ခြံထဲက ပန်းရောင်စုံလေးတွေကို တစ်ပွင့်စီ

ခွေးပြီး ပလတ်စတစ်ဘူး အဝိုင်းလေးထဲမှာ ရေထည့်ပြီး ပန်းလေးတွေကို မျောစေပြီးမှ ပေးတတ်ပါတယ်။ အိမ်မှာလည်း ခြံထွက်ပန်းလေးတွေနဲ့ပဲ အလှဆင်တတ်ပါတယ်။ သူတို့က "သူက ငယ်ငယ်ကလိုပဲ ရိုမင်တစ် ဖြစ်တုန်းပဲဟဲ့" လို့ ပြောကြပါတယ်။

စိတ်ကူးယဉ်ပြီး နူးညံ့တတ်တာက အသက်အရွယ်နဲ့ မဆိုင်ပါဘူး။ အသက်ကြီးလာမှ စိတ်ကူးတွေ ရိုင်းသွားမယ်ဆိုရင် အကုသိုလ်တွေပဲ တိုးပွားလာတော့မှာ မဟုတ်ပါလား။ ကျွန်မက ခရီးသွားရင် အိပ်လည်း မဝိုက်တတ်ဘဲ စကားလည်း များများမပြောပါဘူး။ ပတ်ဝန်းကျင်မှာ တွေ့ရတဲ့ ရှုခင်းတွေ၊ ပန်းတွေကို ကြည်နူးစွာ ကြည့်ရင်း လိုက်သွားတတ်ပါတယ်။ မိုးတွင်းမှာ စိမ်းစိုနေတဲ့ စပါးခင်းတွေ၊ အဝေးက တောင်တန်းတွေ၊ ပွင့်နေကြတဲ့ ကြာပန်းတွေ၊ ဗေဒါပန်းတွေ၊ သက်တံကြီး မိုးကုပ်စက်ဝိုင်းမှာ ပေါ်နေတာကို တွေ့ရရင် သိပ်ကြည်နူးစရာ ကောင်းပါတယ်။ မြို့ပြမှာ မတွေ့နိုင်ဘဲ ခရီးသွားတဲ့အခါမှာမှ တွေ့နိုင်တဲ့ သဘာဝအလှတွေ ဖြစ်ပါတယ်။ စိတ်ကူးယဉ်တတ်တဲ့ ကျွန်မအဖို့ကတော့ ရေးစရာ ကုန်ကြမ်းတွေ ရသွားပြီး စိတ်အပြောင်းအလဲလည်း ဖြစ်သွားရပါတယ်။ ခရီးသွားခြင်းရဲ့ အကျိုးရလဒ်ပါပဲ။

အတူပါလာကြတဲ့ သူတွေကတော့ ခရီးစထွက်တာနဲ့ အိပ်တဲ့သူနဲ့၊ စကားတွေ ရောက်တတ်ရာရာ ပြောနေတတ်တဲ့သူတွေနဲ့ ပတ်ဝန်းကျင် အလှအပကို သတိမထားကြသလို စိတ်လည်းမဝင်စားကြပါဘူး။ တစ်ယောက်ကဆိုရင် သူများမကောင်းကြောင်းတွေကိုသာ ပြောလာပြီး နောက်တစ်ယောက်ကတော့ သူ့အကြောင်းတွေကိုပဲ ပြောတတ်ပါတယ်။ အကြောင်းအရာတစ်ခုမပြီးသေးဘဲ နောက်တစ်မျိုးဆီကို ပြောင်းပြောင်းပြီး ပြောတတ်သူလည်း ရှိပါတယ်။ နေဝင်ချိန်ကို နှစ်နှစ်သက်သက် ကြည့်တတ်တော့ အိပ်နေသူကို နှိုးပြီး "ဟိုမှာ နေလုံးနီနီကြီး တဖြည်းဖြည်း ဝင်နေတာ ကြည့်ပါဦး၊ သိပ်လှတာပဲ" လို့ ပြောပေမယ့် "ဩော်-ဟုတ်လား" လို့ ပြောပြီး ပြန်အိပ်သွားပါတော့တယ်။

ကျွန်မက စိတ်ကူးယဉ်တတ်ပြီး ပန်းချစ်သူပီပီ ရောက်လေရာ ပန်းပင်တွေ သယ်တတ်သူ၊ ကျွန်မရဲ့ ခင်ပွန်းက အင်ဂျင်နီယာ၊ လက်တွေ့ သမား။ ခရီးသွားရင် ကျွန်မ ပန်းပင်တွေ သယ်လာရင် ရှုပ်လိုက်တာလို့ ပြောတတ်သူ၊ ပန်းစိုက်ရင် ရောင်းတမ်းဝင်တဲ့ပန်းပဲ စိုက်ဖို့ တိုက်တွန်း တတ်သူ၊ ကျွန်မက မြန်မာပြည်တွင်းက ပန်းလေးတွေကိုပဲ စိုက်ပြီး ကြည်နူး တတ်သူ၊ အပင်လေးတွေ ပွားပြီး မိတ်ဆွေသူငယ်ချင်းတွေကို လက်ဆောင် ပေးရတာကိုပဲ ဟော်နေတတ်သူဆိုတော့ ဆန့်ကျင်ဘက်တွေ ဖြစ်နေတတ် ကြပါတယ်။

Readers' Digest ထဲက ဇနီးမောင်နှံ နှစ်ဦး ဖုန်းနဲ့ Message ပို့ကြတဲ့ ရယ်စရာလေးကို ဖတ်လိုက်ရတော့ "ဖြစ်ချင်ဦးဟဲ့ Romatic" လို့ ပြောရမလို ဖြစ်သွားပါတယ်။ ဇနီးက တခြားမြို့ကို ရောက်နေတဲ့ ခင်ပွန်းဆီကို-

"မောင် အိပ်ပျော်နေရင် ကျွန်မအတွက် အိပ်မက်တွေ ပို့လိုက်ပါ"
"မောင် ရယ်မောနေရင် ကျွန်မအတွက် အပြုံးလေး ပို့လိုက်ပါ"
"မောင် စားသောက်နေရင် ကျွန်မအတွက် တစ်ဖဲ့လေး ပို့လိုက်ပါ"
"မောင် တစ်ခုခုသောက်နေရင် ကျွန်မအတွက် တစ်ငုံ ပို့လိုက်ပါ"
"မောင် ငိုနေရင် ကျွန်မအတွက် မျက်ရည်လေးတွေ ပို့လိုက်ပါ"
"မောင့်ကို ချစ်တယ်" တဲ့။

ရိုမင်တစ် မဖြစ်တတ်တဲ့ ခင်ပွန်းက ပြန်ရေးလိုက်တာက-

"မောင် အခု အိမ်သာအိုးပေါ်မှာ ထိုင်နေတယ်။ ခင့်အတွက် ဘာပို့လိုက်ရမလဲ။ အကြောင်းပြန်ပါ" တဲ့။

မှတ်ကရောပါပဲ။

ဈေးကွက်ကျာနယ်၊ (၂၉) ရက်၊ သြဂုတ်လ၊ ၂၀၁၃။

❑

အမေများနေ့မှာ ကြည်နူးစရာ

၁ လ ၁၂ ရက်နေ့ကို ကမ္ဘာ့ Mother's Day အမေများနေ့လို့ သိတ်မှတ်ကြပါတယ်။ မြန်မာပြည်မှာ အရင်ကတော့ အမေများနေ့လို့ သတ်မှတ်ထားတာ မရှိခဲ့ပါဘူး။ ဆရာကြီး ဦးသုခ လက်ထက်မှာမှ ပြာသိုလပြည့်နေ့ကို အမေနေ့လို့ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် မွေးမိခင်အမေတွေရဲ့ ကျေးဇူးကို သိပြီး အသိအမှတ်ပြုကြတာကို ကြည်ကြည်နူးနူး လက်ခံကြရမှာပါပဲ။

ကျွန်မရဲ့ သားငယ်က ပင်လယ်ဓားပြတွေရှိတဲ့ SOMALIA ကို အသွားအပြန် ဖြတ်ပြီး အင်ဒိုနီးရှားကို ရောက်နေပါပြီ။ အန္တရာယ်ရှိတဲ့ ပင်လယ်ပြင်ကို ဖြတ်တဲ့အချိန်မှာ အမေကို မေတ္တာပို့ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ သူတို့သင်္ဘောကို အာရဗ်မှာ ထင်အောင်ကြည့်ပြီး ဘေးရန်မှ လွတ်ကင်းချမ်းသာရာရဖို့ ကျွန်မ မေတ္တာပို့ ဆုတောင်းရပါတယ်။ အခုအခါမှာတော့ လက်နက်ကိုင် Guard တွေ ဌားပြီး သွားကြတဲ့အတွက် ပင်လယ်ဓားပြတွေ သိပ်မသောင်းကျန်းရဲတော့ပါဘူး။ အလစ်ကို ထွက်တိုက်မှာကိုပဲ သတိထားနေကြရပါတယ်။ အမေနေ့မှာ သားက အမှတ်တရ အမေ့အတွက် ငွေသုံးသိန်း ပို့လိုက်ပါတယ်။ Australia ကို ရောက်နေကြတဲ့ ချွေးမနဲ့ မြေးလေး သီရိကျော်တို့ကလည်း ဖုန်းဆက်ပြီး ဆုတောင်းကြပါတယ်။ အမေနဲ့သား ကုသိုလ်ရအောင် လှူလိုက်ရတဲ့အတွက် တော်တော်ကြည်နူး

ပီတိ ဖြစ်ရပါတယ်။ အမေနေ့မှာပဲ ဓမ္မဒူတ အရှင်ပညိုသရာဘိဝံသရဲ့ ဓမ္မဒူတတောရမှာ ဓမ္မာရုံကြီးဆောက်နေတဲ့အတွက် ကျေပ်တစ်သိန်း လှူပါတယ်။ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးသီရိကဿနက နတ်မောက်မြို့နယ် ထန်းပင်ကုန်းကျေးရွာ ပရိယတ္တိအခြေပြု ဗုဒ္ဓသာသနာ ယဉ်ကျေးမှု ရေးဖြေ စာမေးပွဲအတွက် ကျေပ်တစ်သိန်း လှူပါတယ်။ အင်းစိန်ရွာမ စာသင်တိုက်ကြီးရဲ့ ပဓာန နာယက ဆရာတော်ကြီး ဦးတိလောကကို နဝကမ္မ ကျေပ်တစ်သိန်း လှူပါတယ်။ အမေနေ့မှာ မှတ်မှတ်ရရ ကန်တော့လိုက်တဲ့ သားရဲ့ ချွေးနှဲ့စာငွေတွေကို အကျိုးရှိရှိ လှူလိုက်ရတာကို ကြည်နူးမဆုံး ဖြစ်ရပါတယ်။ အတူနေ သားကြီးက သင်္ဘောတက်လို့ ပထမဦးဆုံး လစာထဲက ဦးဦးဖျားဖျား အမေကို လှူလေ့ရှိရာက ဒီတစ်ခေါက်မှာ အမေနေ့နဲ့ လာကြုံပါတယ်။ သား ကန်တော့တဲ့ငွေ နှစ်သိန်းကို စစ်ကိုင်းတောင်ရိုး ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် ဘက်စုံအလှူ ၁၁ မျိုး လှူလိုက်ပါတယ်။ အမေနေ့မှာပဲ သားရဟန်းက ဝေါမြို့မှာ ရွှေပါရမီ မေတ္တာဆေးခန်းဖွင့်တဲ့အတွက် ကျေပ်တစ်သိန်း လှူလိုက်ပါတယ်။ ရက်ပိုင်းအတွင်းမှာ အလှူတွေ စုံလင် သွားရတာကို အံ့သြနေမိပါတယ်။

ကျွန်မရဲ့ မိတ်ဆွေ ဝင်းက သူရဲ့ အမေနေ့ အတွေ့အကြုံကို ပြောပြပါတယ်။ သား သုံးယောက်မှာ နှစ်ယောက်က နိုင်ငံခြားမှာပါ။ အစ်ကို နှစ်ယောက်က အမေ့နားမှာရှိတဲ့ ညီကို အမေနေ့မှာ အမေ့ကို ဆိုင်ကောင်းကောင်းမှာ ညစာလိုက်ကျွေးဖို့ လှမ်းပြီး ပြောကြပါတယ်။ အမေက ညမှာ အပြင်ထွက်လေ့ မရှိတာကြောင့် သားငယ်က ညဘက်မှာ အမေ အညောင်းပြေတဲ့အထိ နှိပ်ပေးပြီး ကုသိုလ်ယူခဲ့ပါတယ်။ မွန်မြတ်တဲ့ အမေ့ကို ကျေးဇူးဆပ်နည်းတစ်မျိုးပဲ ဖြစ်ပါတယ်။

အတူနေတဲ့ အသက် ၁၁ နှစ်အရွယ် မြေး ခန့်ဝေယ်ကို အမေနေ့မှာ သားအမေကို ဘာလက်ဆောင်ပေးမှာလဲလို့ မေးမိပေမယ့် သူက ဘာမှ မပြောတာကြောင့် ထပ်ပြီး မမေးမိပါဘူး။ ဒီနေ့မှ ချွေးမက သူ့သားရဲ့ လက်ဆောင်ကို ထုတ်ပြပါတယ်။ မျက်နှာဖုံးမှာ ပန်းအိုးလေးတွေနဲ့ ပူဖောင်း

ရောင်စုံလေးတွေ ဆွဲထားပြီး Happy Mother's Day လို့ ရေးထားပါတယ်။ အထဲမှာ အင်္ဂလိပ်ကျောင်းမှာနေသူဝီဝီ အင်္ဂလိပ်လို ရေးထားတဲ့ စာလေးတွေရဲ့ အတွေးအခေါ်ကောင်းပုံတွေကို အံ့သြစွာ တွေ့ရှိရပါတယ်။ သူ ရေးထားတာကို ဘာသာပြန်လိုက်တဲ့အခါ -

"မေမေက အလုပ်ကြိုးစားတယ်။ စာနာကြင်နာတယ်။ အကြံဉာဏ်တွေ ပေးတယ်။ စကားတွေ ပြောတယ်။ ကူညီတယ်။ သားအတွက် အလုပ်ကြိုးစားလုပ်တာကို ကျေးဇူးတင်တယ် မေမေ။ မေမေ့ကို ချစ်တာကို ပြသတဲ့အနေနဲ့ သားက Grammerနဲ့ အရေးအသားကို ပိုပြီး ကြိုးစားမယ်၊ ဟင်းချက်တဲ့အခါ ကူညီမယ်၊ အခန်း ရှင်းပေးမယ်၊ စာမေးပွဲတိုင်း A+ ရအောင် ကြိုးစားမယ်၊ ဗီဒီယိုဂိမ်းတွေ မကစားတော့ဘူး"

မေမေ့ကိုချစ်တဲ့
သားခန့်

နောက်တစ်ရွက် လှန်လိုက်တော့ သူ့ရဲ့ကျောင်းက ကိုယ့်အမေ့ကို ဘယ်လောက်သိသလဲ ဆိုတဲ့ ခေါင်းစဉ်နဲ့ မေးခွန်းတွေ ပေးထားတာကို ဖြေထားတာ တွေ့ရပါတယ်။ ပြီးတော့ အမေကို ပြပြီး ဟုတ်၊ မဟုတ် မေးကြည့်လိုက်တယ်။ သူ ဖြေထားတာတွေက စမတ်ကျတာလည်း တွေ့ရပြီး၊ ပြုံးစရာလေးတွေလည်း တွေ့ရပါတယ်။

၁။ အမေ့ရဲ့ အကြိုက်ဆုံးအရောင်
ခရမ်းရောင်

၂။ အမေ အကြိုက်ဆုံး တီဗီစာတ်လမ်း
The Three Stooges

၃။ အမေ အနှစ်သက်ဆုံး အဝတ်အစားပုံစံ
ပေါ့ပေါ့ပါးပါး

၄။ အမေ့ကို သားဝတ်စေချင်တဲ့ အဝတ်အစား
မြန်မာဆန်ဆန်

၅။ အမေ အမြဲ ပြောတတ်တဲ့စကား
သား တီဗီ သိပ်မကြည့်နဲ့
၆။ အမေ စိတ်ဆိုးတတ်တဲ့အချိန်
အိပ်နေတုန်း သွားနှိုးတဲ့အချိန်
၇။ အမေ အကြိုက်ဆုံး အစားအစာ
ဟင်းသီးဟင်းရွက် အသုပ်
၈။ အမေ့ကို ချက်ပေးစေချင်တာက
နန်းကြီးသုပ် (အရသာရှိလို့)
၉။ အမေ အကြိုက်ဆုံး စားသောက်ဆိုင်
Bangkok Kitchen
၁၀။ အမေ အနားယူချင်တဲ့နေရာ
ငွေဆောင်ကမ်းခြေ
၁၁။ အမေရဲ့ ရယ်စရာကောင်းတဲ့ အကျင့်
သားကို ကလိထိုးတာ
၁၂။ အမေ့ရဲ့ အလှဆုံးနေ့
သူ လက်ထပ်တဲ့နေ့
၁၃။ အမေ့ရဲ့ ရယ်စရာကောင်းတဲ့နေ့
ဘောင်းဘီရည်ဝတ်ထားတဲ့အချိန်
၁၄။ အမေ့ရဲ့ အချစ်ဆုံး သူငယ်ချင်း
တစ်ယောက်တည်း နာမည် မရေးဘဲ လေးယောက်နာမည် ရေးထား
၁၅။ အမေ ခေါ်တဲ့ ချစ်စနိုး နာမည်
သားခန့်

သူ့အမေလည်း ပျော်ရွှင်သွားမယ် ထင်ပါတယ်။
အမေများနေ့မှာ သားသမီးတွေက အမေတွေကို လက်ဆောင်တွေ၊

ဆုတောင်းပေးတာတွေ မပေးဖြစ်၊ မလုပ်ဖြစ်ပေမယ့် အမေ့ရဲ့ ကျေးဇူးကို သတိရနေမယ်ဆိုရင် သားကောင်း သမီးကောင်း ဝိသနေမှာပါပဲ။

မိဘတွေအနေနဲ့ကလည်း သားသမီးတွေကို သူတို့ခြေထောက်ပေါ် သူတို့ ရပ်တည်နိုင်အောင်၊ သူတို့ပခုံးပေါ်ကို သင့်တော်တဲ့ တာဝန်လေးတွေ ချမှတ်ပေးနိုင်ရပါမယ်။ သားသမီးတွေကို သင်ပြလေ့ကျင့်ပေးရမယ့် အရေးအကြီးဆုံးအချက်က မိဘတွေ အကူအညီမပါဘဲ သူတို့ဘာသာ သူတို့ ရပ်တည်နေထိုင်တတ်ဖို့ပဲ ဖြစ်ပါတယ်။ တကယ်တော့ အမေတွေ ဆိုတာ မွေးရာပါ လောကအမြင်ရှိတဲ့ ဒဿနပညာရှင်တွေပဲ ဖြစ်ကြတယ် မဟုတ်ပါလား။

အမေနေ့တွေကို ကျေးဇူးသိသိနဲ့ ကျော်ဖြတ်နိုင်ကြပါစေ။

ဧရိုးကွက်ဂျာနယ်၊ (၃၀) ရက်၊ မေလ၊ ၂၀၁၃။

❑

အမှတ်ရစရာ ဦးသန့် အိမ်နေရာ

'ဦးသန့်ပြတိုက်' ဖွင့်ကြောင်း ကြားသိရပြီး မကြာခင်မှာပင် ခရာ ပိတ်ထားဦးမယ်လို့ သိရလို့ စကားဝိုင်းက မိတ်ဆွေများနဲ့ သွားဖြစ်ကြပါတယ်။ ဝင်ဒါမီယာတစ်ဝိုက်က ကျွန်မ ငယ်စဉ်ကတည်းက ကျွမ်းကျင်တဲ့ နေရာတွေ ဖြစ်ပါတယ်။ ဝင်ဒါမီယာက ကျယ်ဝန်းတဲ့ ဧရိယာထဲမှာရှိပြီး လမ်းသွယ်တွေနဲ့ ပိုင်းခြားထားပါတယ်။ အခုခေတ်မှာတော့ မြန်မာနာမည် တွေနဲ့ ပြောင်းလဲထားပါတယ်။ ဓမ္မစေတီလမ်း (ဘောင်ဒရီလမ်း) က တက်လာရင် အင်းလျားလမ်းအထိ ဝင်ဒါမီယာပါပဲ။ ဓော်ဂျီလမ်း (ဝင်ဒါမီယာ Park) က အင်းလျားလမ်းက ဝင်သွားရင် ဦးဝိစာရလမ်းအထိ ပေါက်ပါတယ်။ ယခင် ခေတ်ကတည်းက အရာရှိကြီးတွေ၊ ဝန်ကြီးတွေ နေကြပါတယ်။ ဦးနုခေတ်က ဝန်ကြီးချုပ် ရုံးစိုက်ခဲ့ပါတယ်။ ကျွန်မတို့ဖခင် ဦးဘတင့် ကာကွယ်ရေး ဝန်ကြီးဌာနမှာ အမြဲတမ်း အတွင်းဝန်ဖြစ်ခဲ့စဉ်က နံပါတ် (၁၀) ဝင်ဒါမီယာ Park မှာ နေခဲ့ကြပါတယ်။ ကပ်လျက်လမ်းက ပန်းဝါလမ်း။ ဝင်ဒါမီယာ Crescent လခြမ်းသဏ္ဌာန် ကွေ့သွားတဲ့အတွက် ခေါ်ဝေါ်ခဲ့ကြတာ ဖြစ်ပါတယ်။ နံပါတ် ၂၃ က မြန်မာ့အသံ အသံလွှင့်ရုံ နေရာ ဖြစ်ပါတယ်။ ကျွန်မတို့ဖခင် အကောက်ခွန်မင်းကြီး ဖြစ်တော့ နံပါတ် ၁၆ ပန်းဝါလမ်းမှာ ပြောင်းပြီး နေခဲ့ကြတယ်။ ဦးသန့်ရဲ့အိမ်က ၃၁ ပန်းဝါလမ်းပါ။ ကွေ့သွားရတဲ့ နောက်ဆုံးအိမ်ပါပဲ။ အခု ဈေးရှိနေတဲ့

လမ်းကတော့ ချင်းတွင်းလမ်း (အောက်ဝင်ဒါမီယာ LowerW) ဦးဝိစာရ လမ်းကို ပေါက်ပါတယ်။ ပြီးတော့ ရွှေလီလမ်း (ဝင်ဒါမီယာ Court) ပါ။ ဒီလမ်းကလည်း ဦးဝိစာရကို ပေါက်ပါတယ်။ လမ်းအားလုံးထဲမှာ အစိုးရပိုင် ခြံကျယ်ကြီးတွေနဲ့ အိမ်ကြီးတွေ ရှိပါတယ်။ အင်းလျားလမ်း ကျောဘက်ကလမ်းက ဆိပ်ကမ်းအာဏာပိုင်ဌာနပိုင်တဲ့ အိမ်ကြီးတွေ ရှိပါတယ်။ ဥယျာဉ်လမ်း (ဝင်ဒါမီယာ Gardens) လို့ ခေါ်ပါတယ်။ အင်းလျား လမ်းဘေးကနေ ဝင်သွားရတဲ့ လမ်းကတော့ ကျွန်မတို့နေတဲ့ သံလွင်လမ်း (Upperဝင်ဒါမီယာ) ဖြစ်ပါတယ်။ ဟိုတုန်းက ကုလားသူဌေး၊ တရုတ် သူဌေးတွေ ပိုင်တဲ့မြေတွေ ဖြစ်ပါတယ်။ ယခင်က ဆိတ်ငြိမ်ရပ်ကွက်တွေ ကို မြင်အောင် ရေးပြလိုက်ပါတယ်။

ဦးသန့်အိမ်ကို သွားကြတော့ အမှတ်ရစရာလေးတွေ ဖြစ်ရပါတယ်။ ကျွန်မတို့နေခဲ့တဲ့ ပန်းဝါလမ်းကို နှစ် ၆၀ ကျော်မှပဲ တစ်ခေါက် ပြန်ရောက် ရလို့ပါပဲ (အရင်က အစောင့်တွေ ချထားပြီး ဝင်ခွင့်မရှိပါဘူး)။ အိမ်ကြီး တွေက အိုမင်းနေပါပြီ။ တချို့အိမ်တွေက လူတွေနေပြီး တချို့လည်း ဒီအတိုင်းပဲ ပိတ်ထားတာ တွေ့ရပါတယ်။ နောက်ထပ် အမှတ်ရစရာက တော့ ဦးသန့်ရဲ့သမီး အေးအေးသန့်နဲ့ ကျွန်မ တက္ကသိုလ်ကို အတူတူ ရောက်ကြပါတယ်။ ထီးတန်းကောလိပ်မှာ စပြီးတက်ခဲ့ကြတယ်။ အင်တာ တန်းရောက်တော့ ယူကြတဲ့ ဘာသာတွဲ မတူတော့ပါဘူး။ သူက ရိုးရိုး အေးအေးလေးပါပဲ။ မတွေ့ကြတာ ကျောင်းထွက်ကတည်းကပဲ ဖြစ်ပါတယ်။ နောက်ထပ် ပြောစရာက အေးအေးသန့်ရဲ့ခင်ပွန်း ဒေါက်တာ တင်မြင့်ဦးနဲ့ ကျွန်မရဲ့ခင်ပွန်း ဦးမြစိန်တို့က မန္တလေး St. Peter's ကျောင်းမှာကတည်း က သူငယ်ချင်းတွေ ဖြစ်ပါတယ်။ သူတို့အုပ်စု မကြာခဏ တွေ့ဆုံလေ့ ရှိကြတယ်။ ဦးတင်မြင့်ဦး နိုင်ငံခြားကို ထွက်သွားတော့မှ ကွဲသွားကြပါ တယ်။

အိမ်ကြီးရဲ့ အောက်ထပ်အခန်းတွေမှာ ဦးသန့်ရဲ့ ပန်းချီကားတွေ၊ ဓာတ်ပုံတွေ၊ ဂုဏ်ထူးဆောင် ဆုလက်မှတ်တွေနဲ့ အသုံးအဆောင် ပစ္စည်း

တွေ ပြသထားပါတယ်။ ပန်းတနော် ဦးသန့် သို့မဟုတ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်က ဘာဝအမျိုးမျိုးကို ကျော်ဖြတ်ပြီး ကမ္ဘာသိ မြန်မာခေါင်းဆောင် ဖြစ်ခဲ့ပါတယ်။ ငယ်စဉ်ကပင် စာရေးစာဖတ် ဝါသနာ ပါခဲ့တဲ့အတွက် စာရေးခဲ့ပြီး စာအုပ်များ ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

ပန်းတနော်မြို့မှာ အချိုးသားကျောင်းဆရာ၊ အထက်တန်းကျောင်းအုပ် အဖြစ် အမှုထမ်းခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်မှာ ရန်ကုန်ကို ပြောင်းရွှေ့လာပြီး ဖဆပလအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ၊ ပြန်ကြားရေးဌာနမှာ ဒုတိယ ညွှန်ကြားရေးဝန်၊ ဒုတိယအတွင်းဝန်ကနေ ဝန်ကြီးချုပ်ဦးနုရဲ့ အတွင်းဝန် ဖြစ်ခဲ့ပါတယ်။ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ် သံအမတ်အဖြစ် ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် နှစ်ကြိမ်တိုင် ထမ်းဆောင်ခဲ့ပါတယ်။

ငြိမ်းချမ်းရေး ဗိသုကာအနေနဲ့ ကျူးဘားအရေးအခင်း၊ ဆိုက်ပရပ်စ် ပြဿနာ၊ အာရပ်-အစ္စရေး စစ်ပွဲနဲ့ အိန္ဒိယ-ပါကစ္စတန် ပဋိပက္ခများကို ဖြေရှင်းပေးခဲ့ခြင်းကြောင့် ထင်ရှားခဲ့ပါတယ်။ ကမ္ဘာပေါ်က တက္ကသိုလ် အသီးသီးက ဂုဏ်ထူးဆောင် (LLD) ဒေါက်တာဘွဲ့ ၃၅ ဘွဲ့ ချီးမြှင့်ခဲ့ ကြပါတယ်။ နိုင်ငံတော်ကလည်း ဝဏ္ဏကျော်ထင်ဘွဲ့၊ သီရိပျံချီဘွဲ့၊ စည်သူ ဘွဲ့၊ မဟာသရေစည်သူဘွဲ့ ချီးမြှင့်ခဲ့သလို မာရှယ်တီးတိုးရဲ့ ယူဂိုဆလပ် တံခွန် ဘွဲ့တံဆိပ် ချီးမြှင့်ခံရပါတယ်။

နိုဘယ်ငြိမ်းချမ်းရေး ကော်မတီက နိုဘယ်ငြိမ်းချမ်းရေးဆုပေးရန် ရည်ရွယ်ခဲ့ပေမယ့် ငြိမ်းချမ်းရေးအတွက် လုပ်နေတာက တာဝန်ထမ်းဆောင် နေတာပဲ ဖြစ်တယ်လို့ တုံ့ပြန်ပြီး နိုဘယ်ဆုကို ငြင်းပယ်ခဲ့ကြောင်း သိရှိ ရပါတယ်။

ပြသထားတဲ့ ဦးသန့်ရဲ့ ပုံတူပန်းချီကားကြီးက အသက်ဝင်လှပါ တယ်။ မြန်မာလူမျိုးစစ်စစ်ဆိုတာ ဒါပါပဲလို့ ပြောနေသယောင်ပါပဲ။ မြန်မာ ဆန်ဆန် ရုပ်ရည်က ကျက်သရေရှိပြီး မျက်လုံးတွေက ထက်မြက်ကြောင်း သက်သေပြနေပါတယ်။ မာန်မာနမရှိဘဲ ဖြူစင်ရိုးသားခြင်းက မျက်နှာမှာ

အထင်းသား ပေါ်လွင်နေတဲ့အတွက် အတော်ကြာကြည့်နေမိပြီး ဒါကြောင့်လည်း ကမ္ဘာကျော်တာပဲလို့ တွေးမိပါတယ်။ အဲဒီအချိန်က မြန်မာပြည်ကို မသိကြပါ။ ဦးသန့်ရဲ့ တိုင်းပြည်ဆိုမှ သိကြပါတယ်။ မြန်မာပြည်ရဲ့ ဂုဏ်ဆောင်တစ်ဦးအဖြစ် ကျော်ကြားခဲ့တာကို ဂုဏ်ယူခဲ့ရပါတယ်။

၁၉၇၄ ခုနှစ် ဦးသန့် အရေးအခင်း ဖြစ်ခဲ့တဲ့အချိန်က ကျွန်မက စက်မှုတက္ကသိုလ် အင်္ဂလိပ်စာဌာနမှာ အမှုထမ်းနေပါတယ်။ ကျွန်မတို့ ကျောင်းသားတွေအတွက် စိတ်ပူပန်ခဲ့ရပါတယ်။ ဦးသန့် ရုပ်ကလာပ်ကို ကြီတောသင်္ချိုင်းမှာ မမြှုပ်ဘဲ ဂူဗိမာန်နဲ့ ထားရဖို့ သူတို့ အသေအလဲ ကြိုးစားခဲ့ကြပါတယ်။ အသက်ဆုံးရှုံးသွားတဲ့သူတွေ၊ ကျောင်းထုတ်ခံရတဲ့သူတွေ၊ ထောင်ကျတဲ့သူတွေ၊ ကျောင်းကို ပြန်မလာကြတော့ဘဲ အဝေးကို လွင့်သွားကြတဲ့သူတွေ အများကြီးပါပဲ။ တွေးမိတိုင်း သူတို့အတွက် စိတ်မကောင်း ဖြစ်ရပါတယ်။ ထောက်လှမ်းရေးတွေက ဓာတ်ပုံတွေပြပြီး လိုက်မေးလာတဲ့အခါ ကျွန်မတို့က သူတို့ နိုင်ငံရေးလုပ်တာ မတွေ့ပါဘူးလို့ ဖြေကြားပြီး သူတို့ကိုလည်း ရှောင်တိမ်းကြဖို့ သတိပေးခဲ့ကြပါတယ်။ ကမ္ဘာကျော်တဲ့ ဦးသန့်ကို မနာလိုတဲ့ သူတစ်ယောက်ကြောင့် ဒီလို အရှုပ်ဆိုး အကျည်းတန်တဲ့ ဖြစ်ရပ်တွေ ပေါ်ပေါက်ခဲ့ရတာ လူတိုင်း အသိပါပဲ။

ဗုဒ္ဓဂါယာ ဘုရားဖူးသွားခဲ့တုန်းက နီပေါပြည်မှာရှိတဲ့ မြတ်စွာဘုရားဖွားတော်မူရာ လုမ္ဗိနီကို ရောက်ခဲ့ပါတယ်။ ဦးသန့်က ဖောင်ဒေးရှင်းထူထောင်ပြီး အားလုံး ပြုပြင် ပေးထားပါတယ်။ ပြခန်းထဲမှာ ဦးသန့်ပုံ အကြီးကြီး ချိတ်ထားတာကိုတွေ့တော့ "တို့တိုင်းပြည်မှာ ဦးသန့်ပုံကို ချိတ်ခွင့်မရှိဘဲ တိုင်းတစ်ပါးမှာ လာတွေ့ရတော့ ဝမ်းနည်းစရာပဲ" လို့ ပြောခဲ့ဖူးပါတယ်။ ဦးသန့်ရဲ့ ကုသိုလ်တွေကို သာဓုခေါ်ခဲ့ပါတယ်။

ဦးသန့်ရဲ့ ငြိမ်းချမ်းရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော အကြောင်းများနဲ့ ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်များနဲ့ အတူတွဲပြီး ရိုက်ထားတဲ့ ဓာတ်ပုံတွေကို လှည့်လည်ကြည့်ရှုရင်း နှစ် ၄၀ ခန့် ဖော်ထုတ်ပြသခြင်း မပြုရတဲ့အတွက် ဝမ်းလျှိုးနေခဲ့ရတယ်။ အခုမှပဲ ကမ္ဘာ့အလယ်မှာ

တင့်တယ်ထင်ရှားခဲ့တဲ့ ဦးသန့်ရဲ့ အကြောင်းတွေကို လူသူအများ သိခွင့်မြင်ခွင့် ရကြပြီဖြစ်လို့ ဝမ်းသာကြည်နူးမိပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

"စိတ်ကူးစိတ်သန်းနှင့် မလုံလောက်ပါ။ စွန့်စားလုပ်ဆောင်မှုနှင့် ပေါင်းစပ် ရပါမယ်။ လေ့ကားထစ်များကို မျှော်ကြည့်နေရုံနှင့် မလုံလောက်ပါ။ လေ့ကားပေါ်သို့ တက်လှမ်းကြရပါမည်"

(Vaclav Havel)

Popular News ဂျာနယ်၊ (၂၃) ရက်၊ မေလ၊ ၂၀၁၃။

❑

သားမြေးတို့အတွက် ဆယ်ယူကြပါစို့

သားမြေးတို့အတွက် ဆယ်ယူကြပါစို့

ရှေးလူကြီးတွေက ကပ်ဆိုးကြီးတွေ ဆိုက်လာတာ လူတွေကြောင့်။ လူတွေ ဒေါသ၊ လောဘ၊ မောဟတွေ ကြီးလာတာကြောင့်လို့ ပြောခဲ့ကြပါတယ်။ ငယ်ရွယ်စဉ်ကတော့ လျှင်လှုပ်တာ၊ ရေကြီးတာ၊ မီးလောင်တာ၊ ရောဂါဆိုးကြီးတွေ ဖြစ်ပေါ်တာ လူတွေနဲ့ ဘာဆိုင်လို့ပါလဲလို့ တွေးခဲ့ဖူးပါတယ်။

အခုအခါမှာတော့ လူကြီးတွေ ပြောခဲ့တာ အမှန်ပါလားလို့ သဘောပေါက်လာပါပြီ။ ကျွန်မတို့နဲ့ ရင်းနှီးတဲ့ ဆရာတော်တစ်ပါးက 'ကပ်ဆိုးကြီးတွေ ရောက်လာတော့မှာနော်၊ လူတွေ ဒုက္ခရောက်ကြလိမ့်မယ်၊ နောက်ဆယ်နှစ် အနှစ်နှစ်ဆယ်လောက်မှာ ကြံ့ရလိမ့်မယ်၊ ရတနာသုံးပါးကို ဆည်းကပ်ကြ၊ မပျေ့ဆန့်' လို့ ခဏခဏ မိန့်တတ်ပါတယ်။ ကုန်ဈေးနှုန်းတွေလည်း မတက်သေးတဲ့ခေတ်၊ အရေးအခင်း မဖြစ်သေးဘဲ ရတဲ့ဝင်ငွေနဲ့ အေးအေးဆေးဆေး နေရိုင်တဲ့ခေတ်ဖြစ်လို့ ဆရာတော်က မဖြစ်နိုင်တာတွေကို ပြောနေတာပဲလို့ ထင်ခဲ့တယ်။ အခုအခြေအနေတွေကို ဆရာတော် အသက် ထင်ရှားရှိရင် ဘယ်လိုမိန့်မလဲ သိချင်လှပါတယ်။

နေ့စဉ် ဂျာနယ်တွေ၊ သတင်းစာတွေ ဖတ်လိုက်ရင် ဒေါသကြောင့် အလွယ်တကူ လူသတ်တာတွေ၊ ဓားနဲ့ထိုး၊ သေနတ်နဲ့ပစ်တာတွေ၊ မောဟကြောင့် အရွယ်မရောက်သေးတဲ့ မိန်းကလေးတွေကို မတရားကျင့်ကြတာ

တွေ၊ လောဘကြောင့် လိမ်လည်မှုတွေ၊ မြေတွေ မတရားသိမ်းတာတွေ၊ သစ်တောတွေ ကုန်အောင် ခုတ်ရောင်းတာတွေ၊ ကျောက်စိမ်းတွေ ခိုးထုတ်တာတွေ၊ မူးယစ်ဆေးဝါးတွေ သုံးစွဲတာ၊ လူငယ်လူရွယ်တွေသာမက ကျောင်းသားအရွယ်လေးတွေက မူးဝေစေတဲ့ ကော်ရှုတာတွေအထိ သိလာရတော့ လူတွေရဲ့ စိတ်တွေက ကြမ်းတမ်းလာပြီး ဆင်ခြင်ရမယ့် အသိစိတ်ဓာတ်တွေလည်း ခေါင်းပါးကုန်ကြပါပေါ့လားလို့ တုန်လှုပ်မိပါတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေ၊ နည်းပညာတွေ ထွန်းကားလာပေမယ့် စိတ်ဓာတ်တွေကတော့ နိမ့်ကျနေကြပါသေးတယ်။

ဆရာကြီး မင်းသုဝဏ်က ကဗျာတစ်ပုဒ် ရေးခဲ့ပါတယ်။ ရေးခဲ့တဲ့ ရက်စွဲကို မသိရပေမယ့် ခေတ်ပျက်အစမှာ ရေးခဲ့ဟန်တူပါတယ်။ မြင်တွေ့နေရတာကို စိတ်မကောင်းစွာနဲ့ မြန်မာတွေကို ဘယ်လို ဆယ်တင်ရပါ့မလဲ၊ နိုးကြားပါတော့၊ သားမြေးတွေအတွက် ကြိုးစားလုပ်ဆောင်ကြပါစို့လို့ သတိပေး နှိုးဆော်ခဲ့တဲ့ ကဗျာပါပဲ။ ဆရာကြီးသာ အသက်ထင်ရှား ရှိသေးရင် အခုခေတ် အခြေအနေတွေကို ယူကျုံးမရ ဖြစ်မှာပါပဲ။

မြန်မာတို့အတွက်

ငါသာလျှင်တော်၊ သူမတော်ဟု
လူတော်ထင်ပါ၊ တို့မြန်မာကို
ဘယ်ခါ ဆယ်၍ ရမလဲ။
ကြွားရင်းနှင့်နစ်၊ ဝါရင်း နစ်သည့်
နစ်လျက်နေပါ၊ တို့မြန်မာကို
ဘယ်ခါ ဆယ်၍ ရမလဲ။
အကောင်း ဆိုးထင် ဆိုး ကောင်းထင်နှင့်
အထင်လွဲပါ၊ တို့မြန်မာကို
ဘယ်ခါ ဆယ်၍ ရမလဲ။

သူ့ကို ငါငြိုး၊ ငါ့ သူငြိုးနှင့်
အငြိုးကြီးပါ တို့မြန်မာကို
ဘယ်ခါ ဆယ်၍ ရမလဲ။
ညည်း၍မပြီး၊ ညူးမပြီးဘူး
အပြီးတကား၊ လုပ်နိုင်ပါမှ
တော်ရာကျလိမ့် နောင်အဖို့။
နိုးကြထကြ မြန်မာတို့၊
သားမြေးတို့အတွက် ကြိုးစားစို့။

မင်းသုဝဏ်

လောကီဘက်ကပဲကြည့်ကြည့်၊ လောကုတ္တရာဘက်ကပဲကြည့်ကြည့် ခေတ်ကို ထင်ဟပ်စေတဲ့ကဗျာ ဖြစ်ပါတယ်။ တရားသဘောနဲ့ ကြည့်ရင်လည်း အလွန်ကို ဆင်ခြင်သင့်တဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။ လူတွေက တော်တဲ့လူကို တော်တယ်မထင်။ ကိုယ်မတော်ပေမယ့် တော်တယ်ထင်ပြီး လက်မထောင်တတ်ကြတယ်။ ဒီအခါမှာ ကမောက်ကမ ဖြစ်ပါတော့တယ်။ ကြားဖူးတာက တချို့သောသူတွေက Ph.D ရဖို့ တခြားသူရေးပေးတဲ့ Thesis ကို ဝယ်ယူပြီး တင်လို့ အောင်သွားကြပါတယ်တဲ့။ သံဃာလောကမှာပင် စာမေးပွဲတွေမှာ မေးခွန်းကို ငွေနှင့်ဝယ်ပြီး အောင်သွားကြတာတွေ၊ သံဃာဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးတွေရဖို့ ငွေနှင့်လိုက်ပြီး ရယူတာတွေ ရှိလာတဲ့အတွက် တကယ်တော်တဲ့သူ နည်းပါးသွားပါပြီ။

ကြွားရင်းနဲ့ နစ်နေ၊ ဝါရင်းနဲ့ နစ်နေတာတွေကို သူတို့က အကုသိုလ်မှန်း မသိကြလို့လား၊ သိသိနဲ့ပဲ ပြုလုပ်နေကြသလား မသိပါ။ သဘော်သားဘဝမှာ ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရပြီး စာမေးပွဲ အဆင့်ဆင့် ဖြေပြီးမှ အမြင့်ဆုံး ကပ္ပတိန်ရာထူးကို ရပါတယ်။ ဖြတ်လမ်းက သွားချင်သူတွေက လက်မှတ်အတုနဲ့ ကြားလိုင်းတွေ တက်ကြတယ်။ လုံခြုံမှုတော့ မရှိပါဘူး။ သဘော်ကြီးတွေကို ဆီလိုက်ထည့်ရတဲ့ ဆီသဘော်တွေ ရှိပါတယ်။

တစ်သင်္ဘောလုံး ဆီခိုးပြီး ခွဲဝေယူကြတယ်။ ခိုးသင်္ဘောလို့ နာမည်ပေးထားကြတယ်။ မိရင်တော့ လျှော်ရင်လျှော်၊ မလျှော်နိုင်ရင် ထောင်ကျပါတယ်။ ဒါဟာ အဘိဓျာပါပဲ။ သူများဥစ္စာ ငါရသော် ကောင်းလေစွဆိုတဲ့ စိတ်နဲ့ ခိုးကြပြီး အကုသိုလ် ဖြစ်နေကြပါတယ်။ အမေတစ်ယောက်က အဲဒီလို သင်္ဘောက ဆင်းလာတဲ့သားကို "သား၊ သေတ္တာ (၁၈) လုံး ပါလာတာ ပြောလိုက်ဦးလေ" လို့ မကြွားသင့်တာကို ကြွားနေတာ ကြားရတော့ မကောင်းတာလုပ်ရတာကို မရှက်တတ်ကြပါလားလို့ တွေးမိပါတယ်။ ငွေတွေရပြီး အိမ်ဆောက်ကြ၊ အလှူတွေလုပ်၊ ကားတွေစီးနေကြပေမယ့် လိပ်ပြာသန့်ရဲ့လား မသိပါ။

အကောင်းကို အဆိုးထင်ပြီး အဆိုးကို အကောင်းထင်နေကြတာက တော့ ပညာအသိ မရှိလို့ အလွဲကြီး လွဲနေကြတာပါပဲ။ ဒါကြောင့်လည်း တိုင်းပြည်က ဆင်းရဲတွင်းထဲက မတက်နိုင်တာ ဖြစ်ပါတယ်။ ပညာအမြော် အမြင်ရှိတဲ့ခေါင်းဆောင် အုပ်ချုပ်မှုသာ တိုင်းပြည်တိုးတက်ဖြစ်ထွန်းမှာ အသေအချာပါပဲ။

အငြိုးကြီးပြီး အပြန်အလှန် ငြိုးရင်းက ရခိုင်အရေးအခင်း၊ မိတ္ထီလာ၊ လားရှိုး တသီတတန်းကြီး ဒုက္ခသည်တွေ ဖြစ်ကုန်ကြပါရောလား။ ဘာသာရေး၊ လူမျိုးရေး အကြောင်းပြကြပေမယ့် မစ္ဆရိယတရားဖြစ်တဲ့ ဝန်တိုမလိုမုန်းထားခြင်းကြောင့် လူလူချင်း ရန်ရှာကြတာတွေ၊ မီးရှို့ကြတာတွေ ဖြစ်ကုန်ပါတယ်။ မေတ္တာနဲ့ စာနာတတ်ကြရင်ဖြင့် မိတ္ထီလာလို အတူတူ နေထိုင်လာကြတဲ့သူအချင်းချင်း အရှပ်ဆိုး အကျည်းတန်တဲ့ ဖြစ်ရပ်တွေ ဖြစ်လာစရာ မရှိပါဘူး။

ကြဲကြိုက်လို့ ဦးဘုန်း (ဓာတု) ရဲ့ 'လေစိမ်း' ဆိုတဲ့ မနာလိုခြင်းသဘာဝကို ပြဆိုတဲ့ အတွေးစာစုထဲက တွေးစရာလေး တစ်ခုကို မျှဝေပေးချင်ပါတယ်။ (ကြော်ငြာဝင်တာတော့ မဟုတ်ပါဘူး၊ ကျွန်မကို အမှာစာ ရေးခိုင်းလို့ ကြိုပြီး ဖတ်ရတာပါ။)

"မနာလိုခြင်းဆိုတာ ကိုယ် ရှုံးနိမ့်နေကြောင်း ဝန်ခံတဲ့စိတ်ပဲ၊

ကိုယ်က သူတို့ထက် နည်းနည်းလေး သာသွားခဲ့ရင် ကိုယ့်ကို သူတို့က မနာလိုဖြစ်တော့တယ်၊ ဒါပေမဲ့ ကိုယ်က သူတို့ထက် အများကြီး သာသွားခဲ့ရင်တော့ ကိုယ့်ကို သူတို့က အားကျလာကြပြန်ရော၊ မနာလို အဖြစ်ခံရတယ်ဆိုတာ ဂုဏ်ယူရမယ့်ကိစ္စ"

ဟုတ်ပါတယ်၊ ဦးဘုန်းပြောသလိုပဲ လူတွေက တော်တော် ခက်ပါတယ်။ ကိုယ့်ထက် သာတဲ့သူကိုတော့ မေးငေါ့တတ်ကြတယ်၊ ကိုယ်နဲ့ တန်းတူကိုတော့ မနာလိုတတ်ကြတယ်၊ ကိုယ့်ထက် နိမ့်ကျတဲ့သူကိုတော့ နှာခေါင်းရှုံ့တတ်ကြတယ်ရှင်။ ချီးကျူးတယ်၊ ကဲ့ရဲ့တယ်ဆိုရင် သိပ်မခံစားမိဖို့ပါပဲ။ တဒင်္ဂပါပဲ၊ လေစိမ်းတွေတိုက်လည်း တလူလူပါပဲတဲ့။

ဒါကြောင့် ဆရာကြီး ကဗျာထဲကလို အဘိဓျာလည်း ပွားမနေသင့်ပါဘူး။ မနာလိုဝန်တိုတာလည်း မဖြစ်ပါနဲ့။ အကောင်းမြင် စိတ်ထားနဲ့ အင့်ဦးလည်း မထားပါနဲ့တော့။ သူတော်တာကိုလည်း လက်ခံလိုက်ပါတော့။ တိုင်းပြည်ကောင်းစားရေး နောင်လာနောက်သား မြေးမြစ်များ အနာဂတ် အရေးအတွက် ညည်းညူမနေတော့ဘဲ၊ တစ်ယောက်နဲ့ တစ်ယောက်လည်း အပြစ်တင်မနေတော့ဘဲ လိုရာပန်းတိုင် ရောက်တဲ့အထိ ကြိုးစားလုပ်ဆောင်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

ဓမ္မဒူတ၊ ၂၀၁၄။

❑

မြင်ရ ကြားရ ကုသိုလ်ရ

တစ်နေ့ဆီက မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးရဲ့ တိုက်အုပ်ဆရာတော် ဦးသိရိကဘွနက ရွှေရတုမွေးနေ့ပွဲ ဖိတ်တဲ့အတွက် ကျောင်းကို ရောက်သွားတဲ့အခါ ရာဇမတ်ကာ ထီးဖြူတွေမိုးပြီး လှုံ့ဖြော်ယပ်စွဲညီးတွေကို ပြင်ဆင်နေကြတာကို တွေ့လိုက်ရပါတယ်။ ကျွန်မစိတ်ထဲမှာ ကြည်နူးသွားပြီး ကြီးကျယ်တဲ့ အလှူပါလားလို့ ကုသိုလ်တွေ ပွားများသွားပါတယ်။ ဆရာတော်ထံပါးကိုရောက်တော့ "ဘုန်းဘုန်းအလှူက ကြီးကျယ်ခမ်းနားလိုက်တာနော်၊ တပည့်တော်တို့ဖြင့် ကြည်နူးသွားတာပါပဲ" လို့ လျှောက်တော့ "ပါးပါးလေးပါ ဒကာမကြီးရဲ့၊ ကုသိုလ်ဆိုတာ စိတ်ထဲက တွေးရုံနဲ့ မဖြစ်ဘူး၊ ကြားရ မြင်ရမှ ကုသိုလ်စိတ်တွေ ဖြစ်တယ်၊ ဒါလည်း ဒါန ကုသိုလ်တွေနဲ့ အကျမ်းဝင်နေမှ အာရုံမှာ ထင်တတ်တာလေ၊ ဒကာမကြီးတို့က ဘုန်းကြီးရဲ့ အလှူကို တွေ့ရ မြင်ရလို့ ဝမ်းသာစိတ်နဲ့ ကြည်နူးကြပေမယ့်၊ ဆိုကြပါစို့ တံငါသည်တစ်ယောက်က ငါးဖမ်းဖို့အသွားမှာ ဘုန်းကြီးကျောင်းနားက ဖြတ်သွားတယ်၊ ကျောင်းထဲက ပဌာန်းရွတ်သံတွေကို ကြားနေရပေမယ့် သူ့အာရုံက ငါးဖမ်းဖို့ထဲကိုပဲ ဝင်စားနေတော့ ပဌာန်းရွတ်သံကို အာရုံခံစားတာ မရှိတော့ ကုသိုလ်မဖြစ်ဘူးလေ" လို့ အလုပ်များနေတဲ့ကြားကပဲ ရှင်းပြတော်မူပါတယ်။ အဲဒီနေ့က ဆရာတော်ကို ခမည်းတော် မယ်တော်တွေက သိက္ခာထပ်ခြင်း၊ ပင့်သံဃာ (၅၀)၊ ကျောင်း

သံဃာ (၁၄၀) နဲ့ သီလရှင် (၅၀) ကို လှူဖွယ်များ လောင်းလှူခြင်းတို့ကို ကြားရ မြင်ရလို့ ကုသိုလ်စိတ်တွေ ပွားများခဲ့ကြရပါတယ်။ ဆရာတော်ကြီး များကိုလည်း ဖူးခဲ့ကြရပါတယ်။

ပုထုဇဉ်သာမန်လူတွေအတွက် ကုသိုလ်ဖြစ်စရာကို မြင်မှ ကြားမှ ကုသိုလ်ပွားများနိုင်တယ်ဆိုတာကို တစိမ့်စိမ့် စဉ်းစားဆင်ခြင်ကြည့်ဖို့ လိုပါ တယ်။

စစ်ကိုင်းတောင်ရှိ မြစကြာကျောင်းတိုက်က စည်းကမ်းကောင်းတယ်။ စာသင်သားတွေ အနေအထိုင် တော်တယ်။ နှစ်စဉ် ပထမကျော်၊ သာမဏေ ကျော်တွေ ထိပ်တန်းက ပေါ်ထွက်တယ်။ သက္ကသီဟ၊ စေတိယဂ်ဏ၊ အဘိဝံသ ရဟန်းတွေ ပေါ်ထွက်တယ်လို့ ကျော်ကြားပါတယ်။ ပဓေန နာယက ဆရာတော် အရှင်ဣန္ဒကာဘိဝံသရဲ့ ကောင်းသတင်းကလည်း သင်းပျံ့နေပါတယ်။ ဘုံကျော်ဆရာတော်က "ဦးဣန္ဒကာဘိဝံသက စာတော်ရဲ့ မကဘူး၊ အနေအထိုင် အပြောအဆို စိတ်ဓာတ် အားလုံး တော်တယ်။ ဒါကြောင့် မြစကြာကျောင်းက အောင်မြင်နေတာပေါ့။ မဟာဂန္ဓာရုံတိုက်ထွက်တွေထဲမှာတော့ ထိပ်တန်းကပဲ" လို့ မိန့်ဖူးပါတယ်။ ကြားဖူးရုံသာ ကြားဖူးပြီး တစ်ခါမှ မဖူးဖူးပါဘူး။ သားရဟန်း အရှင် ဆန္ဒာဓိက ခြေထောက်ထိခိုက်စဉ်က မန္တလေးဆေးရုံကြီးမှာ မြစကြာ ဆရာတော် သတင်းမေးကြွလာတော့ သားရဟန်းက မိတ်ဆက်ပေးပါ တယ်။ ဆရာတော်က ငယ်ငယ်ပဲ ရှိပါသေးတယ်။ "ဒကာမကြီးစာအုပ်တွေ ဘုန်းကြီးတို့ ကျောင်းက စာကြည့်တိုက်မှာ ရှိတယ်" လို့ မိန့်သွားပါတယ်။ မြစကြာကျောင်းတိုက်ကို ရောက်ဖူးချင်ပြီး ဆွမ်းကပ်ချင်တဲ့ဆန္ဒက အဲဒီ အချိန်ကတည်းက စိတ်ထဲမှာ အမြဲ ရှိနေခဲ့ပါတယ်။

အရင်နှစ်က မြင်းမူမှာ စတည်းချပြီး ဘုရားတွေ ဖူးကြဖို့ သားငယ် မိသားစုက စီစဉ်ပါတယ်။ ကျွန်မလည်း မြင်းမူကတူမကို မြစကြာကျောင်း မှာ ဆွမ်းရက်ယူခိုင်းထားလိုက်ပါတယ်။ မင်းကွန်းဘိုးဘွားရိပ်သာကိုလည်း တစ်နေ့တာ အာဟာရလှူဖို့နဲ့ သိက္ခာထပ်ထားသော ရဟန်း တိပိဋ္ဌက

ဆရာတော် ဦးဝံသပါလာလင်္ကာရရဲ့ ကျောင်းမှာလည်း ဆွမ်းပဒေသာပင်လျှဖို့ စီစဉ်ပါတယ်။

မြစကြာကျောင်းတိုက်ကြီးက ကျောင်းဆောင်အသွယ်သွယ်တွေနဲ့ ခမ်းနားလှပါတယ်။ အထူးသဖြင့် သုံးထပ်စာကြည့်တိုက်ကြီးက သားနားလှပါတယ်။ စာအုပ်အမျိုးစုံ ထားရှိပါတယ်။ ဆရာတော်က စာပေကို အထူးလေ့လာလိုက်စားတယ်လို့ သိရပါတယ်။ ဆွမ်းကပ်စဉ်က ဆရာတော် သီရိလင်္ကာနိုင်ငံသို့ ကြွနေလို့ ဖူးခွင့်မကြုံခဲ့ပါ။

ဆရာတော်က မြင်းမူမှ တူမများနဲ့ ကျွန်မရဲ့ မိတ်ဆွေများနဲ့ ဆုံတိုင်း ကျွန်မ ဆွမ်းလာကပ်စဉ်က သူမရှိလို့ မဆုံလိုက်ရကြောင်း အမြဲမိန့်တယ်လို့ သိရပါတယ်။

ဆရာတော်ရဲ့ တရားတွေကို နာရတဲ့အခါမှာ ညင်ညင်သာသာရှိပြီး အသံတော်က ကြည်လင်နေပါတယ်။ ဆွဲဆောင်တဲ့မာတ်ရှိတဲ့ အသံတော်ဖြစ်ပါတယ်။ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အသံတော်နဲ့ တူသလို ခံစားမိပါတယ်။ စာချုပ္ပက်မှာ စိုးရိမ်တာကြောင့် တရားပွဲပင့်တိုင်း မကြွပါဘူး။ ရင်းနှီးသူများနဲ့ ညချင်းပြန်နိုင်တဲ့နေရာများကိုသာ ကြွလေ့ရှိပါတယ်။

ဒီနှစ် ဖေဖော်ဝါရီလမှာ သားကြီး မိသားစုက အလောင်းတော်ကဿပကို မြင်းမူကနေပြီး နေ့ချင်းပြန်သွားဖူးကြဖို့ စီစဉ်ပါတယ်။ ကျွန်မက အလောင်းတော်ကဿပကို လိုက်မသွားဘဲ မြင်းမူက တူမနဲ့ စစ်ကိုင်းက မြစကြာကျောင်းကို သွားခဲ့ပါတယ်။ ဆရာတော်က ပညာရေးဖောင်ဒေးရှင်း ထူထောင်ထားတာကို လှုချင်လို့ပဲ ဖြစ်ပါတယ်။ ဒီတစ်ခေါက်တော့ ဆရာတော်ကို ဆိုက်ဆိုက်မြိုက်မြိုက် ဖူးခွင့်ရပါတယ်။ ဆရာတော်က ဖျားနေတာ သက်သာစပြုလာတဲ့ နေ့ပါပဲ။ နည်းနည်းနွမ်းနယ်နေတာကလွဲလို့ ကျွန်မတို့ကို ရင်းရင်းနှီးနှီး ကြိုဆိုစကားပြောပါတယ်။ စံပြလုပ်ရပ်တွေ ကြောင့် ကျောင်းတိုက်ကြီး ကျော်ကြားနေပေမယ့် ဆရာတော်ကတော့ ဟိတ်ဟန်လည်း မရှိသလို ကျော်ကြားတာတွေကိုလည်း နှစ်သက်ဟန် မတူပါဘူး။

"ပညာရေးဖောင်ဒေးရှင်းကိုလည်း တစ်ပိုင်တစ်နိုင်ပဲ လုပ်တာပါ။ ကျယ်ပြန့်လာအောင် မလုပ်ချင်ပါဘူး။ ရွာက ဆင်းရဲလို့ ကျောင်းမနေနိုင်တဲ့ ကလေးတွေကို ထောက်ပံ့တယ်။ ဆရာ ဆရာမတွေကိုလည်း အားတက်စေဖို့ ထောက်ပံ့တယ်" လို့ မိန့်ပါတယ်။

ဆရာတော် သီတင်းသုံးဖို့ လှူထားတဲ့ ငွေထီးသုံးလက် တစ်ပါးနေ ကျောင်းလေးကို ဓာတ်ပုံရိုက်ခဲ့ကြပါတယ်။

အဲဒီနေ့က ရန်ကုန်က သက်နိုးတိုက်တစ်တိုက်က ဆွမ်းကပ်လှူတာ အပြင် ကျောင်းတိုက်ရှိ သံဃာ (၂၂၅) ပါးကို သံဃာစေ့ သက်နိုးကပ်တယ် ဆိုတာကို မြင်ခဲ့ရလို့ မုဒိတာစိတ်နဲ့ သာဓုခေါ်ခဲ့ပါတယ်။ သဒ္ဓါတရား ကောင်းကြပါပေတယ်။ မြစကြာဆရာတော်ရဲ့ သီလရှင်မယ်တော်ကြီးက ကျောင်းမှာ ရှိနေတာကို သိထားလို့ ဝင်ပြီးဖူးပါတယ်။ ဒေါ်ပုညဝတီခေါ် ဘွားပုံက အသက် (၈၈) နှစ် ရှိပါပြီ။ ကျန်းမာပြီး ရှင်ရှင်လန်းလန်းပါပဲ။ ဖော်ရွေစွာ လိမ္မော်သီးတွေကျွေးပြီး-

"အသက် (၅၅) နှစ်မှာ မိသားစုကို ထားခဲ့ပြီး သီလရှင်ဝတ်ပြီး စစ်ကိုင်းတောင်က ရွှေစေတီကျောင်းမှာ နေခဲ့တာ။ မြစကြာ မူလဆရာတော်ကြီး ဦးလက္ခဏာက သားရဟန်းဆီမှာ နေဖို့ လာခေါ်တာ သုံးကြိမ်မြောက်မှာ လိုက်ခဲ့ရတော့တယ်"

လို့ ပြောပါတယ်။

ဘွားပုံကို စောင့်ရှောက်နေတဲ့ မြေးမလေး ယဉ်ယဉ်က-

"ဘွားပုံက အစားနည်းတယ်၊ ငွေထီးသုံးလက်က ဘုန်းဘုန်းကိုရော၊ အဘွားကိုရော နေ့စဉ် ဆွမ်းချိုင့်ပို့တယ်၊ သမီးတို့ကလည်း နေ့စဉ် ဘုန်းဘုန်းအတွက် ဆွမ်းဟင်းသုံးခွက် ချက်ရတယ်"

လို့ ပြောပြပါတယ်။ ဆရာတော်က မယ်တော်ကြီးဆီကို နေ့စဉ် လာတတ်ပြီး မယ်တော်ကြီးကို လှူကြတာကိုသိတော့-

"ဘွားပုံက ဘုန်းကြီးထက် ချမ်းသာတာ"

လို့ စနောက်လေ့ရှိကြောင်း သိရပါတယ်။ စေတိယဂိုဏ အောင်

ထားတဲ့ မြေးဦးပဋ္ဌင်းလေးကိုလည်း ဖူးခဲ့ရပါတယ်။ တစ်ပြည်လုံး (၉) ပါး အောင်တာမှာ မြစကြာကျောင်းက (၃) ပါးအောင်ကြောင်း သိရပါတယ်။

မိဘကို အနားမှာထားပြီး ကျွေးမွေးစောင့်ရှောက်ရင် ဘုန်းပိုကြီးတယ်ဆိုတာ ကိုယ်တွေ့ ကြုံခဲ့ မြင်ခဲ့ရလို့ ဝမ်းသာပီတိနဲ့အတူ ကုသိုလ်တွေ ပွားများခဲ့ကြောင်း ရေးပြလိုက်ရပါတယ်။

ဓမ္မဒူတဘာသာရေးမဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၁၃။

❑

နလုံးသွင်းမှန်ကြပါသည်

ဘယ်လိုအကြောင်းတွေကို နလုံးသွင်းမှန်နေကြပါလိမ့်လို့ မေးလာမယ်ဆိုရင် ကျွန်မတို့ လက္ခဏာရေးသုံးပါးဖြစ်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေကို ဆင်ခြင်တတ်လာပြီလို့ ဆိုလိုပါတယ်။ နလုံးသွင်း မမှန်ကြရင် အမှားစွဲတွေကို တွယ်တာနေကြဦးမှာ ဖြစ်ပါတယ်။

အနိစ္စဆိုတဲ့ မမြဲတဲ့တရားက ရုပ်နာမ်ခန္ဓာကို ရှုကြည့်မယ်ဆိုရင် အမြဲဖောက်ပြန်နေတာ တွေ့ရပါတယ်။ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာပါပဲ။ ဒုက္ခက ဆင်းရဲခြင်းတရားပါ။ ဖြစ်ပြီး ပျက်မှုသာ အမြဲရှိနေလို့ ဒုက္ခဆင်းရဲရပါတယ်။ အနတ္တတရားက ဖြစ်ပေါ်ပျက်နေတဲ့ ထိန်းချုပ်မရတဲ့ အစိုးမရတဲ့တရား ဖြစ်ပါတယ်။ အနိစ္စမမြဲတဲ့သဘောကိုမြင်ရင် ဒုက္ခကို မြင်တော့တယ်။ ဒီလိုမြင်ရင် အနတ္တတရား သဘောကျ မဖြစ်နိုင်တာကို မြင်လာပါတယ်။ အို နာ သေ တရားက မလွတ်နိုင်တဲ့အတွက် နလုံးသွင်းမှန်ဖို့ အရေးကြီးပါတယ်။

ကျွန်မအဖို့က လူဘဝသက်တမ်းအရ နေဝင်နေပြီဖြစ်လို့ အမြဲဖောက်နေတဲ့ ခန္ဓာကိုယ်ကြီးကို မပြတ်သတိနဲ့ စောင့်ကြည့်နေရပါတယ်။ မအိပ်ခင်အထိ တရားနာပြီး တရားနဲ့ နေပါတယ်။ မနက်နိုးတာနဲ့ ကိုယ်လက်သုတ်သင်ပြီးရင် တရားနာပြီးမှ တခြားလုပ်စရာတွေကို ပြုလုပ်ပါတယ်။ ဓာတ်ပုံတွေကို ရှင်းလင်းတော့ ကျွန်မနဲ့တကွ မိတ်ဆွေသူငယ်ချင်း

တွေ အိုမင်းလာကြတာကို ဓာတ်ပုံတွေက တရားပြနေပါတယ်။ ကျွန်မ မရှိတဲ့နောက် ပျောက်ပျက်ကုန်မှာဖြစ်လို့ စကားဝိုင်းက စာပေမိတ်ဆွေတွေ စိတ်ဝင်စားကြမယ့် လူထုဒေါ်အမာရဲ့ မွေးနေ့ပွဲဓာတ်ပုံတွေ၊ ဆရာကြီး မင်းသုဝဏ် ထမနဲပွဲကပုံတွေ၊ ဆရာကြီး မောင်ထင် မွေးနေ့ကပုံတွေနဲ့ ဒေါ်ပတ္တမြားခင်မွေးနေ့ပွဲက ဓာတ်ပုံတွေကို အမှတ်တရ ကြိုက်တာယူကြပါလို့ ပေးလိုက်ပါတယ်။ ကွယ်လွန်သွားကြပြီဖြစ်တဲ့သူတွေ အများကြီးပါပါတယ်။

"မသေခင် ပေးရတာ၊ နောက်တော့ ပျောက်ပျက်ကုန်လိမ့်မယ်" လို့ ပြောတော့ တချို့လည်း စိတ်မကောင်းကြဘူး ထင်ပါတယ်။

အိပ်မက်ရိပ်က ကိုစိုးဝင်းကတော့ "အနှစ်တိုက သေခြင်းတရားကို အမြဲသတိရှိတာကို အားကျတယ်။ အရင်က အဲဒီလို ပြောရင် ဝမ်းနည်းမိတယ်။ အခုတော့ ရွယ်တူတွေ ဖြုတ်ခနဲ သေသွားကြတာ မြင်နေရတော့ ကျွန်တော်လည်း နှလုံးသွင်းတတ်လာပါပြီ" လို့ ပြောပါတယ်။

ကျွန်မက သားဦးဇင်းနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေ၊ သတင်းတွေ၊ ကြော်ငြာတွေ၊ စာအုပ်အညွှန်းတွေ၊ တရားပွဲ လက်မှတ်စာစောင်တွေကို ဖြတ်ပြီး သိမ်းထားခဲ့တယ်။ တစ်နေ့ကျရင် အပ်ခဲ့မယ်လို့ စဉ်းစားထားတယ်။ ကိုယ်ရေးအတ္ထုပ္ပတ္တိရေးတဲ့အခါ အသုံးဝင်မယ် ထင်ပါတယ်။ တစ်နေ့ဆီက တော့ သေမင်းနဲ့ လက်တစ်ကမ်းပဲ ရှိတော့တယ်။ ဒါတွေကို အပ်ခဲ့မှပဲလို့ တွေးမိပြီး သထုံက သားဦးဇင်းရဲ့ အနီးကပ် ဒကာ ဒကာမ မိသားစုဆီကို ပို့လိုက်ပါတယ်။ ဦးဇင်း အသုံးလိုတဲ့တစ်နေ့ ပေးလိုက်ပါလို့ ပြောတော့ သူတို့က စိတ်မကောင်း ဖြစ်ကြတယ်လို့ ဆိုပါတယ်။ ဆုံကြတာ ကွဲဖို့ပဲ၊ သေကွဲ၊ ရှင်ကွဲ၊ မြင်ကွဲ (မြင်နေရပြီး တစ်ယောက်နဲ့ တစ်ယောက် စိတ်ချင်းဝေးနေတဲ့အခါ) တွေ့ကြုံကြရမှာပဲ။ စိတ်မကောင်းမဖြစ်ပါနဲ့လို့ နှစ်သိမ့်လိုက်တော့ နားလည်သွားကြပါတယ်။

ကျွန်မရဲ့ မွေးနေ့မှာ ငယ်သူငယ်ချင်း ကိုးယောက်ကို ဖိတ်ပြီး ကျွေးခဲ့တာ (၁၃) နှစ် ရှိပါပြီ။ အရင်က ဆယ့်တစ်ယောက်ရှိတာ နှစ်ယောက်က

ကွယ်လွန်သွားခဲ့ပါပြီ။ ပြန်ခါနီး ချစ်ခင်စွာ ဖက်ပြီး နူတ်ဆက်တဲ့အခါ ကျွန်မက "တို့တွေ မသေသေးရင် နောက်နှစ် တွေ့ကြမယ်နော်" လို့ ပြောတဲ့အခါ တချို့က ငြိမ်သွားကြတယ်။ တချို့က ခေါင်းတညိတ်ညိတ်နဲ့။

သွက်လက်ပြီး အမြဲပျော်ပျော်နေတတ်တဲ့ ဒေစီက "တို့တွေ မသေနိုင်သေးပါဘူး။ တွေ့ကြရဦးမှာပါ" လို့ ပြောလေ့ရှိတယ်။ နောက်ပိုင်းမှာ သူငယ်ချင်းတချို့က မွေးနေ့တွေမှာ ဖိတ်ကျေးလာကြလို့ မကြာခဏ တွေ့ဖြစ်ကြပါတယ်။ နှစ်စဉ် စုပေါင်းဓာတ်ပုံ ရိုက်ထားတော့ တစ်နှစ်ထက် တစ်နှစ် ပိုပြီး အိုလာကြတာ အထင်အရှား တွေ့ရပါတယ်။

ကားကိုယ်တိုင်မောင်းပြီး အမြဲတက်ကြွနေတဲ့ ဒေစီက မကြာခဏ နေမကောင်းဖြစ်လို့ နိုင်ငံခြားသွားကုရတာတွေ၊ ဆေးရုံတက်ရတာတွေ ဖြစ်လာပါတယ်။ မွေးနေ့တွေကိုတော့ သူ အရောက်လာတာပါပဲ။ ခေါက်ဆွဲကြော်၊ ကြာဆံကြော် စတာတွေ အိမ်က ဘူးတွေနဲ့ ထည့်လာပြီး ဝေပေးလေ့ရှိတယ်။

"နောက်တစ်ခါဆုံကြရင် ဘယ်သူ လျော့သွားမလဲမှ မသိတာ။ ကိုယ်လား၊ ယူတို့အထဲက တစ်ယောက်ယောက်လား၊ သူငယ်ချင်းတွေကို စားစေချင်လို့ ကိုယ်တိုင်ချက်လာတာ" လို့ ပြောနေတော့ "ဩော်၊ သူလည်း အို နာ သေ တရားကို ဆင်ခြင်နေပြီပဲ၊ မလွဲမသွေ ခွဲကြရမှာပဲ၊ ချစ်ချစ်ခင်ခင် နေနိုင်ကြတာ ဝမ်းသာလိုက်တာ" လို့ ကျွန်မ တွေးလိုက်မိပါတယ်။

မသေခင် အချိန်လေးမှာတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတအောင် ဆင်ခြင်နေထိုင်ပြီး အတ္တ၊ ပရ မျှတစေရပါမယ်။

ကျွန်မမိတ်ဆွေ မူမူက အဘဦးအောင်မြင့်တို့ရွာက ဆွမ်းဆန်စိမ်းလောင်းလှူပွဲမှာ နှစ်စဉ် ဆေးတွေ တာဝန်ယူပြီး လှူပါတယ်။

"အဘတစ်သက်၊ မူမူတစ်သက်လို့ ပြောထားတယ် (အနှားကသမီးကို ညွှန်ပြပြီး) သူတို့လက်ထက်မှာတော့ မူမူ တာဝန်မခံရဲဘူးလေ" လို့ ပြောလိုက်တော့ ကျွန်မစိတ်ထဲမှာ လင်းလက်သွားပါတယ်။

သားသမီးလေးယောက်အနက် ကျွန်မ မရှိတော့တဲ့အခါမှာ ကျွန်မ နှစ်စဉ်မပျက် ပြုလုပ်လေ့ရှိတဲ့ အလှူဒါနတွေကို ဘယ်သူက ဆက်လက်ပြီး ဆောင်ရွက်ပါ့မလဲလို့ တစ်ခါ တစ်ခါ တွေးမိတတ်ပါတယ်။ မှုမှု နှလုံးသွင်း တတ်ပုံကို ကြားပြီးကတည်းက တွေးပြီး မပူတော့ပါဘူး။ ကမ္မသကာပါပဲ လို့ ဆင်ခြင်တတ်သွားပါတယ်။ ကျွန်မတို့ တစ်သက်တာ အချိန်အတွင်းမှာပဲ ပြုဖွယ်ရာများကို စိတ်ရှင်းရှင်းနဲ့ လုပ်ဆောင်သွားဖို့ပဲ မဟုတ်ပါလား။

ကျွန်မတို့အရွယ်က အရွယ် (၁၀) ပါးမှာ "ဝက်ဒသက" အရွယ် ဖြစ်တဲ့အတွက် ခန္ဓာကိုယ် အတွေ့အကြုံက ထွန်ကိုင်းလို ညှောက်ကိုင်းနေပါပြီ။ လမ်းသွားရင် ခလုတ်တိုက်ပြီး မလဲစေဖို့၊ လှေကား အဆင်းအတက် လက်ရန်းကို ကိုင်ဖို့၊ အထိုင်အထ သတိထားဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေး နေရပါပြီ။

တရားဓမ္မကို မှန်ကန်စွာ သိရဖို့ တရားနာရပါမယ်။ စာပေဖတ်ရှုပြီး ကျင့်ကြံအားထုတ်ရပါတယ်။ အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း သိရပါတယ်။ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အလိုမလိုက် အကြိုက်မပါခြင်းတွေကို နှလုံးသွင်းမှန်ဖို့ အရေးကြီးကြောင်း မှုဝေပေးပါတယ်။

စစ်ကိုင်းမြစ်ကြာဆရာတော်ရဲ့ လက်ာကို ရေးပြလိုက်ပါတယ်။

အနိစ္စကိုပင် မြဲတယ်ထင်
အမှား ဝင်တော့သည်။
အနိစ္စကိုပင် မမြဲထင်
အမှား စင်တော့သည်။
ဒုက္ခကိုပင် ချမ်းသာထင်
အမှား ဝင်တော့သည်။
ဒုက္ခကိုပင် ဆင်းရဲမြင်
အမှား စင်တော့သည်။
အနတ္တပင် အတ္တထင်
အမှား ဝင်တော့သည်။

အနုတ္တာပင် လိုမလိုက်မြင်
အမှား စင်တော့သည်။
အသုဘပင် သုဘထင်
အမှား ဝင်တော့သည်။
အသုဘပင် ရှုံ့ဖွယ်မြင်
အမှား စင်တော့သည်။

မမ္မဒ္ဒုတဘာသာရေးမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၁၃။

အစ္ကြီး မစ္စမိပါစေနင့်

လူတွေက အစ္ကတွေ ထားကြတာ ပုထုဇဉ်တို့ သဘာဝပေပဲလို့ ပြောကြပါတယ်။ ငါ့အိမ်၊ ငါ့ကျောင်း၊ ငါ့သမီး၊ ငါ့သား၊ ငါ့ပစ္စည်း၊ ငါတို့ အမွေဆိုင်အိမ်၊ မြေ၊ ဒါကို ငါတို့ ပိုင်ဆိုင်တာဆိုပြီး ငါစွဲနဲ့ ခင်မင်တွယ်တာနေကြမြဲပါပဲ။ လောဘစိတ်နဲ့ အမွေလုနေကြတာတွေလည်း အများအပြားပဲ မဟုတ်ပါလား။ မောင်နှမ အရင်းအချာတွေ မခေါ်နိုင် မပြောနိုင် ဖြစ်သွားကြရတာ လောဘကနေ ဒေါသအဖြစ် ပြောင်းလဲသွားလို့ ဖြစ်ပါတယ်။ အကုသိုလ်တွေ ပွားသွားတာကို သတိမမူနိုင်တော့ပါဘူး။

လူသားတွေ မဆိုထားနဲ့ တိရစ္ဆာန်တွေမှာလည်း အစ္ကတွေ ရှိကြပါတယ်။ ကျွန်မတို့ အိမ်က ခွေးနှစ်ကောင်က သူ့နေရာနဲ့သူ သတ်မှတ်ထားကြတယ်။ သူ့နေရာကို တစ်ကောင်က လာအိပ်ရင် ရန်လုပ်ပြီး ဟိန်းဟောက်နှင်ပစ်တော့တာပါပဲ။ ဂါးဂါးဆိုတဲ့ ကျွန်မရဲ့ ကြောင်လေးက ဧည့်ခန်းထဲက ကုလားထိုင်တစ်လုံးကို နေရာယူထားပါတယ်။ ဧည့်သည်လာလို့ ထိုင်မိရင် တရစ်ဝဲဝဲနဲ့ နေရာလာတောင်းတတ်ပါတယ်။ ဖယ်မပေးရင် ဧည့်သည် အပေါ်ကို တက်ပြီး အိပ်ပါတော့တယ်။ ကြောင်ကြောက်တတ်တဲ့သူဆိုရင် အားနာစရာ ဖြစ်ရပါတော့တယ်။

လွန်ခဲ့တဲ့ (၁၃) နှစ်ခန့်က ကျွန်မ ပိုင်ဆိုင်တဲ့ အိမ်၊ မြေ၊ အမွေရတဲ့ စိန်ရွှေပစ္စည်းတွေကို သား၊ သမီးတွေ (အရှင်ဆန္ဒာမိက) အပါအဝင်ကို

ခွဲဝေပေးခဲ့ပါတယ်။ သေမှ ယူကြရင် အလုပ်များမှာ စိုးတဲ့အပြင် တရားသဘောလည်း နှလုံးသွင်းမိလို့ ဖြစ်ပါတယ်။ ဘာမှ ပိုင်ဆိုင်တာ မရှိတော့တဲ့အတွက် အမှန်တကယ် စိတ်မှာ အေးချမ်းခဲ့ပါတယ်။ တချို့က-

"ဘာလို့ အကုန်ပေးလိုက်ရတာလဲ၊ သားသမီးတွေက ပြန်မကြည့်ရင် ဘယ်လိုလုပ်မလဲ"

"တို့တော့ မသေခင် မပေးနိုင်ပါဘူး၊ တို့သေမှ ယူကြပေါ့"

"ကိုယ်ကတော့ သားပဲရှိလို့ ချွေးမရမှာစိုးလို့ ဘာလက်ဝတ်လက်စားမှ ဝယ်မထားဘူး"

စသဖြင့် ပြောကြသလို ချီးကျူးကြတဲ့သူတွေလည်း ရှိပါတယ်။ ကျွန်မကတော့ ပင်စင်လစာ၊ စာမူခနဲ့ သားသမီးတွေ ကန်တော့ကြတဲ့ ငွေတွေနဲ့ အမြဲမပြတ် လှူနေရလို့ စိတ်ချမ်းသာနေပါတယ်။ တစ်နိုင်တစ်ပိုင်လေးပါပဲ။

အခု ပုဂ္ဂလိက သတင်းစာတွေ ပေါ်လာတော့မှပဲ နှစ်နှစ်ဆယ်ကျော်တိုင် အလေ့အကျင့်တစ်ခုကို စွဲစွဲမြဲမြဲ လုပ်ဆောင်နေခဲ့မိတယ်ဆိုတာ မီးမောင်း ထိုးပြလိုက်သလို ဖြစ်မိပါတယ်။ ကျွန်မစိတ်ထဲက မသိဘဲ အကုသိုလ်တွေ ဖြစ်နေပါပေါ့လားလို့ တနံ့နံ့နဲ့ ဖြစ်ရပါတော့တယ်။ ကျွန်မက နိုင်ငံတော် ထုတ် သတင်းစာတွေကို ဖတ်ရင် နောက်ဖုံးကစပြီး ဖတ်ခဲ့ပါတယ်။ နာရေးကြော်ငြာကို ဦးစားပေး ဖတ်ခဲ့တာပါ။ ရိုးရိုးဖတ်ခဲ့တာ မဟုတ်ဘဲ အင့်စိတ်ထဲက သတင်းတွေက ဝန်ကြီးတွေ ဗိုလ်ချုပ်တွေ တိုင်းခန်းလှည့်လည်ပြီး လိုအပ်သည်များကို ညွှန်ကြားထားတာတွေ၊ မိန့်ခွန်းတွေကို အစအဆုံး ထည့်တာတွေ၊ ဆောင်းပါးတွေကလည်း အပြင်လူရေးခွင့်မရဘဲ ရွေးချယ်ထားသူတွေကသာ ခေါင်းဆောင်တွေအကြိုက် ရေးထားတာတွေ၊ ဒေါ်အောင်ဆန်းစုကြည်ကို အပုပ်ချပြီး ရေးထားတာတွေ၊ ကာတွန်းတွေကို ဘဝင်မကျခဲ့တဲ့အတွက် ဒေါသစိတ်ကလည်း ပါနေမှာပါပဲ။ လူတော်တော်များများက ဒီအကြောင်းတွေကြောင့် သတင်းစာကို မဖတ်ကြပါဘူး။ သတင်းအမှန်တွေမှ မထည့်တာဘဲလို့ ပြောကြပါတယ်။

ပုဂ္ဂလိကသတင်းစာကို ဖတ်တော့ စွဲနေတဲ့ အကျင့်ကြောင့် နောက်ဖုံးကစပြီး လှန်မိတော့မှ "ဟယ်-မဟုတ်သေးပါဘူး။ အစွဲလမ်း ကြီးခဲ့တာ မကောင်းပါလား" လို့ သတိချပ်မိသွားပါတယ်။ စကားဝိုင်းမှာ မိတ်ဆွေတွေကို ပြောမိတော့ "ဟုတ်ပါရဲ့ အန်တီရယ်၊ ကျွန်တော်တို့လည်း ဒီလိုပဲ အကျင့်ဖြစ်ခဲ့တယ်" လို့ ပြောကြပါတယ်။ ဒီလို အစွဲက စွဲလမ်းတတ်တဲ့ တရားဖြစ်တဲ့ ဥပါဒါန်မြောက်သလား၊ ဘယ်လို ဥပါဒါန်အမျိုးအစားထဲမှာ ပါပါလိမ့်လို့ တွေးနေမိပါတယ်။

တစ်နေ့ဆီကတော့ ပဋ္ဌနိကာယ်စာသင်တိုက် ဆရာတော် အရှင်ပညာသီဟာဘိဝံသဆီကို ဝါဆိုသက်နံ်းကပ်ရင်း ရောက်သွားပါတယ်။ ဆရာတော်က ကျွန်မသိချင်တာတွေကို စိတ်ရှည်ရှည်နဲ့ ရှင်းပြလေ့ ရှိပါတယ်။ ကျွန်မ မလျှောက်ခင်မှာပဲ စကားစပ်မိပြီး သတင်းစာကို နောက်ဖုံးက စပြီးဖတ်တဲ့ အစွဲအကြောင်း ဆရာတော်ကမိန့်တော့ သိချင်တာတွေ မေးဖြစ် ပါတော့တယ်။

"ဒီအစွဲက ဥပါဒါန်ပဲပေါ့။ ဥပါဒါန်လေးမျိုး ရှိတယ်။ (၁) **ကာမုပါဒါန်**-ကာမဂုဏ်ကို စွဲလမ်းတတ်သော လောဘ၊ (၂) **ဒိဋ္ဌုပါဒါန်**-မှားသောအမြင်ဖြင့် စွဲလမ်းတတ်သော ဒိဋ္ဌိတရား၊ (၃) **သီလဗ္ဗတုပါဒါန်**-ခွေး၊ နွား၊ မြင်း စသည်တို့ အလေ့အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ဟု စွဲလမ်းတတ်သော ဒိဋ္ဌိတရား၊ (၄) **အတ္တဝါဒုပါဒါန်**-မိမိ၏ အယူဝါဒသာ မှန်၏ဟု အယူမှားကို စွဲလမ်းတတ်သော ဒိဋ္ဌိတရား။"

"တပည့်တော် မကျေလည်တဲ့စိတ်နဲ့ သတင်းစာကို နောက်ကစပြီး ဖတ်ခဲ့တဲ့ အစွဲက ဘယ်ဥပါဒါန်ထဲမှာ ပါသလဲ ဘုရား"

"သီလဗ္ဗတုပါဒါန်ပဲပေါ့။ ကိုယ့်အိပ်ရာမဟုတ်ရင် အိပ်လို့ မရတဲ့ အစွဲ၊ ကိုယ်ဝတ်နေကျ ဖိနပ်ကို စွဲတာတွေလည်း အတူတူပဲလေ"

"တိတ္ထိဆရာကြီးတွေကျင့်တဲ့ ခွေးလို နွားလို မြင်းလို အကျင့်တွေလား ဘုရား၊ ဒါဆို တပည့်တော်ရဲ့ အစွဲကလည်း အကုသိုလ် ဖြစ်နေတာလား ဘုရား"

"ဒါပေါ့ ဒကာမကြီးရဲ့။ တိတ္ထိတွေကျင့်တဲ့ ဒိဋ္ဌိတရားက ပြင်းထန်စွာ စွဲလမ်းသောတရားလေ။ အစွန်းရောက်တဲ့ ဥပါဒါန်ပေါ့။ သူတို့က ပြန်ပြီး မပြင်တော့ဘူးလေ။ ဒကာမကြီးတို့စွဲတဲ့ ဥပါဒါန်ကတော့ ပြန်ဖြေလို့ ရတယ် မဟုတ်လား။ သက်သက်ကြီး စွဲတာမှ မဟုတ်တာ။ သိပြီဆိုရင် ဆက်ပြီး မလုပ်ဖို့ဘဲလေ။ လူတိုင်းလိုလို သတိမထားမိရင် ဖြစ်တာပါပဲ"

ရှင်းလင်းသွားတော့မှ ဘယ်အာရုံနဲ့တွေ့တွေ့ အကုသိုလ်မဖြစ်အောင် နေမယ်လို့ ကျွန်မကိုယ် ကျွန်မ ကတိပေးရပါတယ်။ အတွင်းရှုပ်ရှုပ် အပြင်ရှုပ်ရှုပ်ရှိလှတဲ့ လောကကြီးထဲမှာ အရှုပ်ထဲမှာ ရှင်းအောင် နေတတ်မှ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းမှာ ဖြစ်ပါတယ်။ လူဘဝက တိုတိုလေးပါပဲ။ အရှုပ်ထဲမှာ ရှင်းအောင်မနေတတ်ရင် ဝဋ်သုံးပါးထဲမှာ ချာချာလည်နေဦးမှာ ဖြစ်ပါတယ်။ သတင်းစာနဲ့ ပတ်သက်ပြီး ငါစွဲထားမိတာ ကျွန်မ နှလုံးသွင်း မမှန်လို့ပါပဲ။

အခုလောလောဆယ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လက်ရေးမူနဲ့ ပတ်သက်ပြီး သူဝိုင်တယ်၊ ငါဝိုင်တယ် သတ်မှတ်ပြီး ဘယ်လိုနေရာ ထားသင့်သလဲဆိုတာကိုလည်း အင်ြင်းပွားနေကြပါတယ်။ လက်ရေးမူ စာအုပ်ကို နှစ်ပေါင်းများစွာကတည်းက ပုဂ္ဂိုလ်တစ်ယောက်က လျှုခဲ့လို့ ရေနံချောင်း အထက (၁) ကျောင်းမှာ ဂုဏ်ယူလေးစားစွာ ထိန်းသိမ်းထားခဲ့ကြပါတယ်။ ဒီနှစ် အာဇာနည်နေ့မှာ မြို့လူထု မသိလိုက်ဘဲ နိုင်ငံတော် အကြီးအကဲတစ်ယောက်က ယူဆောင်သွားလို့ မကျေနပ်ကြဘဲ အရှင်ဆန္ဒာဓိက အပါအဝင် မြို့လူထုက ပြန်ထားပေးဖို့ တောင်းဆိုနေကြပါတယ်။

မိဘအမွေကို သားသမီးကသာ ပိုင်ဆိုင်ဆက်ခံခွင့်ရှိတာကြောင့် ဒေါ်အောင်ဆန်းစုကြည်က တာရှည်ခံအောင် ဓာတုဗေဒနည်းနဲ့ ပြုပြင်ပြီး ရန်ကုန်တက္ကသိုလ်မှာ ထားချင်တဲ့ ဆန္ဒရှိကြောင်း ပြောကြောင်း သိရပါတယ်။

နိုင်ငံတော် အကြီးအကဲက သမိုင်းဝင်ပစ္စည်းဖြစ်လို့ နိုင်ငံတော်ကပဲ ထိန်းသိမ်းသင့်တယ်။ အမျိုးသားပြတိုက်လို နေရာမျိုးမှာပဲ ထိန်းသိမ်းထား

သင့်တယ်လို့ ပြောပါတယ်။ မြို့လူထုကို မတိုင်ပင်ဘဲ ပေးလိုက်မိတဲ့ ကျောင်းအုပ်ဆရာမကြီးမှာတော့ အပြစ်တင်ခြင်းကို ခံနေရပါတယ်။ ဒါဟာ အရိုးစွဲနေတဲ့ ကြောက်စိတ်ကြောင့်လို့ အရှင်ဆန္ဒာဓိကက မိန့်ပါတယ်။

လူတွေရဲ့ သဘာဝက မိမိတို့ ချစ်ခင်လေးစားရတဲ့သူတွေရဲ့ ပစ္စည်းတွေကို အမှတ်တရ ရိုရိုသေသေ သိမ်းထားတတ်ကြပါတယ်။ လက်ရေး၊ ဓာတ်ပုံ၊ အမှတ်တရပစ္စည်း၊ လက်စွပ် စသည်တို့ ဖြစ်ပါတယ်။ ကျွန်မလည်း ကျွန်မရဲ့ မိခင် လက်ရေးလေးတွေပါတဲ့ မှတ်တမ်းစာအုပ်၊ ဆရာကြီးမင်းသုဝဏ် လက်မှတ်ထိုးပေးခဲ့တဲ့စာအုပ်၊ သားရဟန်း လက်မှတ်ထိုးပြီးပေးခဲ့တဲ့ မွေးနေ့အမှတ်တရစာအုပ် စတာတွေကို အမှတ်တရ သိမ်းထားခဲ့တာပါပဲ။ ဒီပစ္စည်းလေးတွေ ပျောက်ဆုံး ပျက်စီးသွားမယ်ဆိုရင် စိတ်မကောင်းဖြစ်မိမှာ ဖြစ်ပါတယ်။ ဒါဟာလည်း အစွဲတစ်မျိုးပါပဲ။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ လက်ရေးမူစာအုပ်ကို ဘယ်သူ ပိုင်ဆိုင်ခွင့်ရမလဲ မသိသေးပေမယ့် ပြေပြေလည်လည် ဖြစ်သွားရင်တော့ အကောင်းဆုံးပါပဲ။ ငါ့ပစ္စည်းဆိုတဲ့ အစွဲကြောင့် လောဘဝင်လာပြီး နောက်ဆက်တွဲ ဒေါသတွေ၊ မောဟတွေ လိုက်လာမယ်ဆိုရင် အကုသိုလ်များ ဖြစ်ကုန်မလားလို့ စဉ်းစားကြည့်မိပါတယ်။

တရားသဘောနဲ့ ဆင်ခြင်ကြည့်မယ်ဆိုရင်တော့ ဘယ်အရာမှ မမြဲပါဘူး။ နှစ်ကာလကြာတဲ့အခါ လက်ရေးမူဆိုတာတွေလည်း ဆွေးမြည့်ပျက်စီးပြီး အမှုန့်ဖြစ်သွားမှာ ဖြစ်သလို လက်ရေးမူပိုင်ရှင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းလည်း ဒီလောကကြီးထဲမှာ မရှိတော့ပါဘူး။ ပိုင်ဆိုင်ခွင့် ဆက်ခံကြတဲ့သူတွေလည်း တစ်နေ့ကျရင် လောကကြီးထဲက ပျောက်ကွယ်သွားကြရဦးမှာပဲ မဟုတ်ပါလား။ တွေးတွေးဆဆနဲ့ ဆုံးဖြတ်ပြီး နှလုံးသွင်းမှန်ကြမယ်ဆိုရင်တော့ အားလုံး အေးအေးချမ်းချမ်းနဲ့ စိတ်ချမ်းသာကြမယ်လို့ မျှော်လင့်ပါတယ်။

နွားရှေ့ ထွန်ကျူးတာတော့ မဟုတ်ရပါ။ သတင်းစာအစွဲကြောင့် ကျွန်မ သတိတရားရမိတာနဲ့ တိုက်ဆိုင်တာကြောင့် ဥပါဒါန်ဆိုတာ ပြင်းထန်

ရင် ပြင်းထန်သလောက် အကျိုးပေးတတ်ကြောင်းကို တွေးဆပြီး ရေးပြ လိုက်ရတာဖြစ်ကြောင်းပါရှင်။ တွေးဆဆင်ခြင်နိုင်ဖို့ အခိုအမိန့်လေးတစ်ခု ကို မျှဝေပေးလိုက်ပါတယ်။

"မည်ကဲ့သို့ အလွှာ၊ မည်ကဲ့သို့ အဆင့်အတန်းမှ လူတစ်ယောက်ပင် ဖြစ်စေ သူလိုလားသည့်အတိုင်း လက်လွတ်စပယ် ပြုမူပြောဆိုမှု မပြုသင့် ပါ။ မည်ကဲ့သို့ နေရာအပိုင်းတွင်မဆို သူ့အတွက် ကန့်သတ်ပိုင်းခြားထား သော အခြေအနေ အနေအထားများ ရှိသည်သာ ဖြစ်သည်။"

(Bonnie Blair)

ဈေးကွက်ဂျာနယ်၊ (၁၅) ရက်၊ သြဂုတ်လ၊ ၂၀၁၃။

❑

စေတနာအမှန် စာရေးတံ

"တိသရဏ၊ ငါးပါးသီလ
မဲချစာရေးတံ။
ဆယ့်ငါးရက်ဆွမ်း၊ ဝါဆိုသင်္ကန်း
လှူဒါန်းသောက်ရေကန်။
ကျောင်းလှူဘဝ၊ နိဗ္ဗာ
ပုညရှိသူမှန်။
သောတာလိုပဲ၊ ဂတိမြဲ
သူလည်း ပါယ်မပြန်။"

ဆိုသော ဘုရားဟော ဒေသနာတော်အရ အပါယ်တံခါး ပိတ်စေနိုင်သည့် ကုသိုလ် (၇) မျိုးထဲတွင် တစ်မျိုးအပါအဝင်ဖြစ်သည့် "စာရေးတံ" မဲချပြီး လှူဒါန်းပွဲမှာ ကျွန်မတို့ ပါဝင်လှူဒါန်းခွင့်ရခဲ့ပါသဖြင့် ဝမ်းမြောက်ကြည်နူးစ်ခ်ုမခုံး ဖြစ်ခဲ့ရပါသည်။ မှတ်မှတ်ရရ ဝါခေါင်လပြည့်နေ့ (၂-၉-၂၀၁၂) တွင် ကျွန်မတို့အိမ်သို့ ရဟန်း သံဃာ (၃) ပါးနှင့် ကိုရင် (၂) ပါးတို့ကို ပင့်ပြီး နေ့ဆွမ်းကပ်ခဲ့ရသည်။

ထိုသို့သော ကုသိုလ်မျိုးကို ကျွန်မတို့နေထိုင်ရာ ရပ်ကွက်မျိုးမှာ လှူခွင့်ရဖို့ မလွယ်ကူလှပါ။ ကုသိုလ် (၇) မျိုးကို စုံလင်စွာ လှူချင်သည့် ဆန္ဒရှိခဲ့ပါသည်။ ကျွန်မတို့ ဖခင်၏ မွေးရပ်မြေဖြစ်သော မြောင်မြို့မှာ

ကျွန်မတို့ အဘိုးဦးထင်ပေါ်ရှိစဉ်က မြို့လယ်မှာ သူတို့အခေါ် "ဘုရားကျောင်း" (ဓမ္မာရုံ) ကို ခေါင်းလောင်းနှင့်တကွ တည်ဆောက်လျှုဒါန်းခဲ့ပါသည်။ ဝတ်အသင်းဖွဲ့ပြီး အဖိတ်၊ ဥပုသ်တိုင်း ဝတ်ရွတ်ခဲ့ပါသည်။ အဘိုးမရှိတော့သည့်နောက် အခေါ်သီလရှင် ဒေါ်ကေလာသီက ဆက်ခံပြီး အစဉ်အလာ မပျက်စေခဲ့ပါ။ သူမရှိသည့်နောက် နှစ်ပေါင်းကြာသောအခါ ဓမ္မာရုံလည်း ပျက်စီးယိုယွင်းလာခဲ့သည်။ ကျွန်မ ဦးစီးပြီး အဘိုး၏ မြေးမြစ်များထံ အလှူခံ၍ ပြင်ဆင်ပေးခဲ့ပါသည်။ အနီးအနားမှ ဆွေမျိုးများက အစဉ်အလာကို ပြန်လည်ထိန်းသိမ်းပြီး ဝတ်ရွတ်ကြ၊ တရားထိုင်ကြ လုပ်ဆောင်ခဲ့ကြသည်။ လိုအပ်သမျှ ဖြည့်ဆည်းပေးရင်း အလှူရှင်များလည်း ပေါ်လာကာ ပြည့်စုံလာသည်။ သင်္ကြန်အတက်နေ့မှာ ယခင်က အစဉ်အလာအတိုင်း စာရေးတံမဲချပြီး ဆွမ်းလုံးသပိတ်လောင်းလှူခြင်း ပြုခဲ့ကြသည်မှာ (၅) နှစ်လောက် ရှိပါပြီ။ ကျွန်မ မရောက်နိုင်သော်လည်း နှစ်စဉ် ငွေတင်ပို့ပြီး စာရေးတံမဲချပြီး သံဃာတစ်ပါး တာဝန်ယူခဲ့ပါသည်။ စာရေးတံမဲနှင့် လှူခွင့်ရနေသဖြင့် နှစ်စဉ် ပိတိဖြစ်ရပါသည်။

ယခုအခါ ကျွန်မတို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် သာသနနုဂ္ဂဟအသင်းနှင့် ဓမ္မပါလ သာသနာ့အကျိုးဆောင်အသင်းတို့ ဦးဆောင်မှုနှင့် ပထမအကြိမ် စာရေးတံမဲချ လှူဒါန်းပွဲကို ကျင်းပနိုင်ခဲ့ပါသည်။ ပင့်ချင်သည့် သံဃာအပါးစာရင်းကို ကြိုတင်ပေးပို့ရပါသဖြင့် ကျွန်မတို့အိမ်က ငါးပါးနှင့် သမီးတို့အိမ်က သုံးပါး စာရင်းပေးလိုက်ပါသည်။

ကျွန်မနှင့် ချွေးမဖြစ်သူတို့ ဆွမ်းကပ်လှူဒါန်းရန် ကြိုတင် တိုင်ပင်ပြင်ဆင်ပြီး ပိတိဖြစ်ကြရပါသည်။ (၂-၉-၂၀၁၂) နေ့ နံနက်တွင် တောင်ပုလုကျောင်းသို့ မဲန္ဒိုက်ရန် သွားကြရသည်။ ပရိသတ်က အုန်းအုန်းကျွက်ကျွက်နှင့် မဲန္ဒိုက်ရန် ရောက်နေကြသည်မှာ ပျော်စရာ မြင်ကွင်း ဖြစ်ပါသည်။ ရပ်ကွက်လူကြီးများက ကြီးကြပ်ပေးနေကြသည်။ တောင်ပုလုဆရာတော်နှင့် ဦးပဉ္စင်းများက မဲကျရာ ရဟန်း၊ သာမဏေများကို ပင့်ဆောင်ပေးနေကြ

သည်။ ဒကာ၊ ဒကာမများက ဆွမ်းကပ်ရန် အိမ်အသီးသီးသို့ ပင့်ဆောင်သွားကြသည်။

ကျွန်မသမီးအိမ်မှ သံဃာသုံးပါး မဲပေါက်သွားသည်။ ပဠနိကာယ်ကျောင်းမှ ဦးပဠင်းတွေ ဖြစ်ပါသည်။ ကျွန်မတို့ အိမ်မှာက ပဠနိကာယ်ကျောင်းမှ ဦးပဠင်းသုံးပါးနှင့် တောင်ပုလုကျောင်းမှ ကိုရင်နှစ်ပါး စာရေးတံမဲပေါက်ပါသည်။ ပဠနိကာယ်မှ စာချဆရာတော် ဦးပညာသီဟာဘိဝံသမှာ ကျွန်မတို့ ကြည်ညိုရင်းနှီးပါသဖြင့် ဆရာတော်၏ကျောင်းမှ ဦးပဠင်းများကို ဆွမ်းကပ်ခွင့်ရသည်ကို ဝမ်းမြောက်ရမိသည်။ ဆွမ်းပင့်ကပ်လျှင် ကိုရင်တွေ မပါတတ်ပါသဖြင့် တောင်ပုလုကျောင်းမှ ကိုရင်လေးနှစ်ပါးကို ဆွမ်းကပ်ခွင့် ရသည်က ကျွန်မတို့ ကံကောင်းလှပါသည်။

ဦးပဠင်းသုံးပါး၏ ဘွဲ့များမှာ ဦးခေမိက၊ ဦးစက္ကိန္ဒနှင့် ဦးသုစိတ္တတို့ ဖြစ်ကြပြီး ကိုရင်လေးတွေ၏ ဘွဲ့များမှာ ရှင်နန္ဒနှင့် ရှင်အာဒိစ္စ(၁)တို့ ဖြစ်ပါသည်။ ဦးပဠင်းတွေက ငါးပါးသီလပေး ပရိတ်ရွတ်ပေးရုံမကဘဲ တရားဟောပြီး ရေစက်ချပေးသဖြင့် အမျှပေးကြပါသည်။ ကျွန်မ၏ ဓမ္မမိတ်ဆွေ ချိုချိုလှိုင်သည်လည်း အခွင့်ကြုံသဖြင့် ခဲဖွယ်များ ကပ်ခွင့်ရသလို နဝကမ္မနှင့် ချွေးသုတ်ပဝါ၊ လက်ကိုင်ပဝါများ လှူခွင့်ရသွားပါသည်။

ကျွန်မတို့က ကြက်ဆီထမင်း၊ ကြက်ကင်၊ ပုစွန်ကြော်၊ ယိုးဒယားသင်္ဘောသီးထောင်း၊ ဟင်းချိုများဖြင့် ဆွမ်းကပ်ပြီး သစ်သီး၊ ကျောက်ကျော်၊ လက်ဖက်၊ ရေခဲမုန့် စသော ခဲဖွယ်ရာများကိုလည်း ပြည့်စုံစွာ ကပ်လိုက်ရပါသည်။

စာအုပ်များ၊ နဝကမ္မများလည်း လှူဒါန်းပါသေးသည်။ ကိုရင်လေးများလည်း နှစ်သိမ့်ကျေနပ်ကြပါသည်။

ကျွန်မတို့အိမ်မှာ သားက သင်္ဘောလိုက်နေ၍ ချွေးမနှင့် မြေးလေးပဲ ရှိပါသည်။ တစ်ဖက်အိမ်မှာလည်း သမီး၏ ခင်ပွန်းနှင့် သားကြီးက နိုင်ငံခြားသို့ ရောက်နေသဖြင့် သမီးနှင့် သူ၏သားငယ်ပါ ရှိပါသည်။ အလှူကြီးမဟုတ်သော်လည်း နည်းနည်းနှင့် ကျဲကျဲဝိုင်းပြီး ပြည့်စုံအောင် လှူလိုက်ရ၍ ကုသိုလ်တွေ အများကြီး ရသွားပါသည်။

တစ်နှစ်လျှင် တစ်လ၊ တစ်လလျှင် တစ်ကြိမ်၊ တစ်ရက်သာ လှုပ်ဒါန်းရသော စာရေးတံလှုပ်ဒါန်းပွဲတွင် ပါဝင်လှုပ်ဒါန်းခွင့်ရသည့်အတွက် ရင်တွင်းပီတိမှာ ပြန်ပြီး တွေးလိုက်တိုင်း ခံစားကြည်နူးနေတော့မှာ ဖြစ်ပါသည်။

ရှေတောင်ကြား (၁) ရပ်ကွက်မှ တာဝန်ရှိသူများအနေဖြင့် "နှစ်စဉ် စာရေးတံမဲအလှု ကျင်းပပေးနိုင်ပါစေကြောင်း" မျှော်လင့်နေမည်ဖြစ်ကြောင်း ပါရှင်။

လှူနည်း

မိမိရရ လှူပါ၊ တိတိကျကျ လှူပါ၊
ပြတ်ပြတ်သားသား လှူပါ၊ မှတ်မှတ်သားသား လှူပါ၊
အေးအေးမြမြ လှူပါ၊ တွေးတွေးဆဆ လှူပါ၊
အည့ံမလှူပါနဲ့၊ အသန့်လှူပါ၊
အဟောင်းမလှူပါနဲ့၊ အကောင်းလှူပါ၊
အဖြစ်မလှူပါနဲ့၊ အသစ်လှူပါ၊
ပိုတာ မလှူပါနဲ့၊ လိုတာ လှူပါ။

(အရှင်ဝုထိန္ဒ၊ ဆင်ဖြူတောင်ကျောင်း)

ဓမ္မဒူတဘာသာရေးမဂ္ဂဇင်း၊ မတ်လ၊ ၂၀၁၃။

□

အတုမဟုတ် အစစ်သက်သေပြခြင်း

ချစ်ခင်ရတဲ့ ကွယ်လွန်သွားသူတစ်ယောက်ကို အကြောင်းပြုပြီး ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်စစ်စစ်တွေ ပြုလုပ်ခဲ့သလို သံဃဝတရား များလည်း ရခဲ့ကြပါတယ်။ (၁၁-၆-၂၀၁၃) နေ့က ရုတ်တရက် နွေတ်မဆက်ဘဲ လောကကြီးထဲက ထွက်ခွာသွားသူက ကျွန်မသမီးတစ်ယောက်လို ချစ်ခင်ရတဲ့ အသက် (၅၄) နှစ်ပဲ ရှိသေးတဲ့ ယုယုခင် ဖြစ်ပါတယ်။ ကျွန်မရဲ့ စာဖတ်ပရိသတ်ဖြစ်ပြီး ကျွန်မနဲ့ ကျွန်မရဲ့ မိတ်ဆွေ ဒေါက်တာဦးလူမော်တို့ရဲ့ ဘဝတစ်ကွေ့မှာ (၇) နှစ်တာ ခရာတွေ့လိုက်ရတဲ့သူပါပဲ။ သူက ကျွန်မတို့ကို ဦးလေးလို၊ ဒေါ်လေးလို ဖြူစင်သန့်ရှင်းစွာ ချစ်ခင်လေးစားပြီး အစစအရာရာ တာဝန်ကျေခဲ့ပါတယ်။ မွေးနေ့တွေ၊ ဝါကျွတ်ချိန်တွေမှာ ကောင်းနိုးရာရာ ပစ္စည်းလေးတွေနဲ့ လာရောက်ကန်တော့တတ်သလို စားကောင်းသောက်ဖွယ်လေးတွေကိုလည်း တကူးတက ပို့တတ်ပါတယ်။

ယုယုက သူ့ဘဝပတ်ဝန်းကျင်ကို မေတ္တာနဲ့ အလှဆင်နေသူ ဖြစ်ပါတယ်။ မိခင်အိုကြီးကို လိုလေသေးမရှိ လုပ်ကျွေးနေသလို ကုမ္ပဏီတစ်ခုကိုလည်း တာဝန်ကျေကျေ တိုးတက်အောင် ဦးစီးနေပါတယ်။ ဘာသာရေးကိုင်းရှိုင်းပုံက အတုယူဖွယ်ပါပဲ။ အလှျအတန်း ရက်ရောသလို တန်းဆွမ်းလောင်းတာတွေ၊ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်တာတွေ မပျက်မကွက်စေရပါဘူး။ မနက်လမ်းလျှောက်တဲ့အခါ MP3 နဲ့ တရားနာတတ်သလို ရုံးမှာလည်း တရားခွေဖွင့်ပြီး နာပါတယ်။ ညအိပ်ရာဝင်ခါနီး တရားတစ်ပုဒ်

မှန်မှန်နှာတတ်ပါသေးတယ်။ ကျွန်းမာရေးလိုက်စားတာကတော့ သူ့ကို လိုက်မမီနိုင်ပါဘူး။ မနက် (၄) နာရီ ကန်တော်ကြီးအထိ လမ်းလျှောက်သလို ညနေ ရုံးဆင်းရင် Gym မှာ သွားကစားတာ (၈) နှစ်လောက် ရှိပါပြီ။ ကိုယ်အလေးချိန် ပေါင် (၁၂၀) ကို ထိန်းထားနိုင်ပါတယ်။ ရုပ်ရည်ကြည်လင်ပြီး အမြွှာင်လန်းနေတတ်ပါတယ်။ သူ့ရဲ့အရွယ်နဲ့ မလိုက်တဲ့ ချိုအေးနုပျိုတဲ့ အသံကတော့ အထူးခြားဆုံးပဲ ဖြစ်ပါတယ်။ စာဖတ်အားကောင်းတဲ့ အလေ့အကျင့်ကလည်း ချစ်စရာပါပဲ။

ဒီလို အမြဲသွက်လက်ပြီး လှုပ်ရှားနေတဲ့ ယုယုက ချော်လဲတာကို ဂရုမထားဘဲ ပြုမြဲကိစ္စတွေကို ပြုလုပ်နေပြီး သိပ်နာလာမှ သမားတော်နဲ့ ပြသတော့ ဒူးနားက အရွတ်စုတ်သွားလို့ အိပ်ရာပေါ်မှာနားဖို့ ဖြစ်လာပါတယ်။ မမောစဖူး မောလာလို့ ဒေါက်တာ ဦးလူမော်က သွားကြည့်ပြီး ဆေးပြင်းတွေကို ဆေးပြောင်းပေးပြီး အားဆေးတွေ သွင်းပေးခဲ့တယ်။ မကြာခင် ခြေထောက်ရောင်လာလို့ ဆေးခန်းပြောင်းပြတော့ ခြေထောက်လေ့ကျင့်ခန်းလုပ်ရပြီး သက်သာလာပါတယ်။ နောက်တစ်ပတ် ဆေးခန်းသို့ ပြန်ပြရမယ့်နေ့မှာတော့ ရေအိမ်ဝင်ရင်း လဲကျပြီး အိပ်ရာပေါ်ပွေ့ချလိုက်တာနဲ့ အသက်မရှိတော့ပါဘူး။ မနက် (၆:၁၅) ကပဲ ဦးလူမော်နဲ့ စကားပြောတော့ ရှင်လန်းနေပြီး နေကောင်းတယ်လို့ ပြောခဲ့ပြီး (၇) နာရီမှာ အသက်မရှိတော့ပါဘူး။

ကျွန်မတို့ ရောက်သွားတော့ အိပ်နေသလိုပါပဲ။ အမေအိုကြီးကို ထားခဲ့ပြီး ကျွန်မတို့ အိုကြီးအိုမတွေရဲ့အရင် ဘဝတစ်ပါးကို ထွက်ခွာသွားခဲ့ပါပြီ။

နေ့ချင်း သင်ဂြိုဟ်လိုက်ပါတယ်။ ရေအိုးခွဲတာ မပါ၊ ထမင်းထုပ် ထည့်မပေးလိုက်ဘဲ ဖြောင့်တန်းစွာ အေးအေးဆေးဆေး ထွက်ခွာသွားခဲ့ပါပြီ။ ကျွန်မတို့အဖို့ကတော့ နေမည်ခင်ခွဲသွားတဲ့ ယုယုကို ကြည့်ပြီး မနက်ကပဲ ရှင်လန်းစွာ အသက်ရှင်နေသေးပေမယ့် ညနေမှာ ပြာဖြစ်သွားတာကို တရားသဘောနဲ့ ဆင်ခြင်ပြီး သံဝေဂတွေရပါတယ်။ ဦးလူမော်က "ဘယ်လို

သုဂတိဘဝတွေရပေမယ့် ခန္ဓာရှိရင် ဒုက္ခနဲ့ ကြုံရဦးမှာပဲ။ သံသရာမှာ ပြေးပေဦးတော့ ယုယုခင်ရေ'' လို့ တရားရဖွယ်စကားကို ဆိုပါတယ်။

ကျွန်မက မေတ္တာရှင်လေး ယုယုကို ကောင်းမှုကုသိုလ်တွေ ပြုပေးချင်တဲ့ ဆန္ဒပြင်းပြတာကြောင့် ဦးလူမော်နဲ့ တိုင်ပင်ပြီး ကျွန်မ ကြည်ညိုလေးစားရတဲ့ ဆင်ဖြူတောင်ဆရာတော်ရဲ့ကျောင်းမှာ လှူဖြစ်ခဲ့ကြပါတယ်။ အရုဏ်ဆွမ်း (ပဲပြုတ်ဆွမ်း) ကပ်ပါတယ်။ သင်္ကန်း၊ နဝကမ္မလှူပါတယ်။ ဦးလူမော်က သင်္ကန်းနဲ့ ဆွမ်းပဒေသာပင် လှူပါတယ်။ ယုယုရဲ့မိတ်ဆွေ ဆတ်သွားက အဆွေကြည်ကလည်း နဝကမ္မ လှမ်းပြီး လှူပါတယ်။ ဆရာတော်က ကျောင်းမှာ သစ်သားအဆောင်ကို ဖျက်ပြီး ကျောင်းဆောင်သစ်ဆောက်မှာဖြစ်လို့ နေရာလှူရတာ မြင့်မြတ်တယ်၊ ဒကာမကြီးတို့ လှူတာတွေ ကျောင်းဆောက်တဲ့အထဲမှာ-ထည့်ပြီး လှူလိုက်မယ်လို့ မိန့်ပါတယ်။

ဆင်ဖြူတောင် ဆရာတော်က ကွယ်လွန်သူ ရောက်လေရာ ဘုံဘဝမှာ စားဖွယ်၊ နေဖွယ်၊ ဝတ်ဖွယ်အပြင် ဘုံဗိမာန်နဲ့ ပြည့်ပြည့်ဝဝ ခံစားနိုင်ပါစေကြောင်း အမျှအတန်းဝေပြီး ရေစက်မချခင် တရားတစ်ပုဒ် ဟောတော်မူပါတယ်။

တရားတိုတိုဖြစ်ပေမယ့် ကုသိုလ်ယူတတ်ဖို့ ဆင်ခြင်နှလုံးသွင်းစရာတွေ ဖြစ်တဲ့အတွက် မှျဝေပေးလိုက်ပါတယ်။ တရားခေါင်းစဉ်က ''အစစ်သက်သေပြနိုင်စေ'' ဖြစ်ပါတယ်။

''အခု ဒကာကြီးနဲ့ ဒကာမကြီးတို့က ဘုရားကန်တော့၊ သီလယူပြီး ကွယ်လွန်သူအတွက် ရည်စူးပြီး ဆွမ်း၊ သင်္ကန်း၊ ကျောင်းအလှူတွေ လှူကြတယ်။ ကွယ်လွန်သူ ယုယုခင်ကလည်း ကြုံဆုံတဲ့အခိုက်မှာ ကလျာဏမိတ္တ ပီသခဲ့တယ်။ မိမိတို့ကလည်း ကလျာဏမိတ္တ ပီသစွာ သူ့အတွက် ဒါနကုသိုလ်တွေ ပြုပေးကြတယ်။ သံဃာကလည်း တရားဟော၊ ပရိတ်ရွတ်၊ အမျှအတန်းဝေပေးတယ်။ ဒါန၊ သီလ၊ ဘာဝနာ ပြည့်စုံသွားတဲ့အတွက် အစစ်သက်သေပြကြတာ ဖြစ်တယ်။

အတုသက်သေဆိုတာက ချစ်ခင်သူ ကွယ်လွန်သောအခါ ငိုယိုကြ၊

ရင်ဘတ်ကို ထုရိုက်ကြ၊ တက်ကြ ချက်ကြတာတွေ သောကပရိဒေဝတွေ ဖြစ်ပြီး မအိပ်နိုင် မစားနိုင် ဖြစ်ကြတယ်။ သေသူအတွက် ဘာမှ အကျိုး မရှိပါဘူး။ ကိုယ်ပဲ ဆင်းရဲဒုက္ခရောက်ကြရတယ်။ အသုဘမှာ အဖိုးတန် ပန်းခြင်းတွေ ပို့ကြတာ မြင်တယ်မဟုတ်လား။ ဒါဟာ သေသူအတွက် အကျိုးမရှိသလို သူကလည်း သိနိုင်တော့တာ မဟုတ်ဘူး။ ပြီးတော့လည်း လွင့်ပစ်လိုက်ရတာပဲ။ ကုသိုလ်ကောင်းမှု တစ်ခုခုလုပ်တာကမှ အားလုံး အတွက် အကျိုးရှိတယ် မဟုတ်လား။

မိမိတို့ အမျှပေးဝေတာကို သာဓုခေါ်ဆိုနိုင်မယ်ဆိုရင် ပေတာဘဝကို ရောက်နေရင် အဲဒီဘဝက လွတ်မြောက်ပြီး ကောင်းကျိုးချမ်းသာကို ရနိုင်ပါတယ်။ နတ်ရွာဘုံဘဝကို ရောက်ရင် သာဓုခေါ်နိုင်ရင်လည်း ဒီထက် အဆင့်မြင့်တဲ့ဘုံဘဝကို ရောက်ရှိခံစားနိုင်ပါလိမ့်မယ်။

ဒါကြောင့် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီး အစစ်သက်သေပြနိုင်တဲ့အတွက် သေသူ၊ ကျွန်ရစ်သူနဲ့ သံဃာတော်တွေအတွက်ပါ သံသရာတစ်လျှောက် ကောင်းကျိုးချမ်းသာတွေ ရနိုင်ပါတယ်။ ဒကာကြီး၊ ဒကာမကြီးတို့ ကုသိုလ်ကောင်းမှုလုပ်တိုင်း အခုလို အစစ်သက်သေပြနိုင်ကြပါစေ"

ကျွန်မတို့ အားလုံး အနေတတ် အသေတတ်ပြီး အစစ်သက်သေတွေ ပြနိုင်အောင် ဆင်ခြင်ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ သန့်စင်တဲ့ ဒါနလေးတွေကို သာဓုခေါ်နိုင်ပါစေကြောင်း မျှဝေပေးလိုက်ပါတယ်။ သန့်စင်တယ်လို့ ပြောနိုင်တာက ဒေါက်တာဦးလူမော်က တရားနဲ့ ပြည့်ဝသူဖြစ်တဲ့အပြင် သမ္မာအာဇီဝအလုပ်နဲ့ အသက်တွေကို ကယ်တင်နေတဲ့သူ ဖြစ်ပါတယ်။ ကျွန်မကလည်း ဥာဏ်အား ဝီရိယနဲ့ ရထားတဲ့ စာမူခ တစ်သိန်းခွဲကို ယုယုခင်အတွက် ကုသိုလ်ပြုပေးတာဖြစ်လို့ပါပဲရှင်။

မမ္မဒ္ဒုတဘာသာရေးမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၁၃။

❑

အိမ်အပြန်လမ်း ဖြောင့်ဖြူးပါစေ

Readers' Channel မှာ ဂျပန်ပြည်မှာ ရိုက်ခဲ့တဲ့ "ချစ်ခြင်းငယ်ပြိုင်" ရုပ်ရှင်ကို အပိုင်းလိုက် ဖြတ်ပြီးပြတာကို ကြည့်ရတဲ့အခါ ကြည်နူးဆွတ်ပျံ့ဖို့ကောင်းတဲ့ အခန်းတစ်ခန်း ပါလာပါတယ်။

ဂျပန်ပြည်မှာ ကလေးတွေ ညနေ (၅) နာရီ ကျောင်းဆင်းချိန်မှာ "အိမ်အပြန်" ဆိုတဲ့ သီချင်းကို ကျောင်းတိုင်း ဖွင့်ပေးပါတယ်။ ကျောင်းခေါင်မိုးပေါ်မှာ အသံချဲ့စက်တွေ တပ်ဆင်ထားတာ တွေ့ရတယ်။ ကလေးလေးတွေ သံပြိုင်ဆိုထားတာပါ။ သံစဉ်ရော စာသားပါ သာယာပြီး ချစ်စရာကောင်းပါတယ်။ ကြားရတာ ကြည်နူးရသလို ဝမ်းနည်းရမလိုလည်း ခံစားရပါတယ်။

အဓိပ္ပာယ်ကတော့ "အိမ်ပြန်ချိန်မှာ ငါတို့ ချစ်ချစ်ခင်ခင် လက်တွဲပြီး ပြန်ကြစို့၊ ၄က်ကလေးတွေလည်း အိပ်တန်းတက်ဖို့ ပျံကြပြီ" စသည်ဖြင့် ပါပဲ။ ကလေးလေးတွေ အိမ်ပြန်ကြတာ၊ မိဘတွေ လာကြိုကြတာတွေလည်း ပြပါတယ်။ အဲဒီဇာတ်ကားထဲက ဇာတ်ကောင် စိုးမြတ်နန္ဒာကတော့ ဂျပန်ပြည်မှာ ဖခင်က ကွယ်လွန်သွားလို့ မြန်မာပြည်က မိခင်ဆီကို ပြန်ရမှာ ဖြစ်ပြီး ဂျပန်လူငယ်လေးနဲ့ ချစ်ကြိုက်နေပေမယ့် လူမျိုးမတူ၊ ဘာဝနေနည်းတွေ မတူကြလို့ ခွဲကြရမယ့်အချိန်မှာ ဒီသီချင်းကို ကြားရတော့ ဝမ်းနည်းနေတဲ့ ဇာတ်ဝင်ခန်းလေး ဖြစ်ပါတယ်။

Friends Publishing House

ကျွန်မ စဉ်းစားကြည့်နေမိပါတယ်။ လူတွေဟာ အချိန်တန်တော့လည်း အိမ်ပြန်ကြရတာပဲ။ အိမ်အပြန်လမ်းက ဝမ်းနည်းစရာလည်း ဖြစ်နိုင်သလို ဝမ်းသာစရာလည်း ဖြစ်နိုင်ပါတယ်။ အိမ်အပြန်လမ်းက ဝမ်းနည်းစရာ မဖြစ်ဘဲ သာသာယာယာ ဖြောင့်ဖြောင့်ဖြူးဖြူး ဖြစ်ဖို့ လိုအပ်ပါတယ်။

သေခြင်းတရားကို လူတိုင်း ရှောင်လွှဲလို့ မရနိုင်ပါဘူး။ ကြီးကြီးငယ်ငယ် သေဆုံးကြရတာပါပဲ။ အခုခေတ်မှာ အစားအသောက် အနေအထိုင်တွေ ပြောင်းလဲလာတာကြောင့် ငယ်ရွယ်တဲ့သူတွေလည်း ရောဂါတွေရပြီး ကွယ်လွန်ကုန်ကြတာ နေ့စဉ် ကြားသိနေရပါတယ်။ တစ်နေ့ဆီက မောင်ခင်မှိုင်း (ချောက်) ရဲ့ ကဗျာကို ဖတ်မိတော့ ဆင်ခြင် စဉ်းစားစရာ ရသွားပါတယ်။

နုပျိုချိန်က
ငါမှအဟုတ်...
ရင့်ကျက်ချိန်မှာ
ဘာမှမဟုတ်...
နေဝင်ချိန်ကျ
ပြာတစ်ဆုပ်...။

ငယ်ရွယ်နုပျိုချိန်မှာ စိတ်သွားတိုင်း ကိုယ်ပါပြီး လုပ်တိုင်း ဖြစ်နေတဲ့အခါ မာန်တက်ပြီး ငါမှ ငါ၊ ငါမှအဟုတ်ဆိုတဲ့ စိတ်ထားနဲ့ အောင်လံတလွင့်လွင့်ထူပြီး နေတတ်ကြတာ လူသဘာဝပါပဲ။ စိတ်ဓာတ်လည်း ရင့်ကျက်လာပြီး အသက်အရွယ်လည်း ရလာတဲ့အခါမှာ အို နာ သေဘေးကို ဆင်ခြင်တတ်လာကြပြီး ငါမှ ငါဆိုတာ ဘာမှမဟုတ်ပါလားလို့ နားလည်လာကြတယ်။ နေဝင်ချိန်ရောက်လို့ အိမ်ပြန်ရတဲ့အခါမှာတော့ ရုပ်ခန္ဓာကြီးက ပြာတစ်ဆုပ်ပဲ ချန်ထားခဲ့ ရပါတော့တယ်။ ဒါပေမဲ့ အိမ်ပြန်ချိန် ဖြောင့်ဖြူးပြီး ဘဝကူးကောင်းဖို့ကတော့ အထူးအရေးကြီးပါတယ်။

ယောဆရာတော်ကြီးက "ကိုယ့်ကိုယ်ကိုယ်ကယ် မီသေးတယ်"

လို့ မကြာခဏ သတိပေးတော်မူပါတယ်။ မသေသေးလို့ နေရတဲ့အချိန်တွေမှာ ဒါန၊ သီလ၊ ဘာဝနာတွေနဲ့ ထုံမွှမ်းပြီး ပြင်ဆင်ထားကြရမှာပဲ ဖြစ်ပါတယ်။

ဆရာမောင်ဝံသ ကျွန်းမာရေးချို့တဲ့ကြောင်း ကြားရကတည်းက ဆရာ့သတင်းတွေကို မပြတ်ဖတ်ရှုခဲ့ပါတယ်။ ဆရာက ကျွန်မကို 'အတွေးအမြင်' မှာ ရေးသားဖို့ ပြောတုန်းက စကားတွေကို အမှတ်ရနေပါတယ်။ "ဆရာမပါ ရေးမယ်ဆိုရင် ခင်မာလာကြာဖြူနဲ့ 'ခင်' နှစ် 'ခင်' ဖြစ်သွားတော့ ကောင်းတာပေါ့" တဲ့၊ ဆရာ့ကို နောက်ဆုံး တွေ့လိုက်တာက လွန်ခဲ့တဲ့ သုံးလကျော်က သားသမီးတက်တာကို လိုက်ပို့ရင်း လေယာဉ်ကွင်းမှာ တွေ့လိုက်ပါတယ်။ wheelchair နှစ်ခုနဲ့ တက်လာတာတွေ့တော့ ရှေ့က ဒေါ်မြင့်မြင့်ကို မြင်ဖူးပါတယ်လို့ ကြည့်နေပြီး နောက်က ရောက်လာသူကို မမှတ်မိဘဲ ဖြစ်နေတုန်းမှာ (ဆရာက Mask တပ်ထားလို့) ဆရာရဲ့ ရိုးရှင်းဖော်ရွေတဲ့ မျက်လုံးလေးတွေကို မှတ်မိသွားပြီး လက်ပြန္နတ်ဆက်လိုက်တော့ ဆရာကလည်း လက်ပြန္နတ်ဆက်သွားပါတယ်။ စင်ကာပူကို ဆေးကုသဖို့ သွားကြတာပါ။ ဒီအကြောင်းကို ဆရာမလွတ်လပ်စိုးကို ဖုန်းနဲ့ ပြောပြလိုက်ပါသေးတယ်။

အခု ဆရာ ဆုံးသွားပြီဆိုတော့ စိတ်မကောင်းတော်တော်ဖြစ်မိပါတယ်။ သတင်းစာထဲမှာ အသင်းအဖွဲ့အစည်းအမျိုးမျိုးက အထူး ဝမ်းနည်းကြေကွဲကြောင်း ကြော်ငြာတွေ အများကြီး ဖတ်ရပါတယ်။ တကယ်ပဲ ဝမ်းနည်းကြေကွဲကြတယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ ဆရာက တိုင်းပြည်အတွက် လူမျိုးအတွက် ကိုယ်ကျိုးစွန့်ပြီး အနှစ်နှာခံ လုပ်ဆောင်ခဲ့တာတွေက မကွယ်လွန်မီအထိဆိုတာ လူတိုင်း သိရှိကြပါတယ်။ အလွန်ပဲ နှမြောစရာ ကောင်းပါတယ်။ နိုင်ငံရေးနယ်ပယ်မှာ ဆရာ့ကို မသိသူ မရှိပါဘူး။ ဆရာက အိမ်အပြန်လှတဲ့သူပါပဲ။ ကုသလို့မရတဲ့ ရောဂါဆိုတာကို သိနေတော့ ဆရာမောင်ဝံသက နောက်ဆုံးအချိန်တွေမှာ ဘာဝနာပွားနေမှာ သေချာ ပါတယ်။

၁၄-၈-၂၀၁၃ နေ့က မကြည့်ရတာ ကြာပြီဖြစ်တဲ့ ကျွန်မ နှစ်သက်တဲ့ "ပန်းတွေနဲ့ဝေ" ရုပ်ရှင်ကို မြန်မာ့အသံရုပ်သံက ပြသွားပါတယ်။ ဒီတစ်ကြိမ်ပါနဲ့ဆိုရင် ကျွန်မ ကြည့်ရတာ (၁၄) ကြိမ် ဖြစ်သွားပါပြီ။ ဒီအကြောင်းကို ဆရာမောင်ဝဏ္ဏနဲ့ ဆရာသုမောင်တို့ သိကြပါတယ်။ အခုတော့ ပြောပြစရာ ဆရာနှစ်ယောက်လုံး ဒီလောကကြီးထဲမှာ မရှိကြတော့ပါဘူး။ ကျွန်မချစ်တဲ့ မေ (ခင်ယုမေ) လည်း ကျန်းမာရေး အများကြီးချို့ယွင်းနေပါပြီ။ ကင်ဆာရောဂါ ပျံ့နှံ့ပြီး ဆေးရုံ မကြာခဏ တက်နေရပါတယ်။ "သြော် ဘာမှမမြဲတဲ့ လောကကြီးပါလား" လို့ တွေးမိပါတယ်။ ဆရာမင်းလူလည်း ကင်ဆာရောဂါနဲ့ ဝိတိုရိယဆေးရုံမှာ ကုသခံနေရတယ်လို့ သိထားပါတယ်။ ဒေါ်ကလျာအိမ်မှာလုပ်တဲ့ ပွဲတွေမှာ ဆရာမင်းလူနဲ့ ဆုံဖြစ်ကြတော့ ခင်မင်ပါတယ်။ လွယ်အိတ်တစ်လုံး အမြဲလွယ်ထားပြီး ခပ်တည်တည်နဲ့ ရယ်စရာတွေ ပြောတတ်ပါတယ်။ ဆရာသာခုရဲ့ သားတွေကို ကျွန်မ လေးစားပါတယ်။

နောက်တစ်နေ့ ကြာသပတေးစကားဝိုင်းကို ရောက်တော့ ညက ဆရာမင်းလူ ဆုံးသွားကြောင်း ပြောပြကြပါတယ်။ အသက် (၆၀) ပဲ ရှိပါသေးတယ်။ ဆရာမောင်ဝံသ တက်ခဲ့တဲ့ ဆေးရုံမှာ တက်နေတာဆိုတော့ မဆုံးခင်မှာ ဆရာမင်းလူက "ကင်ဆာသမဂ္ဂ တည်ထောင်ကြရမယ်" လို့ ရယ်စရာ ပြောသွားပါသေးတယ်တဲ့။ ဆရာမင်းလူရဲ့ ဝတ္ထုတွေကို ကြိုက်နှစ်သက်တဲ့အတွက် ပထမအကြိမ်ထုတ်တဲ့ စာအုပ်တွေ ဝယ်ပြီး သိမ်းထားပါတယ်။ "ဆရာ့ရဲ့ original စာအုပ်တွေ ကျွန်မမှာ ရှိတယ်နော်၊ ဆရာ့ကို လေလံတင်ပြီး ရောင်းမယ်" လို့ ရယ်စရာ ပြောခဲ့ပါတယ်။ ခင်မင်စရာကောင်းတဲ့ ဆရာပါ။ ဒေါ်ကလျာအိမ်ကပွဲတွေမှာ အမျိုးသမီး စာရေးဆရာမတွေကြားထဲမှာ ဘကြီးမိုး (ဆရာမောင်မိုးသူ) နဲ့ ဆရာမင်းလူတို့ပဲ အမျိုးသား ဆိုတာ ရှိတတ်တဲ့အတွက် ဝိုင်းပြီး စကြ နောက်ကြတာကို သတိရနေမိပါ တယ်။ စိတ်ရင်းကောင်းတဲ့ ဆရာမင်းလူ ကောင်းရာသုဂတိ ရောက်ပါစေလို့ ဆုတောင်းပေးပါတယ်။

ကွယ်လွန်သွားကြတဲ့ ချစ်ခင်လေးစားရတဲ့သူတွေအပေါ်မှာ သံဝေဂ ယူပြီး ကျွန်မတို့အားလုံး အိမ်အပြန်လှအောင် ကြိုးစားကြပါစို့လားရှင်။

အတွေးအမြင်၊ နိုဝင်ဘာလ၊ ၂၀၁၃။

❑

နယ်စည်းမခြား တရား

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့က ကြည်နူးပီတိဖြစ်ရတဲ့ အလှူလေးတစ်ခု ဖြစ်မြောက်သွားပါတယ်။ အလှူလေးလို့ ပြောရတာက ပိုးဖဲစိန်ရွှေ မပါ၊ ပကာသနကင်းပြီး ရိုးရှင်းတဲ့အလှူ ဖြစ်လို့ပါပဲ။ ကုသိုလ်တွေကတော့ တစ်ပုံတစ်ပင် ရလိမ့်မယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ တော်ရုံလူက စိတ်ကူးမှာ မဟုတ်တဲ့ နေရာဖြစ်ပြီး အလှူခံပုဂ္ဂိုလ်တွေကလည်း တကယ့်ကို မေတ္တာကရုဏာ ထားချင်စဖွယ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေလို့ပါပဲ။ လိုအပ်တဲ့နေရာမှာ လိုအပ်သလို လှူခွင့်ရတာဟာ ဆုလာဘ်တစ်ပါးပဲ ဖြစ်တယ်လို့ ခံယူပါတယ်။

နေရာကတော့ ရန်ကုန်ကနေပြီး တစ်နာရီသာသာသွားရတဲ့ လေးထောင့်ကန်က စစ်ပြန်စစ်မှုထမ်းဟောင်းစံပြရွာ ဖြစ်ပါတယ်။ အဲဒီမှာ "သီရိဂုဏ်ဝေ" ဆိုတဲ့ ကျောင်းတိုက် ရှိပါတယ်။ ပဓာန နာယကဆရာတော်က ပဠာနိကာယ်စာသင်တိုက်က စာချဆရာတော် ဦးပညာသီဟာ ဘိဝံသ ဖြစ်ပါတယ်။ ရွာရဲ့ ဂုဏ်အင်္ဂါတွေဖြစ်တဲ့ စာသင်ကျောင်း၊ ဆေးရုံ၊ စာတိုက်၊ ဈေးတွေအပြင် ဘုန်းကြီးကျောင်း မြေပါ ချထားပေးခဲ့ပါတယ်။ ဆရာတော်က နှစ်ရှည်လများ ကြိုးစားခဲ့တဲ့အတွက် ကျောင်း၊ ဓမ္မာရုံ၊ ဘုရား၊ သိမ်၊ ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်တွေအပြင် ယောဂီဆောင်တွေပါ ဖြစ်ထွန်းစည်ပင်ခဲ့ပါပြီ။

သကြီးနှင်းတွင်း တရားစခန်းအပြင် ဝါတွင်းဥပုသ်နေ့တိုင်း ရွာထဲက စစ်ပြန်မိသားစုတွေကို သီလပေး၊ တရားဟော၊ မနက်စာကျွေးပြီး တစ်နေ့တာ တရားထိုင်စေပါတယ်။ စစ်ပြန်ကြီးတွေအတွက် ကံကောင်းလှပါတယ် ၁၉၈၇ ခုနှစ်က အငြိမ်းစားယူခဲ့တဲ့ စစ်ပြန်ကြီးတွေဟာ အခုဆိုရင် အသက် (၈၀) ကျော်ကုန်ပါပြီ။ တော်တော်များများလည်း ကွယ်လွန်ကုန်ပြီလို့ ဆရာတော်က မိန့်ပါတယ်။ ဆင်းရဲကြလို့ အတော်ပဲ ရုန်းကန်ခဲ့ကြရမှာပါပဲ။ အခုအခါမှာတော့ ပင်စင်လစာတွေ တိုးလာလို့ အဆင်ပြေနေကြပါပြီ။ စစ်ပြန်ကြီးတွေက ခြေတုတပ်ထားကြတာ များပါတယ်။ အသက်ကို မေးကြည့်တော့ (၈၄) နဲ့ (၈၆) ပတ်ဝန်းကျင်မှာ ရှိကြပါတယ်။

ကျွန်မနဲ့ မိတ်ဆွေ ဒေါ်ချိုချိုလှိုင်တို့ ဥပုသ်သည်ယောဂီတွေကို မနက်စာ ဒါနပြုလာတာ နှစ်ကြိမ် ရှိပါပြီ။ စာအုပ်လေးတွေ ကမ်းသလို မုန့်တွေလည်း ပါပါတယ်။ ဒီနှစ်မှာတော့ Pucci ကိတ်က ဒါနပြုလိုက်လို့ သီလယူပြီး အိမ်ပြန်ဥပုသ်စောင့်တဲ့သူတွေကိုပါ မုန့်တွေ ဝေရလို့ စိတ်ကြည်နူးစရာ ကောင်းပါတယ်။ ဆရာတော်ရဲ့ ကျေးဇူးကြောင့် ဒီလို ရှားရှားပါးပါး အလှူလေးတွေ ပြုခွင့်ရတာ ဖြစ်ပါတယ်။ ဆရာတော်ရဲ့ "တရားဦး ဓမ္မစကြာ" တရားကို နာရပြီး ဆရာတော်နဲ့ ရင်းနှီးခွင့်ရခဲ့ကြပါတယ်။

ဆရာတော်က ဝါခေါင်လပြည့်ဖြစ်တဲ့အတွက် မေတ္တာတရားကို ဟောကြားပါတယ်။ ဆရာတော်ရဲ့ တရားခေါင်းစဉ်က "အကြောင်းစုံမှ အကောင်းစုံမယ်" ဖြစ်ပါတယ်။ မြတ်စွာဘုရားလက်ထက်တော်တွင် ရဟန်းတော် (၅၀၀) တို့က တောတောင်ထဲတွင် ဝါဆိုရန် ရောက်သွားကြပါတယ်။ ရက္ခစိုးနတ်တို့က နေရာများ ပျောက်တဲ့အတွက် ရဟန်းတော်များ မနေနိုင်အောင် ခြောက်လှန့်ကြတယ်။ မြတ်စွာဘုရားထံ ပြန်လာကြရာ မေတ္တာသုတ်ပရိတ်ကို သင်ပေးလိုက်ပြီး တောတောင်ထဲကို ပြန်သွားကြဖို့ မိန့်တော်မူတယ်။

မေတ္တာသုတ်ကြောင့် ရက္ခစိုးနတ်တို့က ခရီးဦးကြိုကြပြီး ပေါင်းစည်း

မိသွားကြပါတယ်။ ဒါကြောင့် မေတ္တာအခါတော်နေ့လို့ ခေါ်ဝေါ်ကြတာ ဖြစ်ပါတယ်။

ဆရာတော်က တစ်လေတည်းစီးပြီး တစ်ခရီးတည်းသွားကြရမယ့် သူအချင်းချင်း မေတ္တာထားဖို့ လိုအပ်ကြောင်း၊ လောကမှာ မေတ္တာရှိကြပါမှ ပေါင်းစည်းလို့ရပြီး ငြိမ်းချမ်းကြမှာဖြစ်ကြောင်း ဟောကြားပါတယ်။ မေတ္တာ ဆိုတာ တစ်ပါးသူရဲ့ ကောင်းကျိုးကို လိုလားပြီး ချစ်ခင်တတ်တဲ့သဘောပဲ ဖြစ်ပါတယ်။ မေတ္တာက အဆုံးအပိုင်း အခြားမရှိလို့ မေတ္တာသတ္တဝါ အနန္တောလို့ ဆိုရိုးရှိပါတယ်။ နိုင်ငံ၊ လူမျိုး၊ ဘာသာ၊ အသားအရောင်၊ အယုတ်အလတ်အမြတ် မခွဲခြားတာကြောင့် "နယ်စည်းမခြားတရား" လို့ ဆိုနိုင်ကြောင်း ဟောလိုက်တာကို ကျွန်မတို့ မေတ္တာသဘောကို ရှင်းရှင်း လင်းလင်း မြင်နိုင်သွားလို့ ဝမ်းမြောက်ရပါတယ်။ သီတဂူဆရာတော်ကြီး ကလည်း မေတ္တာကို Limitless, Boundaryless လို့ မိန့်တော်မူပါတယ်။

နယ်စည်းမခြား ဆရာဝန်များအဖွဲ့ဆိုတာ ကြားဖူးကြပါလိမ့်မယ်။ စစ်ဘေးဒဏ်ကြောင့် ဖြစ်စေ၊ သဘာဝဘေးဒဏ်ကြောင့် ဖြစ်စေ ဒုက္ခ ရောက်နေကြတဲ့ ဒုက္ခသည်တွေကို လူမျိုး၊ ဘာသာမရွေး ကုသပေးကြတဲ့ ဆရာဝန်တွေ ဖြစ်ပါတယ်။ မေတ္တာကတော့ ဒုက္ခသည်တွေရော သုခသည် တွေကိုပါ နယ်စည်းမခြားထားတဲ့ တရားဖြစ်တဲ့အတွက် "နယ်စည်းမခြား တရား" လို့ ခေါ်ဆိုထိုက်ပါတယ်။

တရားဟောရင်းက ဆရာတော်က "ဒကာမကြီး ဒေါ်ခင်စောတင့် အကြောင်းလည်း ဘုန်းကြီး စဉ်းစားပါတယ်။ ဒီလောက် လှုပ်ရှား နေရာတွေ ပေါများတဲ့ ခေတ်ကြီးမှာ ဒီလို မြို့နဲ့ဝေးတဲ့နေရာက စစ်ပြန်တွေကို လာလှူ။ တာဟာ သဒ္ဓါနဲ့ ပညာတင်မကဘဲ မေတ္တာပါ ပါလို့ပဲ၊ မေတ္တာဆိုတာ အမေစိတ်ပဲ ဖြစ်တယ်" လို့ မိန့်ပါတယ်။

ကျွန်မတို့ လာရာလမ်းမှာ တောင်ဒဂုံက ဘုရား၊ ကျောင်းတိုက် ကြီးတွေ၊ ဦးလှထွန်း ကင်ဆာဆေးရုံ၊ စိတ်ရောဂါကုဆေးရုံတွေကို ဖြတ် ကျော်ပြီးမှ ဒီစစ်ပြန်စစ်မှုထမ်းဟောင်း စံပြရွာကို ရောက်တာပါ။

လွန်ခဲ့တဲ့ သုံးနှစ်က ဆရာတော်နဲ့ ဒီနေရာကို ရောက်ခဲ့စဉ်ကတည်းက "သော်-စစ်သည်တော်တွေက သက်စွန်ဆံဖျား တိုက်ကြရပြီး ခြေပြတ်လက်ပြတ် ဖြစ်ကြရတယ်။ အင်ဒိမ်းစားဘဝမှာလည်း ဆင်းရဲရှာကြတယ်။ ဒီလို ရွာတည်ပေးလို့သာ နေစရာ၊ မွေးမြူ စိုက်ပျိုးစရာ မြေနေရာတွေ ရကြတာပါလား" လို့ ကျွန်မ စိတ်ထဲမှာ မေတ္တာသာမက ကရုဏာပါ ဖြစ်မိပါတယ်။

ဒါကြောင့် နှစ်စဉ်လာပြီး တစ်ပိုင်တစ်နိုင် လှူနေတာ ဖြစ်ပါတယ်။ လှူခွင့်ရတဲ့အတွက် ဆရာတော်၊ သံဃာတော်များနဲ့တကွ ချက်ပြုတ်လုပ်ကိုင်ပေးကြတဲ့ စစ်ပြန်မိသားစုတွေကို ကျေးဇူးတင်ပါတယ်။

ကျွန်မ မေတ္တာကြီးစွာနဲ့ လှူနေတဲ့ နေရာတစ်ခု ရှိပါတယ်။ ပခုက္ကူ မြို့နဲ့ (၇) မိုင်အကွာ မန္တလေး-ပခုက္ကူ လမ်းမကြီးပေါ်ရှိ "ပန်းတိုင်ခြေ" ရွာမှာ "မေတ္တာစိမ့်စိမ်း ဘေးမဲ့ဥယျာဉ်" ရှိပါတယ်။ ကိုကျော်ဇောနဲ့ မဥမ္မာသန်းတို့ ဇနီးမောင်နှံက အိမ်နဲ့ ဝိုင်းကို ရောင်းပြီး ဒီနေရာမှာ တိရစ္ဆာန်ဘေးမဲ့ဥယျာဉ် တည်ထောင်ထားကြပါတယ်။ နွားအကောင် (၂၀၀)၊ ဆိတ်၊ မြင်း၊ မျောက်၊ ယုန်၊ တိုက်ကြက်၊ ဘဲ၊ ငန်း၊ ခွေး အကုန်စောင့်ရှောက်ထားပါတယ်။ ခုလောလောဆယ်မှာ တရုတ်ပြည်ကိုပို့မယ့် ခွေးတွေကို မိထားလို့ ခွေးချစ်တဲ့သူတွေက ခွေးအကောင် (၆၀) ပို့လိုက်လို့ ရှိတဲ့ခွေးနဲ့ ပေါင်းလိုက်ရင် အကောင် (၉၀) ဖြစ်နေပါပြီ။ အလွန် ချီးကျူးစရာ ကောင်းပါတယ်။ အခုအခါမှာ အစာဖိုးက တစ်လ (၁၅) သိန်းလောက် ကုန်နေလို့ မဥမ္မာသန်းတို့ အခက်ကြုံနေပါတယ်။ ကျွန်မက ခွေး၊ ကြောင် ချစ်တတ်သူ ဖြစ်လို့ တစ်လ (၁) သိန်း ဘဏ်ကနေလွှဲပြီး လှူနေပါတယ်။ တွေးလိုက်တိုင်း ဝိတိဖြစ်ရတဲ့ အလှူလေး ဖြစ်ပါတယ်။

မေတ္တာဆိုတာ သမ္ဘေသတ္တာ သတ္တဝါအားလုံးအတွက် မဟုတ်ပါလား။ တိရစ္ဆာန်လေးတွေလည်း ပါတာပေါ့ရှင်။ လှူတတ်ရင် ကုသိုလ်ရတာပါပဲ။ မိခင်စိတ်မျိုးနဲ့ ထားနိုင်တဲ့ ထားမေတ္တာ၊ နူတ်နဲ့ ပို့ရတဲ့ ပို့မေတ္တာ၊ စိတ်နဲ့ပွားရတဲ့ ပွားမေတ္တာတွေကို နယ်စည်းမခြား တရားလို့ သတ်မှတ်ပြီး

အချင်းချင်း မေတ္တာထားတတ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရ ကြောင်းပါရှင်။

ကလျှာ၊ နိုဝင်ဘာလ၊ ၂၀၁၃။

❑

ထပ်တလဲလဲနာမိရသော တရား

ဆင်ဖြူတောင်ဆရာတော် ဦးဂုဏိန္ဒဟောကြားတဲ့ တရားတွေ အများရှိပေမယ့် 'သာသနာပြုချင် သတိယှဉ်' တရားကို နာဖူးသူ နည်းပါလိမ့်မယ်။ ကျွန်မတို့ကို ဆရာတော်က စွန့်လို့သာ နာခွင့်ရတာပါ။ ဘာကြောင့်လဲဆိုတော့ တရားဟာ ဓမ္မကထိကအဖြစ် သာသနာပြုကြမယ့် သံဃာတော် (၄၀၀) ကို ဟောတဲ့တရား ဖြစ်လို့ပါပဲ။ ဥဒါယီသုတ္တန်ကို အခြေခံပြီး ဆရာတော် ကျင့်သုံးနေတဲ့ သာသနာပြုနည်းတွေကို ဥပမာတွေဆောင်ပြီး ဟောသွားပါတယ်။ အင်မတန်မှ မှတ်သားနာယူဖွယ် ကောင်းပါတယ်။ သံဃာတော်တွေအတွက်သာ တန်ဖိုးရှိရုံမကပါဘူး။ ကျွန်မတို့လို စာရေးသူတွေအတွက်ပါ လိုက်နာကျင့်သုံးရမှာဖြစ်လို့ အထပ်ထပ်အခါခါ နာမိပါတယ်။ ကြည်ညိုဖွယ်ဆရာတော်ဖြစ်တဲ့အတိုင်း ကျွန်မတို့က ကျောင်းကို မကြာခဏသွားပြီး လှူလေ့ရှိတာကြောင့် တရားထဲကအတိုင်း ကရုဏာအပြည့်နဲ့ ကျင့်သုံးနေထိုင် သာသနာပြုနေတာကို တွေ့ကြုံကြရလို့ ပိုပြီး ကြည်ညိုလေးစားရပါတယ်။ တရားတော်ကို မျှဝေပေးလိုက်ပါတယ်။

ဆရာတော်ရဲ့ ထူးခြားချက်တစ်ခုက တရားမဟောခင်မှာ ဘုရားရှိခိုးတယ်၊ တရားကို ရှိခိုးတယ်၊ သံဃာကို ရှိခိုးတယ်။ ပြီးတော့ ဆရာသမားအားလုံးကို ဘွဲ့တော်တွေ ခေါ်ဆိုပြီးတော့ ရှိခိုးပါတယ်။ တော်တော်ကြည်ညိုစရာ ကောင်းပါတယ်။ ဒီလိုရှိခိုးခြင်းကြောင့် ရတဲ့အကျိုးကတော့

အန္တရာယ်တွေကို ပယ်ပြီးသား၊ ရှင်းပြီးသား ဖြစ်တယ်။ မအောင်မြင်နိုင်တဲ့ အရာ မရှိပါဘူးလို့ ဆရာတော်က မိန့်ပါတယ်။ "တရားဟောရာမှာ ပါဠိကို အားကိုးပြီး ဟောပါတယ်၊ ပါဠိတော်တွေကို ရင်ထဲမှာထည့်ပြီး ဟောပါတယ်။ 'ဘယ်ကဲ့သို့သော သုတ္တန်ကို တန်ဆာဆင်ပြီး ဟောကြားသော' လို့ နိဒါန်းပျိုးလိုက်ရင် အခိုင်မာဆုံးတရား ဖြစ်ပါပြီ။ ဒါကြောင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေမပါဘဲနဲ့ မဟောပါနဲ့" လို့ ညြွှတ်ခံပေးပါတယ်။

ဆရာတော်က တရားတစ်ပုဒ် ဟောတော့မယ်ဆိုရင် ပါဠိတော်တွေက ထုတ်နုတ်ပြီး လက်ရေးနဲ့ ရေးပါတယ်။ ပြီးတော့ ဖိုင်တွဲတွေနဲ့ ထားတာ တွေ့ဖူးပါတယ်။ ဆရာတော် တရားဟောရင် အသံတော်က ကရုဏာဓာတ်ပါပြီး နာသူရဲ့ ရင်ထဲကို ရောက်ပါတယ်။

ဒီအကြောင်းကို မေးလျှောက်တော့ "အပြင်မှာ စကားပြောရင် အသံမာချင်မာမယ်၊ တရားဟောတော့မယ်ဆိုရင် လိုချင်တဲ့စိတ်နဲ့ မဟောပါဘူး၊ ပေးချင်တဲ့စိတ်၊ သိစေချင်တဲ့စိတ်နဲ့ ဟောတာဖြစ်လို့ ကရုဏာဓာတ်ရဲ့ တန်ပြန်ရလဒ် ထင်ပါရဲ့" လို့ မိန့်ပါတယ်။

သာသနာဆိုတာ အဆုံးအမ ဖြစ်ပါတယ်။ ဆရာတော်ဖွင့်ဆိုတာက သာသနာဆိုတာ ဒါန၊ သီလ၊ ဘာဝနာတွေရဲ့ ကောင်းကျိုးတရားတွေကို အဆုံးအထိ မ,ပေးတဲ့ သာသနာ။ ယောဆရာတော်ဘုရားရဲ့ ဖွင့်ဆိုချက်ကတော့ ကိုယ်၊ နှုတ်၊ စိတ် ငြိမ်သက်တဲ့ သူတော်ကောင်းတွေရဲ့ နေရာကို သာသနာဖြစ်ပါတယ်လို့ ဆိုပါတယ်။

မှတ်သားဖွယ် ကောင်းလှတဲ့ ပညာရှိသူတော်ကောင်းတွေရဲ့ ဖွင့်ဆိုချက်တွေ ဖြစ်ပါတယ်။

သာသနာပြုချင်ရင် သတိယှဉ်ရမယ့် တရားငါးပါး ရှိပါတယ်။ ဥဒါယီရဟန်း လူအများကို တရားဟောတာနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက အရှင်အာနန္ဒာကို ဟောကြားတော်မူခဲ့ပါတယ်။ သူတစ်ပါးကို တရားဟောရတာ မလွယ်ကူပါဘူး။ ဟောမယ်ပြောမယ်ဆိုရင် မိမိရင်ထဲမှာ တရားငါးပါးကို ထည့်ထားပြီးမှ ဟောပါလို့ မိန့်တော်မူခဲ့တာ ဖြစ်ပါတယ်။

ပထမ သတိယှဉ်ရမှာက တရားကို အစဉ်အတိုင်း ဟောရမှာ ဖြစ်ပါတယ်။ ဒါန၊ သီလ၊ ဘာဝနာ၊ မဂ္ဂကထာကို အခြေကျကျ တင်ပြပြီး အစဉ်ကျကျဟောရမှာ ဖြစ်ပါတယ်။ ဟိုရောက် ဒီရောက် မဟောရပါဘူး။

ဒုတိယ သတိယှဉ်ရမှာက အကျိုးအကြောင်းကို အမြဲယှဉ်ပြပြီး ဟောရမှာ ဖြစ်ပါတယ်။ အကျိုးအားလျော်တဲ့ အကြောင်းကိုပြပြီး ဟောရမယ်။ ဆက်စပ်ပြပြီး အသေအချာ ဟောရပါမယ်။ ဘာဝနာ ပွားရတဲ့ ကောင်းကျိုးကြောင့် ကိလေသာတွေ ငြိမ်းတဲ့အကြောင်း၊ ဒါနက အကြောင်း၊ ပေါများတာက အကျိုး၊ ကိုယ်နဲ့ နှုတ်ကို ထိန်းသိမ်း စောင့်ရှောက်တာက အကြောင်း၊ သီလနဲ့ ပြည့်စုံသွားပြီး အပါယ်လေးပါး မရောက်စေတာက အကျိုး။ ဘာဝနာကို နာနာကြာကြာ ပွားခဲ့ရင် ကိလေသာငြိမ်းတယ်ဆိုတဲ့ ကြောင်းကျိုးပြတရားမျိုး ဖြစ်ပါတယ်။ တတိယ သတိယှဉ်ပြီး ဟောရမှာက သနားကရုဏာစိတ်နဲ့ ဟောရမှာ ဖြစ်ပါတယ်။ တရားနာသူတွေ ဆင်းရဲခြင်းတွေ၊ သောကတွေ၊ အပူတွေ ပျောက်ကွယ်အေးချမ်းသွားပါစေ။ ဘဝအခက်အခဲတွေ ပြေပျောက်သွားပါစေဆိုတဲ့ သနားတဲ့စိတ်နဲ့ ဟောရပါမယ်။ ဘေးရန်တွေ ပျောက်ပါစေဆိုတဲ့စိတ်နဲ့ ဟောရပါမယ်။ ဒါဆိုရင် တိုးတက်ကြီးပွား အရောင်တောက်ပါလိမ့်မယ်။

စတုတ္ထ သတိယှဉ်ရမှာက တရားဟောရာမှာ ပစ္စည်းလေးပါး အာမိသကိုင်ပြီး မဟောရပါ။ လိုချင်စိတ်ကို ဦးတည်ပြီးဟောရင် မကြီးပွား၊ မတိုးတက်ပါ။ လာဘ်လာဘရစေဖို့နဲ့ ထင်ပေါ်ကျော်ကြားဖို့အတွက် မရည်ရွယ်ပါနဲ့။ တရားဟောဆရာရဲ့ တာဝန်ကျေရပါမယ်။ အသိဉာဏ် ပေးချင်တဲ့စိတ်နဲ့ ဟောသင့်ပါတယ်။ သတိနဲ့ယှဉ်ပြီး ဟောရပါမယ်။

ပဋ္ဌမသတိယှဉ်ရမှာက မိမိ သူတစ်ပါး နှစ်ဦးသား မထိမပါးဘဲ သတိထားပြီး ဟောရပါမယ်။ ဒီအချက်က အရေးကြီးပါတယ်။ သူတစ်ပါးကို ထိပါးပုတ်ခတ်ပြီး မဟောမိ၊ မရေးမိအောင် သတိနဲ့ ယှဉ်ရပါမယ်။ ဓမ္မဆိုတာ အပူသက်သာတဲ့ဆေး၊ အပူတွေ သတ်ပေးတဲ့ဆေး ဖြစ်တဲ့အတွက် နလုံးအေးတဲ့ တရားကိုသာ ပေးနိုင်ရပါမယ်။

ဆင်ဖြူတောင်ဆရာတော်က နိုဂုံးချုပ်အနေနဲ့ သံဃာတွေကို ဩဝါဒ ပေးတာက "တပည့်တော်က နာမည်ကြီးအောင် ကြော်ငြာတာတွေ မလုပ်ပါဘူး။ ပစ္စည်းလေးပါး ပေါများအောင်၊ ဒကာ ဒကာမတွေ ပေါများအောင် လုပ်မယ်ဆိုရင် လောဘ၊ ဒေါသ စတဲ့ ကိလေသာတွေ ကင်းအောင် ဟောပြောနေတဲ့ ပုဂ္ဂိုလ်တွေက အလိုဆိုးနဲ့ ဟောမယ်၊ လောဘနဲ့ လုပ်ဆောင်မယ်ဆိုရင် ရုက်စရာ ကောင်းပါတယ်။ အရှင်ဘုရားတို့လည်း ပါဠိတော်တွေကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာသင်ယူ ဟောပြောမယ်ဆိုရင် ကြာတော့ ကြာမယ်။ ဒါပေမဲ့ ကြာကြာခံပါမယ်။ ထင်ပေါ်ရင် စင်တော်က ကောက်ပါလိမ့်မယ်။ နောက်တော့ မလိုချင်လောက်အောင် ခါချနေရမှာပါ။ တရားဟောတဲ့အခါ ဆရာတော်ကြီးတစ်ပါး သတိပေးတော်မူသလို 'အသွားလောဘ၊ အပြန် ဒေါသ' မဖြစ်ကြပါစေနဲ့လို့ သတိပေးလိုက်ပါရစေ"

ယနေ့ကစပြီး မဂ် ဖိုလ် နိဗ္ဗာန် ရသည့်တိုင်အောင် လူတွေရဲ့ နှလုံးသားကို အေးချမ်းမှုတွေ အများကြီးပေးစွမ်းနိုင်တဲ့ ဗုဒ္ဓရဲ့ တရားတော်တွေကို ဟောခြင်း၊ ပြောခြင်း၊ ရေးခြင်းဖြင့် သာသနာပြုနိုင်ကြပါစေ။

ဓမ္မရိပ်မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၁၃။

❑

ဘဝယဉ်ကျေးမှု၊ ဓမ္မယဉ်ကျေးမှု အထောက်အကူပြု ဗုဒ္ဓသာသနာ့ယဉ်ကျေးမှု စာမေးပွဲ

ယခုအခါ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းတွေ အနယ်နယ် အရပ်ရပ်မှာ သင်ကြားပို့ချနေကြသည်မှာ အားရကျေနပ်စရာ ကောင်းလှပါသည်။ ကလေးသူငယ်တွေနှင့် လူငယ်လူရွယ်တွေကို ကိုယ်ကျင့်သီလ ပြည့်စုံသူများ၊ စိတ်ဓာတ် ယဉ်ကျေးလိမ္မာသူများ၊ အသိပညာ ပြည့်စုံသူများ ဖြစ်စေချင်ကြ၍ပဲ ဖြစ်ပါသည်။ Sunday School တွေလည်း ဖွင့်လှစ်နေပြီဆိုသော သတင်းကောင်းကိုလည်း ကြားသိရပါသည်။

ကျွန်မတို့ သီရိလင်္ကာကို ရောက်ခဲ့စဉ်က Sunday School အကြောင်း လေ့လာပြီး ဆောင်းပါးရေးခဲ့ပါသည်။ ကျောင်းနေအရွယ်က စတင်ပြီး (၁၂) တန်း ပြီးသည့်အထိ ဗုဒ္ဓသာသနာဆိုင်ရာ သင်တန်းတွေကို ပြဋ္ဌာန်းစာအုပ်တွေနှင့် သင်ယူကြရပါသည်။ အစိုးရက စာမေးပွဲတွေ စစ်ပေးပြီး အောင်လက်မှတ် ထုတ်ပေးပါသည်။ ဘာသာတရားကို အားလုံး ကိုင်းရှိုင်းကြပါသည်။ ကျွန်မတို့ တိုင်းပြည်မှာလည်း Sunday School တွေ ဖွင့်လှစ်သင်ကြားပေးသင့်ကြောင်း ရေးပြခဲ့ပါသည်။

အခုအခါမှာ မဟာဝိသုဒ္ဓါရဲ့ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော်က ဇာတိမြေဖြစ်သော နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းကြီးရွာမှာ ဒေသခံဆရာတော်တွေနှင့် တိုင်ပင်ပြီး သင်ရိုးညွှန်းတမ်း ရေးဆွဲ၍ ကိုရင်၊ ကျောင်းသားနှင့် ကျောင်းသူတွေကို ဓမ္မစကူးသင်တန်း ဖွင့်လှစ်ကာ တစ်လ

(၄) ကြိမ် သင်ကြားပေးခဲ့ပါသည်။ ကဆုန်လသို့ရောက်လျှင် စာမေးပွဲ ကျင်းပပြီး စာအောင်ဆုနှင်းသဘင်ကို အခမ်းအနားနှင့် ကျင်းပပေးခဲ့သည်မှာ ဒုတိယနှစ်သို့ တိုင်ခဲ့ပါပြီ။

ဆရာတော် အရှင်သိရိကဠနာဘိဝံသသည် ပိဋကတ်နှစ်ပုံဆောင် ဆရာတော်ပီသစွာ ဉာဏ်ပညာကြီးကြီးနှင့် စည်းကမ်းစည်းစနစ် အဆင့်ဆင့် ချမှတ်ပြီး ဆောင်ရွက်တော်မူခဲ့ပါသည်။ ပထမ "သဒ္ဓမ္မ ပီတိ သန္တိသုခ" ဆိုသော အသင်းကို ဖွဲ့စည်းပါသည်။ ပရိယတ္တိ အခြေပြု ဗုဒ္ဓသာသနာ့ယဉ်ကျေးမှုသင်တန်းအတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲပြဋ္ဌာန်းပေးခဲ့ပါသည်။ သာမဏေနှင့် လူ အဆင့်ခွဲထားပါသည်။ ပဗ္ဗဇိတနယ ရှင်သာမဏေသင်တန်း ပထမဆင့်နှင့် ဒုတိယဆင့်၊ ဂိဟိဝိနယ လူသင်တန်း ပထမဆင့်နှင့် ဒုတိယဆင့်၊ ယဉ်ကျေးမှု အခြေပြု သင်တန်း ဓမ္မကျောင်းတော် (က) နှင့် (ခ) သင်တန်းများ ဖြစ်ပါသည်။

ဘာသာရပ်များက စုံလင်ပြီး အဆင့်မြင့်ပါသည်။ ယဉ်ကျေးမှုကျင့်ဝတ်၊ ဗုဒ္ဓဘာသာမြန်မာစာ၊ ရှင်ကျင့်ဝတ်၊ လောကနီတိ၊ မဟော်သဓတရားစီရင်ခန်း၊ လောကသာရဟို့၊ ကိုယ်ကျင့်အတိမ္ဘာ၊ သဒ္ဒါနှင့် ပရိတ်ကြီး၊ ဓမ္မကျောင်းတော်ဘာသာ စသည်တို့ ဖြစ်ပါသည်။ ပါဠိနှင့်အနက် အကုန်တတ်ကြရပါသည်။ ဆရာတော်က ပြဋ္ဌာန်းစာအုပ်များကို သင်ကြားမည့် ဆရာများနှင့် တပည့်များထံ အရောက်ပို့ပေးခဲ့သည်။ အထောက်အကူပြု စာရေးကိရိယာများကို ပေးပို့လှူဒါန်းခဲ့ပါသည်။ စာမေးပွဲလာဖြေကြသော ရွာ (၁၄) ရွာမှ ကျောင်းသူ၊ ကျောင်းသားများအတွက် ကားဆီဖိုး၊ ဆိုင်ကယ် ဆီဖိုးများလည်း လှူပါသည်။

စာဖြေနှစ်ရက်အတွက် ကျွေးမွေးဆွမ်းကပ်ပါသည်။ အကယ်၍ မအောင်ခဲ့သော် စိတ်အားငယ်မည်စိုး၍ ထိုက်သင့်ရာပစ္စည်းများကို မဲဖောက်ပြီး လှူလိုက်ပါသေးသည်။ ဆရာတော်၏ ရည်ရွယ်ချက်မှာ ကလေးများ ဘာသာရေးဆိုင်ရာ အသိပညာများ သင်ကြားလေ့ကျင့်လိုစိတ်၊ ဖြေဆိုလိုစိတ်များ ဖြစ်ပေါ်လာစေရန် ဖြစ်ပါသည်။ အဓိက ရည်ရွယ်ရင်းကမူ

လိမ္မာယဉ်ကျေးသော၊ အသိပညာပြည့်စုံသော လူသားပတ်ဝန်းကျင်ကို တည်ဆောက်ပေးလိုခြင်း ဖြစ်ပါသည်။

စာမေးပွဲဆိုင်ရာ စည်းမျဉ်းများကလည်း စနစ်ကျပြီး တိကျလှပါသည်။ စာမေးပွဲဝင်ခွင့်လက်မှတ်များကိုလည်း ဓာတ်ပုံနှင့်တကွ အကုန်အကျခံကာ ရိုက်ပေးခဲ့ပါသည်။ ရေးဖြေအပြင် နှုတ်ဖြေလည်း ပါဝင်ပါသည်။ ရှင်သာမဏေတန်း၊ လူပုဂ္ဂိုလ်တန်း နှစ်တန်းလုံးဌ် တစ်ဘာသာ အောင်မြင်လျှင် ဆုသာ ချီးမြှင့်၍ အောင်လက်မှတ် မပေးပါ။ နှစ်ဘာသာ အောင်မြင်က နှစ်ဘာသာ အောင်လက်မှတ်နှင့် ဆုများကို ချီးမြှင့်ပါသည်။ သုံးဘာသာလုံး အောင်မြင်က ပရိယတ္တိ အခြေပြု ဗုဒ္ဓသာသနာ့ ယဉ်ကျေးမှု ရေးဖြေစာမေးပွဲ ပထမဆင့် အောင်လက်မှတ်နှင့် ဆုများကို အသင်းကြီးက ချီးမြှင့်ပါသည်။ ဆရာတော်သည် ဟာကွက်မရှိအောင် အားထုတ်ဆောင်ရွက် ထား သည်ကို ကျွန်မတို့ သာဓုခေါ်ပါသည်။ ကိုရင်များ၊ ကျောင်းသူ၊ ကျောင်းသားများ ကလည်း ပိုမို ကြိုးစားအားထုတ် သင်ကြားဖြေဆိုကြမည်သာ ဖြစ်ပါသည်။

ဌင်းစာမေးပွဲ မေးခွန်းများကို လေ့လာကြည့်လိုက်သောအခါမှာ အတော် အဆင့်အတန်းမြင့်ပြီး အသေးစိတ်ကျသည်ကို တွေ့ရပါသည်။ ကျွန်မတို့ ဖြေဆိုလျှင် အောင်မှတ်မှ ရပါ့မလားဟု တွေးမိပါသည်။ နတ်မောက် နယ်မှ ကိုရင်များ၊ ကလေးများ သင်ကြားခွင့်ရသည်မှာ ကံကောင်းလှပါသည်။

သဒ္ဒါ+ပရိတ်ကြီးဘာသာမှ "မင်္ဂလာတရားတော်၏ အစွမ်းကြောင့် ရဟန္တာဖြစ်သွားကြသော နတ်ဗြဟ္မာအရေအတွက်ကို သိသာရုံ ဖြေဆိုပြီး၊ အဘယ်ကြောင့် မင်္ဂလသုတ်ဟု ခေါ်ပါသနည်း" ဟူသော မေးခွန်း။

အဘိဓမ္မာစိတ်ပိုင်းဘာသာမှ "ခက်ထန်ကြမ်းကြုတ်သော မုဆိုးကြီး နှင့်တူသော အကုသိုလ်စိတ်ကို ပြဆိုသည့် ပါဠိနှင့် အကုသိုလ်စိတ်နှင့် အဟိတ်စိတ်တို့သည် မည်မျှရှိသည်ကို ပြဆိုသော ဂါထာတို့ကို ပါဠိရေးပြခဲ့ပါ" ဟူသော မေးခွန်း။

ရှင်ကျင့်ဝတ်ဘာသာမှ "**ယမဟံဝဒါမိ တံ ဝဒေထ**ကို အနက်

ပေးရ၍ သရဏာဝုံဆောက်တည်ပြီးနောက် ဆရာဘုန်းကြီးက မိန့်ကြားသော ပါဠိကိုလည်း ရေးသားခဲ့ပါ'' ဟူသော မေးခွန်း။

မြန်မာစာဘာသာမှ ''(က) ဗုဒ္ဓ၊ (ခ) ဗုဒ္ဓဘာသာ၊ (ဂ) ဗုဒ္ဓဘာသာဝင်မည်ပုံတို့ကို ဖြေဆိုရ၍ ဗုဒ္ဓဘာသာဝင်တစ်ဦး ပြည့်စုံရမည့် အင်္ဂါ (၅) ရပ်ကိုလည်း ရေတွက်ပြပါ'' ဟူသော မေးခွန်း။

ယဉ်ကျေးမှုကျင့်ဝတ်ဘာသာမှ ''ပုညကြိယဝတ္ထု (၁၀) ပါးကို ပြဆိုသည့် ဆောင်ပုဒ်ကို ရေးသားပြီး၊ စေတီ (၄) မျိုးကိုလည်း ဖော်ပြခဲ့ပါ'' ဟူသော မေးခွန်း။

ဓမ္မကျောင်းတော်ဘာသာမှ ''မြတ်စွာဘုရား၏ မိဘအမည်ကို ဖော်ပြ၍ နိမိတ်ကြီးလေးပါးကို ရေးပြခဲ့ပါ'' ဟူသော မေးခွန်းများသည် အဆင့်မြင့်လှကြောင်း ပြသနေပါသည်။

ထို့ကြောင့်လည်း ၂၀၁၃ ခုနှစ် စာမေးပွဲကြီးတွင် (၇၃၄) ဦး စာရင်းသွင်း၍ (၁၇) ဦး ဖျက်ပြီး (၇၁၇) ဦး ဖြေဆိုခဲ့ရာ သုံးဘာသာအောင် (၁၁၅) ဦး၊ နှစ်ဘာသာအောင် (၁၇၂) ဦး၊ တစ်ဘာသာအောင် (၃၃၅) ဦး စုစုပေါင်း (၆၂၂) ဦး အောင်မြင်ခဲ့ပါသည်။

ဆရာတော် အရှင်သိရိကဠာဘိဝံသ တင်ပြတော်မူခဲ့သော ''သီလ ပညာပိုင်ရှင် ရှင်ရဟန်းများနှင့် လူပုဂ္ဂိုလ်များ၊ သားသမီးပိုင်ရှင် မိဘများ၊ ဥစ္စာပိုင်ရှင် ပစ္စည်းပြည့်စုံသော ဓနရှင်များ၊ **များသုံးများ, အားသုံးအား** ပေါင်းစပ်လိုက်လျှင် လူ့လောကကြီးသည် ဘဝယဉ်ကျေးမှု၊ ဓမ္မယဉ်ကျေးမှု များ ထာဝရရှင်သန်ရမည်'' ဆိုသော မိန့်မှာချက်ကို အမြဲနှလုံးသွင်းပြီး သာသနာ့အာဇာနည်လောင်းလျှာ ကျောင်းသူ၊ ကျောင်းသားများ မွေးထုတ်နိုင်ရန် တတ်နိုင်သည့်ဘက်မှ တစ်တပ်တစ်အား ပါဝင်ကူညီကြပါရန် မေတ္တာရပ်ခံလိုက်ပါသည်။

သူတော်ကောင်းတရား တည်တံ့ပြန့်ပွားနိုင်ပါစေ။

ဓမ္မရိပ်မဂ္ဂဇင်း၊ သြဂုတ်လ၊ ၂၀၁၃။

❑

စိတ်နှင့် ခန္ဓာအတွက် ဆေးမှီဝဲပါ

ကျွန်မသည် နေ့စဉ် နံနက် ၄ နာရီမှ စတင်ပြီး FM ရေဒီယိုလိုင်းများမှ လွှင့်ပေးသော ဆရာတော်ကြီးများ၏ ပရိတ်တော်များနှင့် ဟောတရားများကို နာပါသည်။ မင်းကွန်းတိပိဋကက ဆရာတော်ကြီးက ဓမ္မစကြာတရားတော်ကို မရွတ်ဖတ်မီ မိန့်လိုက်သည့် စကားစုက ကျွန်မကို အသိဉာဏ်တစ်ခု ပေးလိုက်ပါသည်။ ဆရာတော်ကြီးက မိန့်သည်မှာ "ချမ်းသာကြီး ဆရာတော်က ဘုန်းကြီးတို့ ကျန်းမာရေးအတွက် နေ့တိုင်း သွေးဆေးရှူရတယ်။ တစ်ပတ်မှာ တစ်ခါ နှစ်ခါ ဆေးဝါကြီးကို စားရတယ်။ တစ်လ တစ်ခါလောက် ဝန်းဆေးကို စားရသလို လူတိုင်း ကိလေသာအညစ်အကြေးတွေစင်အောင် နေ့တိုင်း ဓမ္မစကြာတရားကို နာလည်းနာ၊ ရွတ်လည်းရွတ်ရမယ်လို့ မိန့်ဖူးတယ်။ ဓမ္မစကြာတရားက မြတ်စွာဘုရားရဲ့ အမွန်မြတ်ဆုံးတရား ဖြစ်သလို နိဗ္ဗာန်အထိ ပို့ပေးနိုင်တဲ့တရား ဖြစ်ပါတယ်။ ဒါကြောင့် ဒကာ၊ ဒကာမများလည်း ဓမ္မစကြာတရားကို နာကြပါ၊ ရွတ်ကြပါ" ဟု ဖြစ်ပါသည်။

ကျွန်မလည်း ဆရာတော်ကြီးများ ဟောကြားတော်မူသော ဓမ္မစကြာတရားများကို နာပါသည်။ သီတဝူဆရာတော်ကြီး၏ ဓမ္မစကြာတရားကို နာပါသည်။ ဦးပညာသီလာဘိဝံသ၏ တရားဦးဓမ္မစကြာ တရားကိုဆိုလျှင် အထပ်ထပ်အခါခါ နာပါသည်။ တရားတော်သည် လူတွေ၏စိတ်ကို

စင်ကြယ်စေရန် အထောက်အပံ့ပေးသည့် ဆေးတော်ကြီး ဖြစ်ပါသည်။ မပြတ်မလပ် နာယူကျင့်သုံးကြဖို့ လိုအပ်ပါသည်။

ချမ်းသာကြီး ဆရာတော် မိန့်မှာစကားအရ ရှေးဆရာတော်ကြီးများနှင့် လူကြီးများသည် ကျွန်းမာရေးအတွက် သွေးဆေး၊ ဆေးဝါကြီး၊ ငန်းဆေးများကို မှန်မှန်မီဝဲစားသုံးကြကြောင်း သိရှိရပါသည်။ ထို့ကြောင့်လည်း ရှေးလူကြီးများက အသက်ရှည်ပြီး ကျွန်းမာကြကြောင်း ထင်ရှားပါသည်။ ယခုခေတ်လူများ အတုယူဖွယ် ဖြစ်ပါသည်။

မြင်းမူမြို့မှ ကျွန်မ၏ယောကျ်ားမနှင့် ယောက်မများက အခိုးထုတ်ဆေးများကို ဖော်ပြီး အိမ်မှာ ဆောင်ထားတတ်ကြသည်။ ကျွန်မတို့ မိသားစုသွားလည်သည့်အခါ အအေးမိပြီး ဖျားချင်ပြီဆိုလျှင် ရေနွေးပူပူနှင့် အခိုးထုတ်ဆေးကိုသာ သောက်စေပါသည်။ ချွေးလေးစို့လာပြီး နေကောင်းသွားကြပါသည်။ ကျွန်မတို့ ဖခင်ကမူ လူငယ်များ အားဆေး သောက်ဖို့မလို၊ ကျန်းမာဖို့ အစားအသောက်ကို မျှမျှတတစားပြီး ကိုယ်လက်လှုပ်ရှားအားကစားတစ်မျိုးလောက်လုပ်လျှင် လုံလောက်ပြီဟု သွန်သင်တတ်သည်။ သူကိုယ်တိုင်လည်း Burplex၊ Cvit တို့လောက်သာ အသက်ကြီးပိုင်းမှာ မှီဝဲသွားသည်။ အသက် ၈၄ အထိ ရောဂါကြီးကြီးမားမား မရှိဘဲ နေသွားပါသည်။

ယခုခေတ်မှာ ခေတ်မီဆေးဝါးများ အများအပြား ဝင်ရောက်လာပြီ ဖြစ်သဖြင့် ရောဂါအလိုက် မှီဝဲနိုင်နေပါပြီ။ ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံးရောဂါရှိသူများ ဆေးမျိုးစုံ သောက်နေကြပါပြီ။ သူငယ်ချင်းများ ဆေးတွေ လက်တစ်ခုပ်စာလောက် သောက်နေကြသည်ကို တွေ့ရသည်။

ကိုယ်တွင်းရောဂါ ကြီးကြီးမားမား မခံစားရသေးသော ကျွန်မပင်လျှင် (တစ်ကိုယ်လုံး စစ်ဆေးလျှင် ရောဂါတွေ့နိုင်) ဒူးနာသောကြောင့် ဆေးစား ဆေးလိမ်းနေရပါသည်။ ကိုယ်ခန္ဓာကို စောင့်ရှောက်ဖို့က ဆေးများ မှီဝဲသင့်လျှင် မှီဝဲရမည် ဖြစ်ပါသည်။ မကြာခင်လပိုင်းက ကျန်းမာရေးလိုက်စားပြီး သက်လုံကောင်းသော ကျွန်မ၏ စာဖတ်ပရိသတ် ယုယုခင်

အသက် (၅၄) နှစ်သည် ချော်လဲထားသည်ကို ဂရုမစိုက်မိသည့်အတွက် ကျွန်းကျွန်းမာမာကြီးနှင့်ပင် ရုတ်တရက် ကွယ်လွန်သွားပါသည်။ နှလုံးသွေးလွတ်ကြောဓ၊ တစ်နေရာမှာ သွေးခဲပြီး ပိတ်ဆို့သွားသည်ဟု ယူဆရပါသည်။ အလွန်နှမြောဖို့ ကောင်းပါသည်။

သာသနာ့အလင်းရောင်ဆရာတော် ဦးဇောတိကသည် အင်းလေးမှအပြန် စက်လှေပေါ်တွင် အချိန်ကြာသွားရုံမကဘဲ နေကပူ၊ လေကရှေ့တည့်တည့်မှတိုက်သဖြင့် အမောကြီးမောပြီး သွေးအားတွေ ကျသွားပါသည်။ လေယာဉ်နှင့် ရန်ကုန်ကို ပြန်ကြွပြီး ဆေးရုံတက်ရသည်။ နှလုံးသွေးလွတ်ကြောတစ်နေရာမှာ ပိတ်မလိုဖြစ်သွားသည်။ အချိန်မီ ကုသလိုက်၍ သက်သာသွားသည်။ ယနေ့တိုင် သွေးကျဲဆေးကို သောက်နေရဆဲဖြစ်ပါသည်။ ဆေးမီသွားပါသည်။

ကျွန်မတို့ သူငယ်ချင်းအုပ်စုထဲမှ သူငယ်ချင်းတစ်ယောက်သည် ရောဂါ စုံပါသည်။ တစ်နေ့မှာ မောလာပြီး သွေးအားတွေ ကျသွားပြီး သတိပါ မေ့သွားပါသည်။ Heart Attack ရသွားသည်။ ဆေးရုံသို့ အချိန်မီရောက် သွားသဖြင့် မရတော့ဘူး ထင်ထားရာမှ သက်သာလာပါသည်။ သူသောက်ရသော ဆေးတွေက မနည်းလှပါ။ ကျွန်းမာရေးအတွက် ဆေးတွေက အထောက်အပံ့ ပြုပေးတာပါပဲ။

နောက် သူငယ်ချင်းတစ်ဦးကလည်း သွေးတိုးနှုန်း တက်သွားလိုက်၊ သွေးကျသွားလိုက်နှင့် ဖြစ်နေ၍ အားနည်းသွားပါသည်။ စိတ်ဓာတ်မကျဖို့ သွားပြီး အားပေးကြရပါသေးသည်။ ကျွန်မတို့ အရွယ်တွေက ရှေ့တစ်နေ့ ဒွေတစ်နေ့ပဲ ဖြစ်ပါသည်။ လောကကြီးထဲက ထွက်ခွာသွားဖို့ကလည်း လက်တစ်ကမ်းပဲ လိုပါတော့သည်။ သို့သော်လည်း လက်ကျန်သက်တမ်းလေးမှာ ထူထူထောင်ထောင် ရှိဖို့၊ သွားနိုင် လာနိုင်ရှိဖို့ ဆေးဝါးများနှင့် ကျားကန်ထားသင့်လျှင် ကျားကန်ထားကြရပေမည်။ အမှန်တကယ်မှာမူ နေကောင်းရဲ့လား မေးလာလျှင် ဘယ်နေရာမှ မကောင်းဘဲ နာနေသည်ဖြစ်၍ ခန္ဓာကိုယ်ကြီးက သုံးလို့ ဖြစ်နေပါသေးတယ်ဟုသာ ဖြေရပါသည်။

ကိုလေသာတွေ ကင်းစင်ပြီး စိတ်ကျန်းမာရေး ကောင်းနေရန် မြတ်စွာဘုရား၏ တရားတော်တွေအတိုင်း နေထိုင်ကျင့်သုံးကြရပေမည်။ တရားတွေနှာ၊ စာတွေ ဖတ်ကြရပေမည်။

ခန္ဓာကိုယ်ကို အထောက်အပံ့ပေးသော ဆေးဝါးများကိုလည်း ကျန်းမာရေးအတွက် စားသုံးမှီဝဲပေးကြရမည် ဖြစ်ပါသည်။ ရောဂါတွေ ရှိနေမည်ဆိုလျှင် ဆရာဝန် မှန်မှန်ပြပြီး အကုသခံရမှာ ဖြစ်ပါသည်။ သေခြင်းတရားကိုတော့ မည်သူမှ ရှောင်ရှား၍ မရပါ။ အသက်ရှင်ပြီး နေရသည့်အချိန်တွေကို အသိရှိရှိဖြင့် တရားဆေး၊ ကျန်းမာရေး အထောက်အကူပြုသည့် ဆေးတွေကို မှီဝဲပြီး နေကြရမည် ဖြစ်ပါသည်။

"သင် မည်ကဲ့သို့ သေဆုံးချင်သလဲဆိုသည်ကို ရွေးချယ်ခွင့် မရနိုင်ပါ။ သို့သော်လည်း မည်ကဲ့သို့ ရှင်သန်နေထိုင်မည်လဲ ဆိုသည်ကိုမူ သင်ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်"

(John Baez)

ဈေးကွက်ဂျာနယ်၊ ဩဂုတ်လ၊ ၂၀၁၃။

❑

ကုသိုလ်ပွားများခဲ့ရသော ရွှေရတုမွေးနေ့စ်ပွဲ

ကျွန်မနှင့် မမွမိတ်ဆွေ ချိုချိုလှိုင်တို့ထံ ကျွန်မတို့ ကြည်ညိုလေးစားရသော ဆရာတော်နှစ်ပါးထံမှ တစ်နေ့တည်း ဖုန်းဝင်လာပါသည်။ တစ်ပါးက ယောဆရာတော်ဘုရား၏ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ တိုက်အုပ်ဆရာတော် အရှင်သိရိကဉ္စနာဘိဝံသ ဖြစ်ပါသည်။ ဆရာတော်က အဂ္ဂမဟာအကျော်၊ ဝိနယပါဠိပါရဂူ စသော ဘွဲ့များအပြင် (ဝိဇ္ဇကနှစ်ပုံဆောင်) ဆရာတော် ဖြစ်ပါသည်။ အလွန် အလုပ်များသော်လည်း စာမေးပွဲများ တစ်ခုပြီးတစ်ခု ဖြေပြီး ဘွဲ့တွေ ရခဲ့ပါသည်။ မာန်မာနမရှိ အစဉ် ပြုံးပြုံးရွှင်ရွှင်နှင့် မှတ်သားဖွယ် တရားစကားများ မိန့်တတ်ပါသည်။

"ဒကာမကြီး မနက်ဖြန် (၄-၃-၂၀၁၃) နေ့မှာ ဘုန်းကြီးရဲ့ ရွှေရတုမွေးနေ့ ရှိတယ်။ သိက္ခာထပ်ပြီးရင် တရားနာမယ်၊ မနက်စာ လာစားလှည့်ပါ။ ဖိတ်စာက နောက်ကျနေလို့ မပို့နိုင်တော့ဘူး။ ဘုန်းကြီး ယောနယ်ကပြန်ရောက်တာ နှစ်ရက်ပဲရှိသေးတယ်"

နောက်တစ်ပါးက ညနေမှာ ဖုန်းဆက်လာပါတယ်။ သာကေတက ဆင်ဖြူတောင်ဆရာတော် အရှင်ဂုဏိန္ဒ ဖြစ်ပါတယ်။ တီဗီမှ တရားနာရာမှ ကြည်ညိုလှ၍ ဆရာတော်နှင့် မိတ်ဆက်ပြီး ရင်းနှီး သိကျွမ်းလာကြရပါသည်။ အင်မတန် ကရုဏာကြီး၍ သဘောပြည့်ဝပြီး ပကာသနအပိုအလုပ်တွေ မနှစ်သက်သော ဆရာတော် ဖြစ်ပါသည်။ ဓာတ်ခံကောင်း၍ ထင်ပါသည်။ ဆရာတော်၏ မျက်နှာမှာ အစဉ် ပြုံးရောင်သန်းနေတတ်သည်။

ရင်းနှီးနွေးထွေးစွာ ဆက်ဆံတတ်ပြီး မှတ်သားလိုက်နာဖွယ် တရားစကားများ ကို မိန့်လေ့ရှိပါသည်။ ထူးခြားသော အသံတော်ပိုင်ရှင်လည်း ဖြစ်ပါသည်။

"ဒကာမကြီး၊ မနက်ဖြန် ဘုန်းကြီးရဲ့ အသက် (၅၀) ပြည့် မွေးနေ့လေ။ အင်္ဂလိပ်လို မွေးနေ့ မွေးရက် တိုက်တယ်။ ပင့်သံဃာ (၁၀၀) နဲ့ ကျောင်းတိုက်သံဃာ (၁၀၀) ကို လှူမယ်။ ဧည့်သည် မများ ဘူး။ ဒကာမကြီးတို့က လူများများထဲမှာ မနေတတ်လို့ ဖိတ်တာ၊ ထမင်း စားပြီးမှပြန်၊ ဘုန်းကြီး လိုက်ပို့ခိုင်းမယ်။ မနက် (၁) နာရီခွဲကမှ မော်တင် က ပြန်ရောက်တာ၊ အသံတွေ ဝင်နေတယ်"

တိုက်တိုက်ဆိုင်ဆိုင် ရွှေရတုမွေးနေ့ပွဲနှစ်ပွဲနှင့် လာဆုံရပါသည်။ သိမ်ဆင်း (၁၁) ပါးစာ စီစဉ်ပြီး ချိုချိုလှိုင်နှင့်အတူ အရှင်သိရီကဿန၏ မွေးနေ့ပွဲသို့ အရင်သွားခဲ့ကြသည်။ ကျောင်းတိုက်ကို ရောက်သောအခါမှာ ရာဇမတ်ကာ လျှောက်လမ်းတွေ၊ ထီးဖြူတွေမိုးပြီး လှူဖွယ်တွေ စီစဉ်ထား ကြသည်ကို တွေ့ရသည်။ ဆရာတော်နှင့်တွေ့ရမှ ဖိတ်စာရပြီး ပင့်သံဃာ (၅၀)၊ ကျောင်းသံဃာ (၁၄၀)၊ သီလရှင် (၅၀) တို့ကို လှူဖွယ်များ လောင်းလှူမှာကို သိရသည်။

ဆရာတော်၏ ခမည်းတော်နှင့် မယ်တော်တို့က သားရဟန်းကို သိက္ခာထပ်ကြသည်ကို ကြည်နူးဖွယ် သာဓုခေါ်ခဲ့ကြသည်။

"ပန်းတိုင်းလှတယ် ပန်ပါကွယ်" စာအုပ်ကို ဓမ္မဒါနအဖြစ် ဝေပါ တယ်။ ဆရာတော်က စာရေးရသည်ကို ဝါသနာပါ၍ လက်ကမ်းစာအုပ် များ ရေးသားထုတ်ဝေလေ့ရှိပါသည်။ သက်တော် (၉၄) နှစ်အရွယ် ရွှေကျင် ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများကို သိမ်ဆင်းလောင်းလှူ ပြီး ဆင်ဖြူတောင်ဆရာတော်၏ ရွှေရတုမွေးနေ့ပွဲသို့ ဆက်လက် ထွက်ခွာခဲ့ ကြပါသည်။

ကျွန်မတို့ ရောက်သောအခါ ပင့်သံဃာများကို လှူပြီး၍ ဆွမ်းဘုဉ်း ပေးဖို့ ပြင်ဆင်နေကြပါပြီ။ ဆရာတော်၏ မွေးနေ့ပွဲမှာလည်း တိပိဋကရေစကြိုဆရာတော်၊ ညောင်တုန်းကျောင်းတိုက် လှရတနာ ဆရာတော်၊

ဓောတနာရာမဆရာတော်၊ မဟာဝံသဆရာတော် စသော ဆရာတော်များကို ဖူးခွင့်ရလိုက်ပါသည်။ ကျွန်မတို့ ကံကောင်းလှသောနေ့ ဖြစ်ပါသည်။ သံဃာ (၂၀၀) ကို တစ်ပြိုင်တည်း ဆွမ်းကပ်ရ၍ ဝေယျာဝစ္စကုသိုလ် လာယူကြသော ကျောက်တန်းအဖွဲ့လည်း လက်မလည်နိုင်အောင် ဖြစ်ကြသော်လည်း ပြုံးရွှင်စွာ ကုသိုလ်ယူနေကြသည်။ ဆရာတော်သည် အလွန်ဓည့်ဝတ်ကျေသည်။ ဆွမ်းမစားနိုင်သေးဘဲ ကျွန်မတို့ကို စားပွဲ၊ ကုလားထိုင်တွေနှင့် စီစဉ်ပေးပါသည်။ ဆရာတော်၏ ဒကာ၊ ဒကာမ အရင်းအချာတွေနှင့် ကျွန်မတို့ပဲ ရှိပါသည်။ ဆွမ်းကပ်လျှင် ဆရာတော်က မလိုအပ်ဘဲ အပိုတွေ ကုန်မည်ကို မလိုလားပါ။ ဆရာတော်ကျောင်းမှ ကြက်သားနှင့် ဘူးသီး သမ္ပြန်းဟင်းသည် နာမည်ကြီးပါသည်။ အချိုပွဲဆိုလျှင် ရေခဲမုန့်နှင့် ကိတ်မုန့်ဆိုလျှင် တော်ပြီဟု ဆိုပါသည်။ ယနေ့မှာမူ မွေးနေ့ဖြစ်၍ ဝက်သားသုပ်ပါပြီး ကျောက်ကျော၊ ကောက်ညှင်း ရွှေချီမုန့်များ စားကြရပါသည်။

ဆင်ဖြူတောင်ဆရာတော်သည် တရားဟောကောင်းရုံမကဘဲ စာရေးလည်းကောင်းပြီး ကဗျာရေးလည်း ကောင်းလှသည်။ စာအုပ်ကြီးသေးများ ထုတ်ဝေပြီး လာသမျှ ဒကာ၊ ဒကာမများကို ဓမ္မဒါန လုပ်ပါသည်။ ယနေ့လည်း စာအုပ်များ အထုပ်လိုက်ဝေပါသည်။

အားလုံး စားသောက်ပြီးကြသောအခါ ဆရာတော်က သူ့ကျောင်းဆောင်ထဲကို ခေါ်သွားပြီး ဒကာ၊ ဒကာမ အရင်းအချာများနှင့် မိတ်ဆက်ပေးပါသည်။ ဦးစွာ ဗိုလ်မှူးသန်းဆွေ-ဒေါ်တင်တင်စိန် တို့နှင့် မိတ်ဆက်ပေးပါသည်။

"ဘုန်းကြီး ဆင်းရဲတုန်းကတည်းက အစစအရာရာ ထောက်ပံ့လာကြတဲ့ ကျေးဇူးရှင်တွေ ဖြစ်တယ်"

ဝိဋ္ဌကသုံးသွယ်၊ နိကာယ်ငါးရပ် စာအုပ်များ၊ တယ်လီဖုန်း၊ မိတ္တူကူးစက်၊ သိမ်တော်ကြီး ပြုပြင်ခြင်း၊ သိက္ခာထပ်ခြင်း၊ သံဃာအားလုံး ဆွမ်း၊ သက်နံ့ကပ်လှူခြင်း ကျေးဇူးများ ဖြစ်သည်။ ဒကာကြီးက မျက်စိမကောင်း၊ နားမကောင်းရှာပါ။

စာရေးဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်းက ဆရာတော် ရေနံချောင်းမှာ စာဝါလိုက်စဉ်ကတည်းက ရင်းနှီးသော ဒကာမ ဖြစ်သည်။ သိမ်ကျောင်းတစ်ထပ် လှူထားသည်။ နောက်တစ်ဦးက စိန်နားကပ် ရောင်းပြီး သိမ်ကျောင်းနှစ်ထပ် လှူထားသော ဒေါ်နုနုရီ ဖြစ်သည်။ ခင်မင် ဖော်ရွေသော ဒကာမကြီး ဖြစ်ပါသည်။ နောက်တစ်ဦးက မော်လမြိုင်သူ ဒေါ်နှင်းလှ။ ဆရာတော်ကို ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ပေးပြီး လိုအပ်သမျှ လှူနေသူ ဖြစ်သည်။ ဆရာတော်သည် အောင်မြင်နေသော စာသင်တိုက်ကြီး၏ ပဓာနနာယက နာမည်ကြီး တရားဟောဓမ္မကထိကဖြစ်နေ၍ ဒကာ၊ ဒကာမ ကြည်ညိုသူ များပြားသော်လည်း လက်ဦးကျေးဇူးရှင် ဒကာ၊ ဒကာမများကို မပစ်ပယ်ဘဲ အလေးထားပြီး ဂရုစိုက်သည်ကို တွေ့ရ၍ ချီးကျူးမိပါသည်။ ဆရာတော်၏ အစ်မနှစ်ယောက်နှင့် အမြွာညီအစ်မတို့ နှင့်ပါ ဆုံခွင့်ရလိုက်ပါသည်။

ဆရာတော်နှင့် နွေးထွေးရင်းနှီးစွာ ပြောဆိုကြပြီး ဆရာတော် စွန့်လိုက်သော မုန့်အချို့များကိုယူကာ ဆရာတော်စီစဉ်ပေးသော ကားနှင့် ပြန်ခဲ့ကြပါသည်။ ဒေါ်နုနုရီတို့ အုပ်စုလည်း အတူပါလာကြသည်။ ဆရာတော်၏ ဒကာ၊ ဒကာမ အရင်းအချာများနှင့်တန်းတူ ကျွန်မနှင့် ချိုချိုလှိုင်ကို အလေးထား ဖိတ်ကြားခဲ့သည့် ဆရာတော်ကို ကျေးဇူးတင်မိကြောင်း ပြောလာကြသည်။ ဆရာတော်၏ ကျောင်းမှပြန်လာတိုင်း စိတ်ပေါ့ပါးရွင်လန်းပြီး မှတ်သားဖွယ်စကားကိုလည်း ရင်ဝယ်ပိုက်မိမြဲ ဖြစ်ပါသည်။

ဆရာတော်နှစ်ပါး၏ ရွှေရတုမွေးနေ့ဖိတ်စာများမှ မှတ်သားဖွယ် ဆင်ခြင်ဖွယ်များကို ကောက်နုတ်ဖော်ပြ မျှဝေပေးလိုက်ရပါသည်။

"တိုက်အုပ်ဘုန်းကြီး အရှင်သိရိကဿနာဘိဝံသ (သမဏာအာဇာနည်) သည် ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၇) ရက်၊ တနလင်္ဂနေ့ (၁၅-၂-၂၀၁၃) တွင် သက်တော် (၅၀) ပြည့်၍ အရွယ်ကြီးကာ ရွှေရတုမွေးနေ့မင်္ဂလာ ရောက်ပါပြီ။

ယင်းသို့ ဘဝမွေးနေ့ ကြီးကြီးလာရာ တရားမွေးနေ့များ ပွားလာရာ

(ကြီး+ပွား) မင်္ဂလာအချိန်အခါ၀ယ် မွေးနေ့မင်္ဂလာနှင့် သိက္ခာထပ် မင်္ဂလာ အစီအစဉ်ပြုလုပ်မည်ဖြစ်ပါ၍ အတူတကွ ကုသိုလ်ရယူ ပွားများရန်အတွက် ကြွရောက်ကြပါရန် မေတ္တာစိတ်ထား ဂါရ၀တရားဖြင့် ဖိတ်ကြားအပ်ပါသည်။"

ခမည်းတော် ဦးရွှေမန်း-မယ်တော် ဒေါ်တင်မြ
မိသားစု

"မွေးနေ့မင်္ဂလာ ကြွရောက်ပါ"

ဘ၀တစ်ခု၊ ရွှေရတုကြို
ရွှေရတုဆုံရ၊ မလွယ်လှပါ
ကြိုလာယခု၊ ဆုံလာယခု
ရွှေရတုနဲ့၊ မွေးနေ့ပွဲမှာ
မြတ်စွာဗုဒ္ဓ၊ မြတ်ခမ္မပါ
မြတ်သံဃာနှင့်၊ ဆရာ မိဘ
ကုသိုလ်လှထွေ၊ မွေးထုတ်ပေအုံ့။
နှစ်ထွေဒါန၊ အာမိသခမ္မာ
နှစ်ဖြာလှူတွဲ၊ မွေးနေ့ပွဲသို့
အားခဲကြွလာ၊ ချီးမြှောက်ပါဟု
ဖိတ်ကြားပြု၏။

ဆင်ဖြူတောင်ဆရာတော်

ဆရာတော်နှစ်ပါး သက်ရှည်ကျန်းမာစွာဖြင့် သာသနာပြုနိုင်ကြပါစေကြောင်း တောင်းဆုပြုလိုက်ပါသည်။

မွန်ရိပ်မဂ္ဂဇင်း၊ မေလ၊ ၂၀၁၃။

❑

မေတ္တာပန်းများ လွမ်းခြိုရာ ဘေးမဲ့နေရာ

"မေတ္တာစိမ့်စမ်း" ဆိုတဲ့ နာမည်လေးကို ကြားလိုက်ရတော့ ရင်ထဲမှာ အေးမြသွားပါတယ်။ တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်လို့ ဆက်ပြီး ကြားလိုက်ရတော့ ပိုပြီး ကြည်နူးသွားပါတယ်။ တိရစ္ဆာန်တွေကို အသက်ဘေးက ကယ်တင်ပြီး မွေးမြူစောင့်ရှောက်ထားတဲ့နေရာ ဖြစ်ပါတယ်။ တိရစ္ဆာန် ချစ်တတ်တဲ့သူပီပီ ကုသိုလ်တွေ အများကြီး ရနေကြပါလားလို့ မုဒိတာ ပွားလိုက်မိပါတယ်။

နေရာကတော့ ပခုက္ကူနဲ့ ၇ မိုင်အကွာ ပခုက္ကူ-မန္တလေးသွား လမ်းမကြီးဘေးက "ပန်းတိုင်းခြံ" ရှာ ဖြစ်ပါတယ်။ ပခုက္ကူသား ကိုသိန်းအေးကတော့ "ပဒိုင်းခြံ" ရှာလို့ အသံထွက်ပေမယ့် ကျွန်မက တော့ စိတ်ကူးယဉ်ပြီး ပန်းတိုင်း လွမ်းခြိုနေတဲ့ ရှာလို့ပဲ အဓိပ္ပာယ်ဖော်ဆောင် ပြီး ခေါ်ဆိုပါရစေ။ မေတ္တာတွေ လွမ်းခြိုနေတဲ့ နေရာလေး ဖြစ်လို့ပါပဲ။ တည်ထောင်တဲ့သူတွေကတော့ ပခုက္ကူမြို့က ကိုကျော်ဇေနဲ့ မဉ္ဇာသန်း တို့ ဇနီးမောင်နှံ ဖြစ်ပါတယ်။ ခံတောရပ်၊ မြို့မလမ်းက အိမ်နဲ့ဝိုင်းကို ရောင်းချပြီး ပန်းတိုင်းခြံရှာမှာ မြေဧက ၁၃ ဧက ဝယ်ပြီး ဘေးမဲ့ဥယျာဉ် တည်ထောင်ခဲ့တာ ၂၀၁၁ ခုနှစ်ကပဲ ဖြစ်ပါတယ်။ တော်ရုံလူ မစွမ်းဆောင် နိုင်တာဖြစ်လို့ အာဂမောင်နှံလို့ ဆိုရပါမယ်။ မေတ္တာရှင် (ရွှေပြည်သာ) ဆရာတော်ရဲ့ ဩဝါဒကို ခံယူပြီး စတင် လုပ်ဆောင်ခဲ့ကြပါတယ်။

အများဆုံးရှိတာက နွားတွေ ဖြစ်ပါတယ်။ ဘေးမဲ့ပေးတဲ့နွားတွေ၊ ထွန်စက်တွေ အသုံးပြုနေကြတဲ့အတွက် လာလှူထားတဲ့ နွားတွေ၊ ခိုးထုတ်မယ့် နွားတွေ ဖြစ်ပါတယ်။ ခွေးလေခွေးလွင့်တွေကို ခေါ်ယူကျွေးမွေးထားရာက ပလိပ်မြို့မှာ တရုတ်ပြည်ကို ရောင်းမယ့် ခွေးတွေကို မိသွားပြီး ခွေးချစ်တဲ့သူတွေက ပြန်ဝယ်ပြီး ပို့လိုက်တဲ့ ခွေးအကောင် ၆၀ နဲ့ ပေါင်းလိုက်တော့ ခွေး ၈၅ ကောင် ရှိသွားပါပြီ။ ခွေးတွေကို သံချိတ်နဲ့ ချိတ်ပြီး ဖမ်းထားလို့ ခေါင်းမှာ အနာတွေဖြစ်ပြီး လောက်တွေ ကျနေတာကို မဉ္ဇမ္ဘာသန်းတို့က လောက်တွေကို ထုတ်ပြီး ဆေးကုရပါတယ်။

အသက်သေတဲ့အထိ ခွပ်ရတဲ့ တိုက်ကြက်တွေကိုလည်း ကယ်တင်ထားပါတယ်။ သူတို့ဆီမှာ ဆိတ် ၁၈ ကောင်၊ ကျွဲ ၂ ကောင်၊ မြင်း ၂ ကောင်၊ ဝက် ၆ ကောင်၊ ဘဲ ၂၀၊ ယုန် ၁၅၊ ကြက် ၁၀၀၊ ငန်း ၂၊ လိပ် ၁၊ မျောက် ၁ ကောင် စသည်ဖြင့် တိရစ္ဆာန် ၁၃ မျိုး ရှိပါတယ်။ ကြောင်ကိုတော့ လက်မခံပါ။ ကြက်တွေကို ကိုက်မှာ စိုးရိမ်လို့ ဖြစ်ပါတယ်။ တိရစ္ဆာန်တွေကို ကျွေးမွေးစောင့်ရှောက်ဖို့ လုပ်သားတွေ ခန့်ထားပါတယ်။ စရိတ်ငြိမ်း အမျိုးသား တစ်လ ငါးသောင်း၊ အမျိုးသမီး သုံးသောင်း ဖြစ်ပါတယ်။ ကျွဲ ၈ ဦး၊ မ ၃ ဦး ရှိပါတယ်။ တိရစ္ဆာန်တွေကို ကြင်နာတတ်၊ ချစ်တတ်မှ လုပ်နိုင်မှာပါ။

လွန်ခဲ့တဲ့နှစ်က ဂျာနယ်တစ်စောင်မှာ "မေတ္တာစိမ့်စမ်း ဘေးမဲ့ဥယျာဉ်" သတင်းလေး ပါလာကတည်းက ဖြတ်သိမ်းထားပြီး ပုဂံညောင်ဦးကို ဘုရားဖူးသွားတဲ့အခါ ရောက်အောင် သွားပြီး လှူမယ်လို့ စိတ်ပိုင်းဖြတ်ထားခဲ့တယ်။ အဲဒီအချိန်က ညောင်ဦးက အနောက်ဘက်ကမ်းကိုကူးတဲ့ တံတားကြီး မပြီးသေးပါဘူး။ အခုအထိ ကျွန်မ မရောက်ရသေးပါဘူး။ ညောင်ဦးကနေ ပခုက္ကူအထိသွားရင် ၄၅ မိနစ်ပဲ ကြာတယ်လို့ သိရပါတယ်။ ကံအားလျော်စွာပါပဲ ကိုကျော်ဇောရဲ့ ၀၉-၄၇၂၁၄၀၇၉ ဆိုတဲ့ ဖုန်းနံပါတ်လေးပါလာလို့ အဆက်အသွယ်ရပြီး ပခုက္ကူ ကမ္ဘောဇောဏ်က တစ်ဆင့် တစ်လ တစ်သိန်း လှူဖြစ်နေတာ ငါးလလောက် ရှိနေပါပြီ။

လူချင်း မတွေ့ဖူးသေးပေမယ့် တယ်လီဖုန်းပြောရင်းနဲ့ပဲ မဉ္ဇာသန်းတို့နဲ့ ခင်မင်နေပြီး သူတို့ရဲ့ လုပ်ဆောင်ချက်တွေ၊ အခက်အခဲတွေကို သိလာရပါတယ်။ တိရစ္ဆာန်တွေ များလာတာနဲ့အမျှ အစာဖိုးကလည်း တက်လာပါတယ်။ နွားတွေအတွက် ကောက်ရိုး၊ ပဲဖတ်၊ နှမ်းဖတ်တွေ လိုက်ဝယ်ရပါတယ်။ မိုးခေါင်တဲ့အတွက် ကောက်ရိုးတွေ ရှားလာပါတယ်။ ကောက်ရိုးအစီး ၃၆၀ က ၃၆၀၀၀ ကျပ်နဲ့ ဓာတ်ဆီဖိုး ၂၀၀၀၀ တစ်ခေါက် တစ်ခေါက် ကုန်ကျပါတယ်။ ခွေးတွေအတွက် ဆန်ဖိုးကလည်း မနည်းပါဘူး။ မဉ္ဇာက ပေါင်မုန့်အကြမ်းတွေနဲ့ နို့ဆီဖျော်ပြီး တစ်နပ် ကျွေးပါသေးတယ်။ တခြား တိရစ္ဆာန်တွေ အစာဖိုးနဲ့ပေါင်းရင် တစ်လ တစ်လ သိန်း ၂၀ ကျော် ကုန်နေပါတယ်။ ပခုက္ကူဈေးထဲက ဟင်းသီးဟင်းရွက်တွေ လှူတဲ့အတွက် နေ့စဉ် ကားနဲ့ သွားသယ်ရပါတယ်။

သူတို့ဆီမှာ ထူးခြားတဲ့ တိရစ္ဆာန်လေးတွေ ရှိပါတယ်။ ခွေးမရဲ့ နို့ကိုစို့တဲ့ နွားလေး၊ မိသုခဆိုတဲ့ ခွေးလေးက ကားတိုက်ခံရပြီး တစ်ယောက်ယောက်က ကောက်လာပြီး ခြင်းလေးနဲ့ ခြံဝမှာ လာထားတဲ့အတွက် ဆေးကုပြီး မွေးထားပါတယ်။ အောက်ပိုင်းသေသွားလို့ အညစ်အကြေးကစပြီး ပြုစုပေးရပါတယ်။ ဝက်သတ်ရုံကို ဝက်တွေ သယ်အသွားမှာ ဝက်ကလေးတစ်ကောင် ကားပေါ်က ကျရစ်ခဲ့လို့ သူတို့ဆီ ရောက်လာပါတယ်။ ကျောပေါ်မှာ တံဆိပ်ရိုက်ပြီးသားပါ။ သေကံမရောက်လို့ ချမ်းသာရာရသွားပါပြီ။ နွားမတမ်းလေးက အသိဉာဏ်ရှိပါတယ်။ မဉ္ဇာက တစ်နေ့ နှစ်ခါ ဖက်ပြီးချော့မှ ကျေနပ်ပါတယ်။ မျက်လုံးလေးတွေက ခံစားတတ်ကြောင်း ပြနေပါတယ်။ နွားမကြီးက နွားလေးကို မွေးတော့ အချင်းမကျလို့ ဝေဒနာခံစားနေရပြီး နို့အစို့မခံပါ။ နွားလေးက အေးစက်နေလို့ မဉ္ဇာက ရင်ခွင်ထဲထည့်ပြီး စောင်ခြုံသိပ်ရပါတယ်။ အခုတော့ သူ့အမေရဲ့ နို့ကို စို့နိုင်သွားပါပြီ။

အခုအခါမှာ နွားတဲဆောက်ဖို့ လိုအပ်နေပါတယ်။ နွားတွေက ဂရုစိုက်ရကြောင်းနဲ့ သုံးရက်လောက်ဖျားရင် သေသွားနိုင်ကြောင်း သိရ

ပါတယ်။ အလှူရှင်တွေက အိမ်ကိုဖျက်ပြီး သစ်တွေ လှူထားပါတယ်။ အမိုးအကာ လိုအပ်နေကြောင်း ပြောပြပါတယ်။ သူတို့က နွားတွေလှူမယ် ဆိုရင် ဘယ်မြို့ကိုပဲဖြစ်ဖြစ် ကားနဲ့ သွားယူပါတယ်။ သူတို့ရဲ့ မေတ္တာ တရားကိုတော့ မချီးကျူးဘဲ မနေနိုင်ပါ။ အားမလျှော့ပါနဲ့။ စေတနာက အကျိုးပေးမှာပါလို့ အားပေးရပါတယ်။

မေတ္တာဆိုတာ သတ္တဝါတိုင်းအပေါ်မှာ ထားအပ်တာဖြစ်တဲ့အတွက် တိရစ္ဆာန်လေးများအပေါ်မှာလည်း မေတ္တာထားပြီး စာနာတတ်ကြပါစေ ကြောင်း ဝေမျှ ရေးပြလိုက်ရပါတယ်။

Popular News ဂျာနယ်၊ (၃) ရက်၊ အောက်တိုဘာလ၊ ၂၀၁၃။

❑

သတိရှိဖွယ် အသွယ်သွယ်

တစ်လောဆီက ကျွန်မတို့ မိသားစု ခရီးထွက်ဖြစ်ခဲ့ပါတယ်။ သားက ၇ ယောက်စီးကားလေး ဝယ်လိုက်လို့ မြင်းမူမြို့မှ ဆွေမျိုးများနဲ့လည်း တွေ့ရအောင်၊ ဘုရားစုံလည်း ဖူးရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်ပါတယ်။ စစ်ကိုင်းအထိရောက်မယ့် လမ်းသစ်ကြီးက သွားမှာ ဖြစ်ပါတယ်။ လမ်းသစ်မှာ မော်တော်ယာဉ် မတော်တဆမှုများ မကြာခဏ ဖြစ်ကြတဲ့အတွက် သားက သတ်မှတ်ထားတဲ့ နှုန်းအတိုင်း မှန်မှန်ပဲ မောင်းပါတယ်။ နေပြည်တော်လမ်းမှာ ကားအသွားအလာ များပါတယ်။ အရှိန်ပြင်းပြင်းနဲ့ မောင်းပြီး ကျော်တက်သွားကြပါတယ်။

တစ်နေရာမှာတော့ စူပါရုဖ်ကားလေးက ကျော်တက်သွားပြီး ခပ်လှမ်းလှမ်းမှာ ကားက တစ်ပတ်လည်ပြီး လမ်းဘေးကို ချော်ထွက်ပြီး ရပ်သွားပါတယ်။ လမ်းဘေးက မြေပြန့်ဖြစ်နေလို့ ဘာမှ မဖြစ်ပါဘူး။ ကျွန်မတို့ ကားကသာ အရှိန်များနေရင် ဝင်တိုက်မိမှာ အမှန်ပါပဲ။ သူတို့ နားကိုရောက်တော့ ကားဘီးက ကွဲထွက်သွားတာ တွေ့ရပါတယ်။ ကားနောက်မှာ အသက်ကြီးကြီး အမျိုးသမီးတစ်ယောက် ပါပါတယ်။ ကားမောင်းသမား သတိရှိလို့သာ ဘာမှ မဖြစ်တာပါ။

ဒီလိုလမ်းကို သွားမယ်ဆိုရင် ကားဘီးတွေ ကောင်းနေဖို့ လိုပါတယ်။ သားက ဘီးအသစ်တွေ လဲလာခဲ့ပါတယ်။ ၁၁၅ မိုင်မှာ နံနက်စာ

ဝင်စားကြတော့ ကားရပ်နားရာနေရာမှာ ဆိုက်မတူ၊ အမျိုးအစားမတူတဲ့ ဘီးတွေ တပ်ထားတဲ့ ကားတွေလည်း တွေ့ရပါတယ်။ ဒါဟာ သိပ်ကို အန္တရာယ်များပါတယ်။

အဝေးပြေး မှန်လုံကားတွေနဲ့ ခရီးသွားကြတဲ့အခါမှာ ယာဉ်မောင်းနှစ်ယောက်မထားဘဲ တစ်ယောက်တည်းမောင်းလို့ အိပ်ငိုက်ပြီး ကားမှောက်တာတွေလည်း ကြားဖူးပါတယ်။ ဦးပဉ္စင်း ဦးရေဝတ (သာသနာ့ပျိုးခင်း) တို့ မကြာခင်က တရားဟောဖို့ ခရီးသွားရာမှာ ကားသမားက အရက်တွေမူးပြီး တခြားကားနဲ့ ပြိုင်မောင်းတဲ့အတွက် ကြို့ပင်ကောက်မြို့မှာ လမ်းဘေးက စတိုးဆိုင်ကို ဝင်တိုက်ပြီး အိမ်ထဲကို ဝင်သွားပါတယ်။ သေတဲ့လူသေပြီး ဦးပဉ္စင်းနှစ်ပါးလည်း ထိခိုက်ဒဏ်ရာ ရကြပါတယ်။ ဦးပဉ္စင်းခေါင်းပေါက်ပြီး ခြောက်ချက် ချုပ်လိုက်ရပါတယ်။

ကျောက်မဲက ဆရာတော်တို့ စီးလာတဲ့ကားက ရှမ်းပြည်နယ်ဘက်မှာ ပေအတော်နက်တဲ့ ချောက်ထဲကို မှန်လုံကားကြီး ထိုးကျသွားပါတယ်။ ဆရာတော်က တင်ပါးဆုံရိုးနှစ်ဖက်ကျိုး၊ ဒူးခေါင်းရိုး နှစ်ဖက်လုံးကျိုးပြီး ခြေသလုံးကြွက်သားတစ်ဖက် ပျက်စီးသွားပါတယ်။ မသေကောင်း မပျောက်ကောင်းပါပဲ။

ဒီအဖြစ်အပျက်တွေဟာ Reckless လို့ခေါ်တဲ့ သတိကင်းမဲ့စွာ မဆင်မခြင်မောင်းလို့ ဖြစ်ပါတယ်။ ကားလမ်းတွေက သိပ်ကောင်းနေတော့ သတိမထားတော့ဘဲ အရှိန်ပြင်းပြင်းနဲ့ မောင်းကြလို့ပါပဲ။ အပြန်လမ်းမှာလည်း ကားအသစ်ကြီးတစ်စီး မှောက်ထားတာ တွန့်လိမ်ကြေမွနေတာ တွေ့ခဲ့ရပါတယ်။ သားအဖတွေ ကားအသစ်နဲ့ နေပြည်တော်အသွားမှာ ကားမှောက်ကြလို့ သားတစ်ယောက်နဲ့ ဖခင်တို့ ဆုံးသွားကြပါတယ်။ ကားအသစ်ကို အကြောင်းမသိဘဲ အရှိန်မြှင့်ပြီး မောင်းခဲ့ဟန် တူပါတယ်။

ဒီလို သတိနဲ့ မဆင်ခြင်မိလို့ အဖြစ်ဆိုးတွေနဲ့ ကြုံရတာ ကားလောကတစ်ခုတည်း မဟုတ်ပါဘူး။ ဘယ်လိုနယ်ပယ်မှာပဲဖြစ်ဖြစ် ဆင်ခြင်တုံတရားမရှိရင် မအောင်မြင်ဘဲ ရှုံးနိမ့်ကြရမှာပါပဲ။ အမွေရထားတဲ့ လူငယ်

တစ်ယောက် ကိုင်ပိုင်ဉာဏ်နဲ့ မစဉ်းစားဘဲ သူများက ကျောက်တူးပါလား ဆိုလိုက်ရင် မကျွမ်းကျင်ဘဲ လုပ်ဆောင်ရာက လူလိမ်ခံရပါတယ်။ ကွမ်းစိုက်တော့လည်း သဘောသဘာဝကို မလေ့မလာ၊ ဖိဖိစီးစီးလည်း မလုပ်ဘဲ အလုပ်သမားနဲ့ လွှတ်ထားတော့ သူများတွေ ကွမ်းစိုက်ပြီး ကြီးပွားနေတဲ့ အချိန်မှာ အရှုံးပေါ်ပြီး လုပ်ငန်းပျက်သွားပါတယ်။ ဆင်ခြင်တုံတရား ကင်းမဲ့တော့ အမွေတွေလည်း စားမကုန်ဘူးထင်ပေမယ့် အားလုံး ဆုံးရှုံးသွားပါတော့တယ်။

အခုအချိန်မှာ ဆယ်တန်းစာမေးပွဲကို အောင်ကြတဲ့ ကလေးတွေက ဘယ်ဘာသာရပ်ကို ရွေးမလဲဆိုတဲ့ လမ်းဆုံမှာ ရောက်နေကြပါတယ်။ အမှတ်မီတာနဲ့ ဝါသနာမပါတဲ့ ဆေးတက္ကသိုလ်ကို တက်မလား၊ အင်ဂျင်နီယာ မဖြစ်ချင်ဘဲနဲ့ မိဘကတိုက်တွန်းလို့ အင်ဂျင်နီယာကျောင်းကို တက်မလား၊ သူငယ်ချင်းနဲ့ အတူတူတက်ချင်လို့ သူယူတဲ့ ဘာသာရပ်ကိုလိုက်ပြီး ယူမလား၊ ဝိဇ္ဇာဘာသာရပ်ကို ဝါသနာပါပေမယ့် သိပ္ပံကမှ အလုပ်ရလွယ်လို့ ဝါသနာပါတာကို စွန့်မလား၊ အသက်ကလည်း (၁၆) နှစ်ကျော်ကျော် ဆိုတော့ လေးလေးနက်နက် မဆင်ခြင်တတ်သေးတဲ့အတွက် မှားသွားနိုင်ပါတယ်။ ဘဝလမ်းဖြောင့်အောင် သတိရှိရှိနဲ့ ရွေးချယ်တတ်ဖို့က အဓိကပါပဲ။

ကျွန်မရဲ့ မြေးတစ်ယောက်က ဉာဏ်ကောင်းပါတယ်၊ အခု ၁၂ တန်းအောင်ပြီးလို့ နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှာ တက်ရတော့မှာပါ။ သူ့ဖခင်က အင်ဂျင်နီယာဖြစ်ပြီး စက်ပစ္စည်းဆိုင်ရာ ကုမ္ပဏီတစ်ခု တည်ထောင်ထားပါတယ်။ အင်ဂျင်နီယာဖြစ်စေချင်ပေမယ့် သူက ဝါသနာ မပါပါ၊ Computer Science လိုင်းကလည်း မလိုက်ချင်ပါဘူး၊ သူဝါသနာပါတာက Music (ဂီတ)ပါတဲ့။ သူ လျှောက်လိုက်တဲ့ တက္ကသိုလ် Boston က North Eastern College မှာ သူလိုချင်တဲ့ ဂီတဘာသာရပ်နဲ့ တက်ခွင့်ရပါတယ်။ သူရွေးချယ်တဲ့ အသက်မွေးဝမ်းကျောင်းပညာလမ်း ဖြစ်တဲ့အတွက် ထူးချွန်အောင် ကြိုးစားဖို့ပဲ လိုအပ်ပါတယ်။

ခရီးသွားတဲ့အခါ သူဟာ ဘယ်လိုအရပ် ဘယ်လိုဒေသကို သွားမယ်ဆိုတဲ့ ရည်မှန်းချက်ရှိတယ်။ အဲဒီရည်မှန်းချက်အတိုင်း မဆုတ်မဆိုင်းဘဲ မရပ်မနားသွားတဲ့အခါ သွားလို ရောက်လိုတဲ့ ပန်းတိုင်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရပါတယ်။ လမ်းတစ်လျှောက်မှာတော့ အခက်အခဲအဟန့်အတား မရှိရအောင် သတိလက်မလွတ်စေဘဲ ဆင်ခြင်တုံတရားကို လက်ကိုင်ထားပြီး သွားရမှာ ဖြစ်တယ်။

တရားသဘောနဲ့ ကြည့်မယ်ဆိုရင် လူသွားလမ်း သုံးလမ်း ရှိပါတယ်။ လောဘဦးဆောင်ပြီး ရသမျှ ဖြုန်းပစ်တဲ့လမ်း၊ ဒေါသဦးဆောင်ပြီး ရှိသမျှ နှိပ်စက်နေတဲ့လမ်း၊ သတိဉာဏ်ဦးဆောင်ပြီး ရသမျှ အဖိုးတန်အောင် အသုံးချနေတဲ့လမ်း ဖြစ်ပါတယ်။

ယောဆရာတော်ဘုရားက လောဘလမ်းဆိုတာ နေပူတော့ ဖုန်ထူ၊ မိုးရွာတော့ ဗွက်ထတဲ့လမ်းနဲ့ တူတယ်။ သွားရင်း သွားရင်း မြေပ်တတ်တယ်၊ ဒေါသလမ်းကြောင်းက ကျောက်တုံးကျောက်ခဲ ကျောက်စရစ်တွေ ဆူးတွေ ခလုတ်တွေပေါတဲ့ လမ်းဆိုးနဲ့တူတယ်။ သွားရတာ အလွန်ဆင်းရဲတယ်။ သတိဉာဏ်လမ်းကြောင်းဆိုတာ ခိုင်မာညက်ညောစွာခင်းထားတဲ့ နိုင်လွန်ကတ္တရာလမ်းနဲ့တူတယ်၊ မြေပ်လည်း မမြေပ်ဘူး၊ ခလုတ်လည်း မတိုက်ဘူး၊ သွားသလောက် ငြိမ်းချမ်းတယ်လို့တောင် ဟောတော်မူပါတယ်။

ဒါကြောင့် လမ်းအသွယ်သွယ်ရှိတဲ့အထဲက ဖြောင့်ဖြူးညက်ညောတဲ့လမ်းကို ရွေးချယ်ပြီး သတိရှိရှိနဲ့ ခရီးနှင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

သာသနာ့ဟိုးခင်း။

နေညီရင် ငါတို့ ခွဲရမယ်

မကြာခဏ ကြားနေရတဲ့ သီချင်းထဲက စာသားလေးဖြစ်တဲ့ "နေညီရင် ငါတို့ ခွဲရမယ်၊ အချိန်တွေကို ရပ်ဆိုင်းထားချင်လည်း ပြင်ဆင်နိုင်စွမ်း မရှိလေသော ဘဝတွေကို" ဆိုတာကို ကျွန်မ တရားသဘောနဲ့ တွေးကြည့်မိပါတယ်။ ဆိုလိုရင်းကတော့ ချစ်သူနှစ်ယောက် ခွဲရတော့မှာဖြစ်လို့ နေမဝင်ပါနဲ့ဦးလို့ အချိန်ကို ပြင်ဆင်ချင်ပေမယ့် ပြင်ဆင်နိုင်စွမ်း မရှိပါဘူးလို့ ဖြစ်ချင်တာလေးကို ဖော်ပြသွားတာပါပဲ။

မလွဲမသွေ ကြုံရမယ့် သေခြင်းတရားကို မပြတ်ဆင်ခြင်တတ်နေတဲ့ ကျွန်မအတွက်ကတော့ "နေညီရင် ငါတို့ ခွဲရမယ်" ဆိုတာကို သဘောပေါက်နေမိပါတယ်။ သူငယ်ချင်းကိုးယောက် ဆုံတဲ့အခါ ကျွန်မတို့အသက်တွေက လူသက်တမ်းအရ ဂိတ်ဆုံးနေပြီဖြစ်လို့ နေဝင်တော့မယ်လို့ ပြောတာထက် နေဝင်နေပြီလို့ သဘောပေါက်ကြပြီး လုပ်စရာတွေ မြန်မြန်ပြင်ဆင်ကြဖို့၊ ချစ်ချစ်ခင်ခင်နေကြဖို့ သတိပေးကြရပါတယ်။ နောက်တစ်ခါဆုံရင် ဘယ်သူ လျှောသွားမလဲဆိုတာကိုလည်း ဆင်ခြင်ထားကြပါတယ်။ ရိပ်သာအမြဲဝင်ပြီး အားထုတ်တဲ့သူတွေ၊ သီလရှင်ဝတ်တာ သုံးနှစ်ကျော်နေတဲ့ သူငယ်ချင်း၊ နေ့စဉ် ရှစ်ပါးသီလဆောက်တည်ပြီးနေတဲ့ သူငယ်ချင်း၊ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ပြီး ဖုန်းဆက်တိုင်း ဘုရားခန်းထဲမှာ တရားထိုင်နေတယ်လို့ ကြားရတဲ့ သူငယ်ချင်း၊ အေးချမ်းစွာနဲ့ ကျန်ရှိတဲ့အချိန်တွေကို ကျော်ဖြတ်နေတဲ့ သူငယ်ချင်းတွေကို ကျွန်မ ဂုဏ်ယူပါတယ်။

ကျွန်မတို့အတွက် မနက်ဖြန်ဆိုတာ မသေချာပါဘူး၊ ပြုသင့်ပြုထိုက်တဲ့ ကိစ္စမှန်သမျှကို အချိန်အခါ မရွှေ့နဲ့လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ သေမင်းက ရုတ်တရက် ချက်ချင်း အချိန်မရွေး လာရောက်မယ်ဆိုရင် အဆင်သင့်မဖြစ်မှာစိုးလို့ သတိပေးတော်မူခဲ့တာ ဖြစ်ပါတယ်။ ဟုတ်ပါတယ်၊ အချိန်မရွေး၊ နေရာမရွေးပါပဲ။ အရှင်ပညိဿရ ဟောတော်မူတဲ့ "မဟာဓနဝါဏိဇ" ကုန်သည်ကြီးအကြောင်းဖြစ်တဲ့ "မနက်ဖြန်ဆိုတာ မသေချာ" ဆိုတဲ့ တရားစာအုပ်လေးကို အနားမှာထားပြီး မကြာခဏ ဖတ်နေရပါတယ်။

နေညီချိန်မရောက်သေးပေမယ့် မနက်ဖြန်ဆိုတာ အသာထား မိနစ်ပိုင်းလေးတောင် စိတ်မချရဘဲ ကျွန်မသမီးလေးလို ချစ်ခင်ရတဲ့ အသက် ၅၄ နှစ်ပဲ ရှိသေးတဲ့ ယုယုခင်တစ်ယောက် ဘယ်သူမှ မျှော်လင့်မထားတဲ့အချိန်မှာ ရုတ်တရက် ကွယ်လွန်သွားခဲ့ပါတယ်။ သူက သူ့ပတ်ဝန်းကျင်လောကအတွက် တန်ဖိုးရှိသူလေး ဖြစ်ပါတယ်။ ကျွန်မကို စာရေးမိတ်ဆက်လာတာ (၇) နှစ်ကြာတဲ့အခါမှာ သန့်ရှင်းခိုင်မာတဲ့ မေတ္တာကို အပြန်အလှန်ထားခဲ့ကြပါတယ်။ သူက လုပ်ငန်းတစ်ခုကို ဦးစီးလုပ်ကိုင်ပြီး တိုးတက်အောင်ကြိုးစားနေပါတယ်။ မိခင်အိုကြီးကို လိုလေသေးမရှိ ပြုစုလုပ်ကျွေးနေသူပါ။ မိခင်ကြီး စိတ်ချမ်းသာအောင် တစ်လ ငွေတစ်သိန်း ကန်တော့ပါတယ်။ မိတ်ဆွေ သူငယ်ချင်းတွေအပေါ်မှာလည်း တာဝန်ကျေပါတယ်။ မကျန်းမာလို့ ဆေးရုံတက်ရတဲ့ သူငယ်ချင်းတွေကို မပြတ်သွားပြီး အားပေးပြုစုတတ်ပါတယ်။ ကျန်းမာရေးကို သူ့လောက် ဂရုစိုက်တာ မမြင်ဖူးသေးပါဘူး။

မနက် (၄) နာရီဆိုရင် ကန်တော်ကြီးအထိ ပြေးပါတယ်။ ညနေရုံးဆင်းတာနဲ့ Gym မှာ လေ့ကျင့်ခန်းလုပ်ခဲ့တာ ကိုယ်အလေးချိန် ပေါင် ၁၂၀ ကို (၈) နှစ်တိုင် ထိန်းထားနိုင်ခဲ့ပါတယ်။ သက်လုံ အလွန်ကောင်းတဲ့ မိန်းကလေးပါ။ ရုပ်ရည်ကြည်လင်ပြီး ရှင်လန်းနေတဲ့အတွက် အသက်ကို မေးရင် (၃၀) ကျော်လောက်ပဲ ထင်ရပါတယ်။ ထူးခြားတာကတော့ နုပျိုပြီး ချိုအေးတဲ့ အသံလေးပါပဲ။ ဖုန်းထဲကဆိုရင် ၂၀ ကျော်အရွယ်အသံလို့ ထင်ရပါတယ်။

သူ တရားနာပုံကလည်း အားကျစရာပါပဲ။ မနက် ချက်ပြုတ်လုပ်ကိုင်နေတဲ့အခါ တရားကိုဖွင့်ထားပြီး နာပါတယ်၊ ရုံးမှာလည်း တရားခွေကို ဖွင့်ထားပါတယ်။ ညမအိပ်ခင်လည်း တရားတစ်ပုဒ် မှန်မှန်နာပါတယ်။ စာဖတ်အားလည်း ကောင်းပါတယ်။ အိတ်ထဲမှာ စာအုပ်တစ်အုပ် အမြဲထည့်ထားပြီး စောင့်ရတဲ့အချိန် ငါးမိနစ်ဖြစ်စေ ဆယ်မိနစ်ဖြစ်စေ စာအုပ်ဖတ်နေတတ်ပါတယ်။ ညဆိုရင် ပင်ပန်းလို့ ဘယ်လောက်ပဲ အိပ်ချင်နေပါစေ၊ နာရီဝက်လောက် စာဖတ်ပြီးမှ အိပ်ပါတယ်။ လှုပ်ရှားနေရာမှာ ရဟန်းတော်များကိုဖြစ်စေ၊ တခြားသူတွေကိုဖြစ်စေ လိုအပ်တာတွေကို စဉ်းစားပြီး စုံလင်အောင် လှုပ်ပါတယ်။ သူ့ရဲ့ ချစ်စရာကောင်းတဲ့ လုပ်ဆောင်ချက်လေးတွေကို ကျွန်မ ဆောင်းပါးတွေထဲမှာ ရေးပြဖူးပါတယ်။ ကျွန်မရဲ့ မွေးနေ့တိုင်းနဲ့ ဝါကျွတ်တိုင်း ကောင်းနိုးရာရာပစ္စည်းတွေနဲ့ လာပြီး ကန်တော့ပါတယ်။

ကျွန်မစာရေးဖို့ ဗလာစာအုပ်တွေနဲ့ ကျွန်မရေးတတ်တဲ့ ဘော(လ်)ပင်အမျိုးအစားကို ရှာဖွေဝယ်ပြီး ပေးလေ့ရှိပါတယ်။ ရှိပါသေးတယ်ပြောပေမယ့် "ဒေါ်လေးစာရေးရင်း ပြတ်သွားမှာစိုးလို့ပါ" လို့ ပြောပြီး ပို့နေလို့ အခု သူဆုံးသွားတော့ အထုပ်လိုက် အထုပ်လိုက် ရှိနေလျက်ပါ။ သတိရစရာလေးတွေပါပဲ။ ကျွန်မနဲ့ပတ်သက်ပြီး ဒေါက်တာဦးလူမော်ကို သိကျွမ်းပြီး အဖေလို ဦးလေးလို ချစ်ခင်လေးစားသွားပါတယ်။ ဖြူစင်ရိုးသားသွက်လက်တဲ့ ယုယုကို သူတို့ တစ်အိမ်သားလုံး ချစ်ခင်ကြလို့ မိသားစုတွေလို ဖြစ်နေကြပါတယ်။

လွန်ခဲ့တဲ့ သုံးပတ်လောက်ကတော့ "ဒေါ်လေးရေ၊ သမီးတော့ အိပ်ရာပေါ်မှာ နေနေရပြီ" လို့ ပြောလာပါတယ်။ ချော်လဲထားတာကို ဂရုမထားဘဲ လမ်းတွေလျှောက်၊ လေ့ကျင့်ခန်းတွေ လုပ်မြဲလုပ်နေတာ သိပ်နာလာမှ သမားတော်ကိုသွားပြတော့ ဒူးခေါက်ကွေးက အရွတ်စုတ်သွားလို့ လမ်းမလျှောက်ဘဲ နှစ်လလောက် နားနေရမယ်လို့ ညွှန်ကြားပါတယ်။ ဇယ်စက်သလို လှုပ်ရှားသွားလာနေတဲ့ ယုယု အိပ်ရာပေါ်မှာ နားနေတာကို မြင်ယောင်ကြည့်လို့ မရပါဘူး။

တစ်ပတ်လောက်နေတော့ အရမ်းမောလာလို့ ဦးလူမော် သွားကြည့်ပြီး ဆေးတွေ ပြင်းတာတွေလို့ ဆေးပြောင်းပေးပြီး အားရှိအောင် အားဆေးတွေ ထိုးပေးရပါတယ်။ ကျွန်မကို သူက လာမကြည့်ပါနဲ့ လူက ဘာမှ ဖြစ်တာမှ မဟုတ်ဘဲ နေကောင်းနေပါတယ်ဆိုလို့ ဖုန်းနဲ့ပဲ မေးနေရပါတယ်။ နောက်တော့ ခြေထောက်လေးရောင်လာလို့ ဦးလူမော်က "ကုမုဒြာ" ဆေးခန်းကို ပြောင်းပြပေးတော့ လေ့ကျင့်ခန်း လုပ်ရပြီး သက်သာတယ်၊ အရောင်လည်း ကျသွားပြီလို့ ဆိုပါတယ်။

(၁၁-၆-၂၀၁၃) မနက် စောစောမှာတော့ ဦးလူမော်က ဖုန်းဆက်ပြီး စောစောကပဲ ယုယု ဆုံးသွားပြီ၊ သူနဲ့ ၆:၁၅ က ဖုန်းပြောသေးတယ်၊ ဆေးခန်းပြမယ်ရက်ဖြစ်လို့ သတိပေးတော့ "ကားမှာထားပြီးပြီ၊ ညနေမှာလည်း သမီးတော်တစ်ဦးနဲ့ပြဖို့ စီစဉ်ပြီးပြီ" လို့ ဖြေပါတယ်။ နေကောင်းရဲ့လားလို့မေးတော့ "ကောင်းပါ့၊ ကောင်းပါ့၊ ဒီနေ့ ပိုပြီး နေရတာ ကြည်လင်တယ်" လို့ သူပြောနေကျအတိုင်း ရွှင်ရွှင်လေး ပြောပါသေးတယ်တဲ့။ ဒါနဲ့ ရေချိုးခန်းဝင်ပြီး လဲကျတော့ ပွေ့ပြီး အိပ်ရာပေါ်ကို ချလိုက်တဲ့အခါ အသက် မရှိတော့ပါဘူးတဲ့။ ကျွန်မတို့ ရောက်သွားတော့ ဖျာလေးပေါ်မှာ အိပ်နေတဲ့အတိုင်းပါပဲ။ အမြဲ သွက်လက်သွားလာနေတတ်တဲ့သူကို ဒီလိုမြင်ရတော့ "ဖြစ်ရလေ ယုယုရယ်၊ အမေအိုကြီးကို ထားသွားပြီပေါ့၊ ဒေါ်လေးတို့ အိုကြီးအိုမတွေရဲ့အရင် ဆိုင်းမဆင့် ဇုံမဆင့်ဘဲ သွားလိုက်တာပါလား" လို့ ယူကျုံးမရ ဖြစ်ရပါတော့တယ်။

မနက်ကမှ စကားပြောလိုက်ရသေးတဲ့ ဦးလူမော်က ပိုပြီး စိတ်ထိခိုက် ပါတယ်။ နေ့ချင်းသင်ကြိုဟ်တဲ့အတွက် လိုက်ပို့ကြပြီး "မနက်က အသက်ရှင် နေသေးတဲ့ ယုယု အခု ညနေစောင်းတော့ ပြာဖြစ်သွားပြီ၊ စိတ်ထားကောင်း ပြီး တာဝန်ကျေတဲ့သူမို့ ကောင်းရာသုဂတိကို လားရင်လည်း ခန္ဓာရဉ်းမှာမို့ ဒုက္ခနဲ့ ကြုံဉီးမှာပဲ၊ သံသရာမှာ ပြေးပေဉီးတော့ ယုယုခင်ရေ" လို့ ဦးလူမော်ကပြောတော့ သံဝေဂယူကြရပါတယ်။

ယုယုပေးတဲ့ လက်ဆောင်လေးတွေနဲ့ စာအုပ်တွေထဲမှာ ကတ်ပြား

လေးတွေနဲ့ ဆုတောင်းစာလေးတွေ ရေးထားတာတွေ ပါလာတတ်ပါတယ်။ သူက ပန်းချီလည်း ဆွဲတတ်ပါတယ်။

"ဒေါ်လေး ဘဝတစ်လျှောက်လုံး သာသနာ့အကျိုးကို ကျွန်းမာစွာနဲ့ ထမ်းရွက်နိုင်ပါစေ"

"ဘယ်လိုအာရုံမျိုးနဲ့တွေ့တွေ့ ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတတ်တဲ့သူ ဖြစ်ပါစေ"

"ငြိမ်းအေးပြီး လူတွေကို အသိဉာဏ်လေးတွေ တိုးစေတဲ့ စာလေးတွေ ရေးတဲ့ ဒေါ်လေးဖို့"

"တရားလေးတွေနဲ့ ပျော်မွေ့တဲ့ ဒေါ်လေး ဘဝတစ်လျှောက်လုံး ချမ်းမြေ့ပါစေ"

မေတ္တာရှင်လေး ယုယုနဲ့ လူ့ဘဝမှာ ခဏလေးလာပြီး ဆုံရ ကြေ့ရတယ်။ တကယ်တော့ ပေါင်းဆုံတွေ့ကြေ့ရတာ ကွဲရဖို့၊ ခွဲရဖို့ပါပဲ။ ဆင်ဖြူတောင်ဆရာတော်က တွဲသမျှဟာ ကွဲရမှာချည်းပါပဲ။ ဒါကိုသိပြီး အသိဉာဏ်ဝင် ဆင်ခြင်ရမယ်လို့ မိန့်ပါတယ်။

တွဲလေသမျှ ကွဲကွေရ
မုချ အမြဲသိ။
တွဲလေသမျှ ခွဲနေရ
မုချ အမြဲသိ။
တွဲရင် ကွဲမှာ မလွဲပါ
ဖြေပါ တရားရှိ။
တွဲရင် ခွဲမှာ မလွဲပါ
ဖြေပါ တရားရှိ။

ကလျာမဝ္ဌင်း၊ သြဂုတ်လ၊ ၂၀၁၃။

❑